www.burmeseclassic.com

# မဟာဆန္ဒ

ဆား ပု လာင်း နှင်းမောင် နှင့်

မြေလျှိုးမိုးပျံဒီဇွန်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၀၇၂၉၀၆၀၆
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၇၈၂၀၆၀၇

**ပုံနှိပ်ခြင်း**

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၅၀ ကျပ်

**ထုတ်ဝေသူ**

ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေ။

**အဖုံးပန်းချီ**

ဦးကောင်းစံ

**အဖုံးပုံနှိပ်သူ**

ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**အတွင်းပုံနှိပ်သူ**

ဦးညွန့်ဝေ
ပြုံးပန်းတစ်ရာပုံနှိပ်တိုက်
၃၉၊ ကွင်းကျောင်းလမ်း၊ အလုံ၊ ရန်ကုန်မြို့။

© ပြုံးပန်းတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com





# မင်းသိင်္ခ

# ဆရာပုလင်းနှင်းမောင်

# နှင့်

# မြေလျှိုးမိုးပျံဒိဗ္ဗနိ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဆားပုလင်းနှင်းမောင်နှင့် မြေလျှိုးမိုးပျံဒီဗွန်

## အခန်း (၁)

### ဆားပုလင်းနှင်းမောင်ပြောသော နာမည်ဆိုးအကြောင်း

တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီရုံးရှိ ကျွန်ုပ်၏ ရုံးခန်းအတွင်း၌ ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်နှင့်အတူ ရောက်တတ်ရာရာစကားများ ပြောဆိုနေကြလေ၏။ ကျွန်ုပ်တို့၏ စကားဝိုင်းတွင် ရာဇဝတ်လောကတွင် 'လက်ဝါး' ဟု နာမည်ကြီးလှသော လက်ဝါးဦးကိုကိုကြီးဆိုသူ၏ထောက်အရာရှိတစ်ဦးလည်း ပါ၏။

အပြင်ဘက်တွင် မိုးသည် စွေ၍ ရွာနေသောကြောင့် ရုံးတက်၍ အလုပ်လုပ်ရသည်မှာ ပျင်းရိဖွယ်ကောင်းလှတော့၏။ အခါတိုင်းဆိုလျှင် နေ့ခင်းဘက်လက်ဖက်ရည်သောက်ချိန်၌ ရုံးကြီးဘက်သို့ လျှောက်သွားကာ နွားနို့နှင့်ဖျော်သော'ကာကာ'လက်ဖက်ရည်ဆိုင်တွင် ဝိုင်းဖွဲ့ထိုင်တတ်ကြသော်

www.burmeseclassic.com

လည်း ယခုမှ မိုးရွာနေသောကြောင့် မသွားဖြစ်တော့ဘဲ ကျွန်ုပ်၏ ရုံးခန်း၌သာပင် စကားစမြည် ပြောဆိုနေကြလေ၏။

ကျွန်ုပ်တို့ ပြောဆိုနေကြသော စကားများသည် လမ်းကြောင်း တစ်ခုမှ တစ်ခုသို့ ပြောင်း၍သွား၏။ အစပိုင်းတွင် ရွှေတိဂုံဘုရားအကြောင်းကို ပြောဖြစ်ကြ၏။ ထို့နောက်တွင် ကုလားလူမျိုးများအကြောင်းကို ရောက်သွား၏။ ထိုမှတစ်ဖန် မီးရထားဘူတာရုံများအကြောင်း ရောက်သွား၏။ ဘူတာရုံအကြောင်းမှ ဟစ်တလာ၏ စစ်တပ်အကြောင်း ရောက်သွားပြန်၏။

ထိုမှတစ်ဖန် မော်တော်ကားများအကြောင်း ရောက်သွားပြန်၏။ မော်တော်ကားများအကြောင်းမှတစ်ဖန် ရာဇဝင်လူဆိုးတို့ မှည့်လေ့ရှိသော နာမည်များအကြောင်းသို့ ရောက်သွားပြန်၏။

ဦးကိုကိုကြီးသည် သူ၏ ကြီးမားလှသော လက်ဝါးကြီးနှစ်ခုကို ပွတ်ရင်း –

“အိုင်ဆေး ကိုနှင်းမောင်၊ လူမိုက်တွေ လူဆိုးတွေရဲ့ နာမည်က ခပ်ဆန်းဆန်းပဲဗျ ...၊ ဗိုလ်တထောင်က မားငမိုးတဲ့၊ အနောက်ပိုင်းက မားဖိုးဆင်တဲ့ ...၊ လမ်းမတော်က ဖိုးတုတ်တဲ့ ...၊ အဲဒီ မှာ ကြည့်စမ်းပါဦး၊ ငမိုးရယ်၊ ဖိုးဆင်ရယ်၊ ဖိုးတုတ်ရယ် နာမည်တွေက တစ်လုံးတည်းချည်းပဲဗျ၊ ကျုပ်ကတော့ နားမလည်ပါဘူးဗျာ၊ အထင်နဲ့ပြောတာပါ ...၊ အဲဒီလို နာမည်မျိုးတွေ မှည့်မိလို့များ ဆိုးမိုက်ကုန်ကြတာလား မပြောတတ်ဘူးဗျာ..” ဟု ဆိုလေ၏။ ကျွန်ုပ် သည် မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင် မည်သို့မည်ပုံ ပြန်၍ဖြေဆိုမည်ကို စိတ်စော၍ နားစွင့်နေမိလေ၏။

ဆားပုလင်းနှင်းမောင်သည် ‘ဂလေဇီယာ’ခေါ် ရေခဲသေတ္တာတံဆိပ် စီးကရက်တစ်လိပ်ကိုထုတ်၍ စီးကရက်ဘူးပေါ်တွင် စီးကရက်ကို တံခေါက်

www.burmeseclassic.com

www.burmeseclassic.com



ခေါက် ခေါက်လိုက်၏။ ပြီးလျှင် ထိုစီးကရက်ကို နှုတ်ခမ်းဖျားတွင် တေ့ကာ မီးခြစ်ကို 'ထောက်'ခနဲ ခြစ်လိုက်၏။ ထို့နောက် မီးတောက်ကို မျက်လုံးစွေ၍ ကြည့်လိုက်၏။ ပြီးမှ မီးတို့လေ၏။ ပြီးလျှင် မီးခိုးများကို ရှိုက်ထားပြီး ပါးစပ်ကို ဟလိုက်ရာ မီးခိုးသည် ဝလုံးပုံသဏ္ဍာန်လေးများဖြစ်၍ ပါးစပ်မှ ထွက်သွား၏။ ထိုသို့ မီးခိုးများကို မှုတ်ထုတ်ပြီးနောက် –

"ဒီလို ဦးကိုကိုကြီးရဲ့ ...၊ အခု ခင်ဗျားပြောတဲ့ နိုင်ငံကျော် လူမိုက်ကြီးသုံးယောက်ရဲ့နာမည်ဟာ အဆန်းတကြယ်တော့ မဟုတ်ပါဘူးဗျ ..၊ ကျုပ်တို့မြန်မာလူမျိုးတွေ မှည့်လေ့မှည့်ထရှိတဲ့ နာမည်မျိုးတွေပါပဲ ...၊ ကျုပ်တို့လူမျိုးကလည်း နာမည်မှည့်တဲ့နေရာမှာ အရမ်းကာရော မှည့်လေ့တော့မရှိဘူးဗျ ...၊ စနစ်နဲ့မှည့်တာပါ" ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

"ဘယ်လိုစနစ်လဲ ကိုနှင်းမောင်ရဲ့ ..." ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က –

"ကျုပ်တို့လူမျိုးနာမည်မှည့်တဲ့စနစ်က နာမည်ကြားရုံနဲ့ နာမည်ရှင်ရဲ့ မွေးတဲ့နေ့ဟာ ဘာနေ့လဲ သိအောင်လုပ်ထားတာဗျ၊ ခုဟာကဗျာ ... ဦးကိုကိုကြီးဆိုရင် တနင်္လာသားဆိုတာ သိပြီးသား ပဲ ...၊ 'က ခ ဂ ဃ င' နဲ့ စထားတာကိုး၊ ဦးအောင်သင်းဆိုရင် တနင်္ဂနွေနေ့သားဗျာ ...၊ 'အ' အသံထွက်နဲ့ စထားတာကိုး၊ ဟိုဘက်ခန်းက ကိုတင်ဝင်းဆိုရင် စနေသားဗျာ ...၊ 'တ ထ ဒ ဓ န' နဲ့ မှည့်ထားတာကိုး ...၊ ကျုပ်တို့လူမျိုးတွေဟာ အဲဒီလိုစနစ်နဲ့ မှည့်ထားတာဗျ ...၊

ကျုပ်တို့ရဲ့ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်ကတော့ 'အ' ကြီးအသံထွက်နဲ့ စထားပေမဲ့ တနင်္လာသားတော့ မဟုတ်ပေဘူးဗျ ဆော



www.burmeseclassic.com

www.burmeseclassic.com

တိုမှာလုပ်နေတဲ့ မာလီကုလား အီဗရာဟင်ကလည်း 'အ'အသံ ထွက်နဲ့ စကားပြောမဲ့ တနင်္ဂနွေသားတော့ မဟုတ်ပေဘူးဗျ။ နာမည် ကြားလိုက်တာနဲ့ ဘာနေ့သားလို့သိအောင် လုပ်ထားတာက ကျုပ်တို့ လူမျိုးတစ်မျိုးတည်းရှိတယ်၊ ကျန်တဲ့လူမျိုးတွေမှာ အဲဒီလိုစနစ်ရှိတယ် လို့ ကျုပ်ဖြင့် မကြားဖူးဘူးဗျ . . .'' ဟု ပြောလေ၏။ ထိုအခါ လက်ဝါး ဦးကိုကိုကြီးက –

''ဟုတ်ပါ့ ကိုနှင်းမောင်ရယ် . . .၊ ခင်ဗျားပြောမှပဲ စဉ်းစားမိတော့တယ် . . .'' ဟု ဝန်ခံလေ၏။ ထိုအခါ ကျွန်ုပ်က –

''ကျုပ်နဲ့ ငယ်သူငယ်ချင်း ဘောကြီးဆိုတဲ့ကောင် ရှိတယ်ဗျ၊ ကျုပ်တို့မြို့ရဲ့ ကမ်းနားဆိပ်မှာ ဆိပ်ခံဘောတံတားကြီး စပြီးတည်တဲ့ နေ့မှာ ဒီကောင့်ကို မွေးတာ . . .၊ အဲဒါကြောင့် သူ့ကို ချစ်စနိုးနဲ့ 'ဘောကြီး . . .ဘောကြီး . . .' လို့ ခေါ်ကြတာ . . .၊ ဘောဆိုတာ 'ပ ဖ ဗ ဘ မ' ကြာသပတေးသားဖြစ်ရမှာပေါ့ဗျာ . . .၊ မဟုတ်ဘူးလား ကိုနှင်းမောင် . . .'' ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်း နှင်းမောင်က ပြုံးလေ၏။

''ဒီလိုရှိတယ် အိုင်ပီရဲ့ . . .၊ နာမည်မှာက အမျိုးအစား လေးမျိုးရှိတယ် . . .၊ (တစ်) အကြောင်းတရားကြောင့် မှည့်ရတဲ့ အမည်မျိုး၊ ဘောကြီးတည်တာကို အကြောင်းပြုပြီး အမည်ရခဲ့တဲ့ ကိုဘောကြီးလိုဟာမျိုး၊ မဟာသြသနေတ်ဆေးကို ကိုင်လျက်သား မွေးလာတာကြောင့် မဟောသဓလို့ အမည်တွင်တာမျိုး၊ အဲဒီလိုနာ မည်မျိုးတွေက အကြောင်းတရားနာမည်မျိုးတွေဗျ။ နံပါတ် (နှစ်) ကိုယ့်ရဲ့သားလေးကို ထွန်းတောက်စေချင်တဲ့အတွက် မောင်ထွန်းတောက်လို့ မှည့်တာမျိုး၊ ကိုယ့်ရဲ့သမီးလေးကို အညွန့်တလူလူ တက်စေချင်တဲ့အတွက် 'မညွန့်'လို့ မှည့်တာမျိုး၊ ဒါက အကျိုးတရားကို လိုချင်လို့ အကျိုးတရားကို ဖော်ပြပြီးမှည့်တဲ့ အကျိုး



www.burmeseclassic.com


www.burmeseclassic.com



တရားနာမည်ဗျ . . . ၊

နံပါတ် (သုံး) ခေါ်လို့ရရုံသက်သက် မှည့်တဲ့နာမည်မျိုးလည်း ရှိသေးတယ်၊ ဥပမာဗျာ . . . သာဒင်ဆိုတဲ့နာမည်မျိုးဟာ အကျိုးတရားလည်း မပါဘူး၊ အကြောင်းတရားလည်း မပါဘူး၊ ခေါ်ရုံသက်သက်ခေါ်လို့ရအောင် မှည့်ထားတာ . . . ၊ နံပါတ် (လေး) နှိမ်ပြီးမှည့်ထားတဲ့နာမည်မျိုးဟာ လူကို တိရစ္ဆာန်နဲ့ နှိုင်းပြီးမှည့်ထားတာမျိုး . . . ၊ ငခွေးတို့၊ ခွေးမတို့၊ ဝက်မတို့၊ ကြွက်သိုးတို့၊ ငကျွဲတို့ . . . အဲဒီလိုနာမည်မျိုးလည်း ရှိသေးတယ်ဗျ . . . ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့မြန်မာလူမျိုးတွေရဲ့နာမည်ကို အဲသလို အမျိုးအစား လေးမျိုးနဲ့ ခွဲခြားထားလို့ ရတယ်ဗျ''ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မှတ်သားဖွယ်ကောင်းသောကြောင့် မှတ်စုစာအုပ်တွင် ရေးမှတ်ထားလိုက်လေတော့သတည်း။

၁၂၃၄၅၆၇၈၉





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂)

## မြည်းသတ္တဝါလို ဗိုက်မြည်းနေတဲ့ ကျွန်ုပ်တို့လူစု

ကျွန်ုပ်သည် အင်းစိန် စီအိုင်ဒီရုံးရှိ ကျွန်ုပ်၏ရုံးခန်းအတွင်း၌ လစဉ်ရေးရန်ရှိသော ပြန်တမ်းများကို ရေးသားလျက်ရှိလေ၏။ ထိုအချိန်၌ သက်ဝါးဦးကိုကိုကြီးခေါ် အိုင်ပီဦးကိုကိုကြီးသည် ကျွန်ုပ်၏ရုံးခန်းအတွင်းသို့ ဝင်လာပြီးလျှင် –

"တယ်လဲ အလုပ်ကြိုးစားပါလား ကိုအောင်သင်းရဲ့. . .၊ ကျုပ်မှာသာ ပေးနိုင်တဲ့အခွင့်အရေးရှိရင် ခင်ဗျားကို မင်းကြီးနေရာ နေ့ချင်းညချင်း ခန့်လိုက်တယ်. . ." ဟု ပြောကာ တဟဲဟဲရယ်နေလေ၏။

"မင်းကြီးနေရာရအောင် ကြိုးစားနေတာမဟုတ်ဘူးဗျို့. . .မင်းကြီး အဆူမခံရအောင်. . ." ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်စဉ်၌ပင် ကျွန်ုပ်တို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောတာကလေး မောင်လှမြင့်ဆိုသူရောက်လာပြီးလျှင် –

"ကြိုးစားမနေနဲ့ ဆရာရေ့..၊ ဆူတာကတော့ ဆူမှာပဲ၊ မင်းကြီး မစ္စတာကရစ်ပင်က သူ့ရုံးခန်းထဲကို လာခဲ့ကြလို့ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်လို့ ကျွန်တော် လာပြီးခေါ်တာပါ..၊ လက်ဖက်ခြောက်တစ်ထုပ်စီ ဆွဲပြီးသွားရင် ကောင်းမယ်ထင်တယ်၊ ရေနွေးကြမ်းလေး ဘာလေးသောက်ရတာပေ့ါ..." ဟု ပြော၍ ထွက်သွားလေ၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ဘောင်းဘီပြင်၍ဝတ်ခြင်း၊ ဖြုတ်ထားသောခါးပတ်ကို ပြန်၍တပ်ခြင်း၊ အကျႌကြယ်သီးများ ပြန်၍ စစ်ဆေးခြင်း၊ ဦးထုပ်ကို တည့်မတ်စွာဆောင်းခြင်းစသော အထက်လူကြီး အလွယ်တကူဆုံနိုင်သည့် ပြစ်ချက်များကို ပြုပြင်ကာ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ ရုံးခန်းဆီသို့ ခပ်သွက်သွက် ထွက်လာခဲ့လေ၏။ ရုံးခန်းတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အိုင်ပီကိုအောင်မြင့်၊ ကိုတင်ဝင်း၊ ကိုစိန်လှ၊ ဆရာစိန်တို့ လေးဦးသားသည် မင်းကြီး၏ စားပွဲရှေ့တွင် မတ်တပ်ရပ်နေသည်ကို တွေ့ရ၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ၎င်းတို့လေးဦးဘေးတွင် သွား၍ ရပ်ရလေ၏။ မစ္စတာကရစ်ပင်သည် ကျွန်ုပ်တို့ခြောက်ဦး စုံသည်နှင့် တစ်ပြိုင်နက် အောက်ပါအဓိပ္ပါယ်ရသောစကားကို အင်္ဂလိပ်ဘာသာဖြင့် ပြောလေတော့၏။

"မြည်းသတ္တဝါလို ငိုက်မြည်းနေတဲ့လူကလေးတွေ၊ သဃ်န်းကျွန်းမီးရထားဘူတာနားက လူမနေတဲ့ သစ်သားအိမ်မည်းမည်းကြီးမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူသတ်မှုကြီးတစ်ခု ဖြစ်ပွားခဲ့တယ်လို့ ကျွန်ုပ်ထံကို သဃ်န်းကျွန်းဂတ်က တယ်လီဖုန်း ဆက်တယ်..။



www.burmeseclassic.com

www.burmeseclassic.com





လူကလေးတို့ခြောက်ယောက် စီအိုင်ဒီမှာ ငိုက်နေကြလို့ မရတော့ဘူး၊ အခုချက်ခြင်း အခင်းဖြစ်ပွားတဲ့နေရာကိုသွားပြီးကြည့်ပါ၊ ဆားပုလင်းနှင်းမောင်ဆိုတဲ့ စီအိုင်ဒီရဲ့ ဟီးရိုးက ဘယ်မှာလဲ..၊ သူပါမှဖြစ်မှာမဟုတ်လား..''

မစ္စတာကရစ်ပင်သည် ဒေါနှင့်မောနှင့်ပြောပြီး စကားကိုရပ်လိုက်လေ၏။ ထိုအခါ၌ အိုင်ပီကိုစိန်လှက –

''ဆားပုလင်းနှင်းမောင် မလိုပါဘူး ဆာ၊ ကျွန်ုပ်တော်တို့ခြောက်ယောက်ဟာ အရာရှိတွေဖြစ်ပါတယ်၊ သူဟာ ကျွန်တော်တို့ရဲ့ လက်အောက်ငယ်သားတစ်ဦးသာ ဖြစ်ပါတယ်..'' ဟု အဓိပ္ပါယ်ရသော အင်္ဂလိပ်စကားကို ထော့နင်းထော့နင်းနှင့် ပြောလေ၏။ ထိုအခါ၌ ဦးကိုကိုကြီးက ကျွန်ုပ်အနီးသို့ကပ်ပြီးလျှင် –

''တွေ့လား ကိုအောင်သင်း..ကိုစိန်လှက ကျုပ်တို့လူကို သက်သက်နှိမ်နေပြီဗျ..၊ သူဟာသူ ရာထူးဘယ်လောက်ကြီးကြီး ဆားပုလင်းနှင်းမောင်လောက် မတော်ဘူးဆိုတာ တစ်ဖွဲ့လုံးသိနေတာပဲဗျာ..၊ တော်တော်ယုတ်တဲ့လူ၊ သူ့နာမည်ကို 'စိန်လှ'လို့ မှည့်မယ့်အစား 'စိန်ယုတ်'လို့ မှည့်ရင် ပိုပြီးကောင်းမယ်ဗျာ..''ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က–

''ဟုတ်လား ဦးကိုကိုကြီး..၊ ဒါမှ ဆားပုလင်းနှင်းမောင် ပြောတဲ့ အမည်းလေးမျိုးထဲကအကြောင်းတရားနဲ့ မှည့်တဲ့အမည်ဖြစ်သွားမှာပေါ့'' ဟု ဦးကိုကိုကြီးအား ပြန်၍ ပြောလိုက်စဉ်၌ပင် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က –

''လူကလေးတို့ အခု သွားကြတော့..၊ ထွက်သွားတာနဲ့ ကျွန်ုပ်နာရီကိုကြည့်ထားမယ်..၊ တစ်နာရီအတွင်း အခင်းဖြစ်ပွားတဲ့နေရာကို



www.burmeseclassic.com

www.burmeseclassic.com

မရောက်ရင် ရာထူးတစ်ဆင့်လျှော့ချမယ်. . .'' ဟု ကြိမ်းမောင်းလိုက်သဖြင့် ကျွန်ုပ်တို့လည်း ''ရက်ဆား. . . ရက်ဆား. . .'' ဟု ဖြိုင်တူရေရွတ်ကြကာ ဆလံပေး၍ သယ်နှီးကျွန်းဘူတာအနီး လူမနေသောအိမ်မည်းကြီးဆီသို့ အမြန်ပြေးခဲ့ကြလေတော့သတည်း။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

### သဃ်ိန်းကျွန်းဘူတာအနီး အိမ်မည်းကြီးဆီမှ အလောင်းတစ်လောင်း

ကျွန်ုပ်တို့သည် သဃ်န်းကျွန်းဘူတာအနီး အိမ်မည်းကြီးဆီသို့ ထွက်ခဲ့ကြပြီဖြစ်၏။ ကိုတင်ဝင်းနှင့် ကိုစိန်လှတို့သည် ဆရာစိန်၏ကားနှင့် လိုက်ပါကြ၏။ ကိုအောင်မြင့်သည် ကားတစ်စီးဖြင့်သွား၏။ ဦးကိုကိုကြီးမှာ ကျွန်ုပ်၏ကားတွင် လိုက်ပါ၏။ ဆရာစိန်သည် ကားကို အရှိန်ပြင်းစွာ မောင်းနှင်ထွက်သွားလေ၏။ ထိုအခါ ဦးကိုကိုကြီးက –

"တွေ့လား. . . ကိုအောင်သင်း၊ ကျုပ်တို့အရင်ရောက်အောင်ဆိုပြီး မောင်းသွားတာဗျ. . .၊ ဘာမှမပူနဲ့ဗျ၊ ကျုပ်က ဖြတ်လမ်းကိုသိတယ်၊ ကျုပ်ပြောတဲ့အတိုင်းသာ မောင်း. . .၊ ဒင်းတို့အရင် ရောက်မှာဗျ. . ."ဟု ပြောလေ၏။ ကျွန်ုပ်လည်း ဦးကိုကိုကြီး လမ်းညွှန်သည့်အတိုင်း မောင်းနှင်ရလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ အချိန်များစွာမကြာဘဲ သယ်န်းကျွန်းဘူတာနှင့် များစွာမဝေးသော ဖျဉ်းဘောင်အိမ်မည်းကြီးဆီသို့ ကျွန်ုပ်တို့၏ မော်တော်ကားသည် ဆိုက် ရောက်သွားလေတော့၏။ ထိုအိမ်မည်းကြီး၏ ခြံဝင်းတံခါးရှေ့တွင် ဘောင်းဘီ တိုဝတ်၍ နံပါတ်တုတ်ကိုင်ထားသော ပုလိပ်ကလေးတစ်ဦး ရပ်နေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်တို့ မော်တော်ကားရပ်လိုက်သည်နှင့် ကျွန်ုပ်တို့အား ဆလံပေးလေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် ခြံဝင်းအတွင်းသို့ ဝင်၍သွားကြလေ ၏။ လူမနေသည်မှာ ကြာပြီဖြစ်၍ ခြံတစ်ခုလုံးတွင် မြက်များပေါက်နေ၏။ ကျွန်ုပ်တို့သည် အုတ်စီ၍ခင်းထားသော လမ်းလေးတိုင်း အိမ်မည်းကြီးဆီသို့ လျှောက်သွားကြ၏။ အုတ်များအကြား၌ပင် မြက်များ ပေါက်နေ၏။ ထို အချင်းအရာကိုမြင်လျှင် ဦးကိုကိုကြီးက –

"ဒီအိမ်ကြီးမှာ အသတ်ခံရတဲ့လူဟာ အသတ်မခံရရင်လည်း ဒီ အိမ်မှာနေတယ်ဆိုရင်တော့ မြွေကိုက်ခံရပြီး သေလောက်ပါတယ်ဗျာ..." ဟု ရယ်စရာပြောလေ၏။

"ဆောက်ထားတဲ့ အိမ်ပုံစံကတော့ မျက်နှာဖြူအရာရှိတွေ သဘောကျတဲ့အိမ်ပုံစံမျိုးပဲဗျ..၊ အိမ်မကြီးနဲ့ မီးဖိုနဲ့က သတ်သတ်ဗျ..၊ ဟိုးနောက်မှာလည်း မာလီတို့၊ ဒရဝမ်တို့၊ ထမင်းချက်တို့နေဖို့ တန်းလျား လေးတစ်လုံးလည်း ဆောက်ထားသေးတယ်.." ဟု ကျွန်ုပ်က ပြောလျှင် ဦးကိုကိုကြီးက –

"ကိုအောင်သင်းပြောတာ မှန်ပါတယ်၊ အခုအခါမှာတော့ မာရဝါဒီ သူဌေးတွေကလည်း အဲဒီပုံစံမျိုးတွေနဲ့လိုက်ပြီး နေလေ့ရှိတယ်ဗျ.."ဟု ပြောလေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် ဤသို့ပင် စကားတပြောပြောနှင့်လျှောက် လာခဲ့ကြရာ အိမ်ကြီးဆီသို့ ရောက်သွားကြလေ၏။ အိမ်၏အောက်ထပ်ကို




www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်နှင့် အပေါ်ထပ်သို့တက်သောလှေခါးဝတွင် လက်မောင်း၌ ချစ်သုံးရစ်တပ်ထားသော 'အိပ်ချ်စီ'ခေါ်သည့် ပုလိပ်အကြပ်တစ်ဦးကို တွေ့ရလေ၏။ ထိုသူကလည်း ကျွန်ုပ်တို့နှစ်ဦးကို ဆလံပေးပြန်၏။ ပြီးလျှင် သူက –

“အပေါ်မှာ ဆရာတို့ရဲ့. . .” ဟု ပြော၍ ၎င်းက ဆင်းသွားလေ၏။ ကျွန်ုပ်နှင့်ဦးကိုကိုကြီးက တက်သွားကြရလေ၏။ အပေါ်ထပ်သို့ရောက်လျှင် ဖုန်တက်နေသောကြမ်းပြင်ပေါ်၌ ပက်လက်လှန်လျက်သား သေဆုံးနေသည့် အသက်(၃၀)ကျော်အရွယ် ယောက်ျားတစ်ဦး၏အလောင်းကို တွေ့ရလေ၏။ ရင်ဝတွင် ဓားမြှောင်တန်းလန်းစိုက်နေ၏။ သွေးများလည်း ထွန်းနေ၏။ အနီးဆုံးနံရံပေါ်တွင် သွေးဖြင့်ရေးသွားသော အောက်ဖော်ပြပုံတစ်ပုံကို တွေ့ရလေ၏။



ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် အလောင်းကြီးကို မရွံ့မရှာ ကြည့်ကြသော်။ ပြီးလျှင် နံရံပေါ်မှ တံဆိပ်ကြီးကို သွားရောက်ကြည့်ရှုကြလေ၏။ ကျွန်ုပ်တို့ကြည့်ရှုနေကြစဉ်၌ပင် အောက်ထပ်မှ လူသံများကိုကြားရလေ၏။ သို့ကြားရပြီး မကြာမီ၌ပင် ကျွန်ုပ်ရှိရာ အပေါ်ထပ်ဆီသို့ ဆရာစိန်

www.burmeseclassic.com

ကိုစိန်လှ၊ ကိုတင်ဝင်း၊ ကိုအောင်မြင့်တို့ လေးယောက် ရောက်ရှိလာကြလေ၏။ ၎င်းတို့လေးယောက်သည် လူသေအလောင်းကြီးကိုကြည့်၍ အမျိုးမျိုး အဖုံဖုံ ထင်မြင်ချက်ပေးကြလေ၏။

ထို့နောက် ပေကြိုးများထုတ်ကာ တိုင်းသူက တိုင်း၏။ မှန်ဘီလူးများထုတ်ကာ ခြေရာများကိုကြည့်သူက ကြည့်၏။ သေသူ၏အိတ်အတွင်းမှ ပစ္စည်းများကို နှိုက်ယူ၍ အနီးရှိ စားပွဲပေါ်တွင် တင်သူက တင်၏။ ဤသို့ အလုပ်ရှုပ်နေစဉ်၌ပင် အပေါ်ထပ်ဆီသို့ ခြေသံပြင်းပြင်းဖြင့် တစ်စုံတစ်ယောက်တက်လာသံကို ကြားသဖြင့် ကျွန်ုပ်တို့လည်း လှေခါးရှိရာသို့ လှမ်းပြီးကြည့်လိုက်ရာ စုံထောက်မင်းကြီး မစ္စတာကာရစ်ပင်ဖြစ်နေကြောင်း တွေ့ရလေ၏။ မစ္စတာကာရစ်ပင်သည် အောက်ပါအဓိပ္ပါယ်ရသောစကားကို အင်္ဂလိပ်ဘာသာဖြင့် ကျွန်ုပ်တို့အား လှမ်း၍မေးလိုက်လေ၏။

"လူကလေးတို့ နေရာကျရဲ့လား . . ."

ကျွန်ုပ်တို့ခြောက်ဦးလည်း မည်သို့ဖြစ်သည်မသိ ယိမ်းတိုက်ထားသည့်အလား 'ရက်ဆား'ဟု ပြိုင်တူအော်ဟစ်၍ ပြိုင်တူဆလံပေး လိုက်ကြလေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၄)
## ဆားပုလင်းနှင်းမောင်ရောက်နေပြီ

ဆရာစိန်သည် နံရံပေါ်တွင် ရေးထားသော တံဆိပ်ကို သေချာစွာကြည့်ပြီး –

"ကိုယ့်လူတို့ကို ကျုပ် ပြောမယ်၊ ကျုပ်က ရာဇဝတ်မှု ကျူးလွန်ခဲ့သူတွေရဲ့ စိတ်အကြောင်းကို ကောင်းကောင်းသိတယ်၊ အဲဒီပညာနဲ့ ပတ်သက်လို့ ဘီလပ်မှာ သင်တန်းတက်ခဲ့တာ ...၊ အဲဒါကို အကြောင်းပြုပြီး ကျုပ်ကို ဘီလပ်ပြန် ဆရာစိန်လို့ ခေါ်ကြတာပေါ့ဗျ၊ ဟဲ ... ဟဲ ... ဟဲ ... ဟောဒါက အပေါ်ကို ထောင်နေတဲ့ မြားကလေး ...၊ နတ်ပြည်ကို ဆိုလိုတာ ...၊ ဟောဒါက အောက်ကို စိုက်နေတဲ့ မြားကလေး ...၊ ငရဲပြည်ကို ဆိုလိုတာ ...၊ သူ့အဖို့ နတ်ပြည်ပဲ ရောက်ရောက်၊ ငရဲပြည်ပဲရောက်



www.burmeseclassic.com

www.burmeseclassic.com

ချောက် အရေးမကြီးဘူးတဲ့ ...၊ သူ လုပ်ချင်တာ လျှောက်ပြီးလုပ်မယ်လို့ သူ့စိတ်ကိုယ်သူ အားပေးတဲ့ သင်္ကေတဗျ...၊ ရာဇဝတ်မှုကျူးလွန်တဲ့ လူတွေဆီမှာ အဲဒီလိုစိတ်ခါတ်မျိုး ရှိတယ် ...'' ဟု ပြောလေ၏။ ထိုအခါ အိုင်ပီ ကိုတင်ဝင်းက –

''ကျုပ်ကတော့ ဒီလိုမယူဆဘူးဗျို့ ...၊ ဒီလူသတ်သမားဟာ လူဆိုးဂိုဏ်းတစ်ဂိုဏ်းရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်နိုင်တယ်ဗျ ...၊ အဲဒီဂိုဏ်းဟာလည်း မြားနိတံဆိပ် အသုံးပြုတဲ့ဂိုဏ်း ဖြစ်နိုင်တယ်၊ အဲဒါကြောင့် မြားပုံကို သွေးနဲ့ရေးသွားတာပေါ့ဗျ ...''ဟု ပြောလေ၏။

ဦးကိုကိုကြီးသည် ကျွန်ုပ်၏အနီးသို့ကပ်ကာ –

''လုပ်ကုန်ကြပြီဗျို့ ...၊ လုပ်ကုန်ကြပြီ၊ တစ်ယောက်တစ်ပေါက် ပြောကုန်ကြပြီ ...၊ ကျုပ်လည်း ဝင်ပြီးပြောဦးမယ် ...၊ ဘာမှဟုတ်ဟုတ်၊ မဟုတ်ဟုတ် လူအထင်ကြီးအောင်ပေါ့ဗျာ ...''ဟုဆိုကာ အခြားသူများဘက်သို့လှည့်၍ –

''ဒီလို ကိုယ့်လူတို့ရ ...၊ မြားခေါင်းလေးက အပေါ်မှာတစ်ခု၊ အောက်မှာတစ်ခုဆိုတော့ တက်လည်း တက်မယ်၊ ဆင်းလည်း ဆင်းမယ် ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဒါဟာ ဘာကိုပြတာလဲဆိုတော့ လှေခါးတစ်ခုလို့ အဓိပ္ပာယ်ရတယ်၊ လူနှစ်ယောက်ဟာ သူတို့ရဲ့ဘဝမှာ အတူတကွ အတက် အဆင်းလုပ်ခဲ့ပြီး မကျေနပ်လို့ သတ်တာဗျ ...''ဟုပြောကာ ကျွန်ုပ် ဘက်သို့လှည့်ပြီး သူ၏ ဘယ်ဘက်မျက်စိကို မှိတ်ပြလေတော့၏။ သေ သူ၏အိတ်အတွင်းမှ ထုတ်ယူထားသော ပစ္စည်းများကို ကျွန်ုပ်သည် လှမ်း ကြည့်နေလေ၏။ ဆယ်တန်ရှစ်ရွက်နှင့် မူးစေ့ ရှစ်စေ့၊ သော့တွဲတစ်တွဲ မီးခြစ် တစ်လုံး၊ မောင်းချဓား တစ်ချောင်း၊ ဒိုင်ယာရီစာအုပ်တစ်အုပ်တို့

www.burmeseclassic.com





ဖြစ်လေ၏။

မစ္စတာကာရစ်ပင်သည် အခန်းကို လှည့်ပတ်ကြည့်ရှုနေလေ၏။ ထိုသို့ကြည့်ရှုရင်း -

“ဆားပုလင်းနှင်းမောင် ရောက်လာရင်ကောင်းမယ် . . .”ဟု ပြောသော အတွင်းခန်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် လန့်၍ ‘အိုး . .’ ဟု ကျယ်လောင်စွာ အော်လိုက်သဖြင့် ကျွန်ုပ်တို့လည်း ခါးတွင်ချိတ်ထားသော ခြောက်လုံးပြူးများကို ဆွဲထုတ်၍ မစ္စတာကာရစ်ပင် ရှိရာသို့ ပြေးသွားကြရာ ကြမ်းပြင်ပေါ်တွင် ကျနေသော ဆေးပေါ့လိပ်တိုလေးတစ်တိုကို စိတ်ဝင်စားစွာ ကြည့်ရှုနေသည့် ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ကို တွေ့မြင်ရလေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၅)

## ကိုနှင်းမောင်ပြောလိုက်တော့လည်း လှုပ်လှုပ်လေးပါလား

ဆားပုလင်းနှင်းမောင်သည် အိမ်၏အတွင်းခန်းမှနေ၍ အပြင်ဘက်သို့ ထွက်လာလေ၏။ လူသေအလောင်းကို သေချာစွာ ကြည့်ရှုလေ၏။ ထို့နောက် လူသေတွင် ဝတ်ထားသော အင်္ကျီကို မရမက ချွတ်လေ၏။ ထိုအခါ စုံထောက်ကိုစိန်လှက –

"ဘယ်လိုလဲ ဆားပုလင်းနှင်းမောင်၊ အသတ်ခံရတဲ့လူကို အင်္ကျီအသစ် လဲပေးမလို့လား ..." ဟု လှောင်သလိုလို ပြောင်သလိုလိုလေသံဖြင့် ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က –

"သေဆုံးသူရဲ့ လက်မောင်းအတွင်းဘက်မှာ တံဆိပ်ကလေးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ပါမယ်လို့ စဉ်းစားထားတယ်၊ အဲဒီတံဆိပ်လေးဟာ နံရံက သွေးနဲ့ရေးထားတဲ့အတိုင်း မြားခေါင်းနှစ်ဖက်ပါတဲ့ တံဆိပ်လေးပါ ...၊ ကျုပ် တွက်ဆထားတဲ့အတိုင်း အဲဒီတံဆိပ်လေးကို တွေ့ပြီဆိုရင်တော့ ဒီအမှုဟာ တစ်ဝက်ပေါ်ပြီလို့ ပြောရမယ် ...'' ဟု ပြန်၍ပြောလိုက်လျှင် ကိုစိန်လှက –

''ခင်ဗျား ထင်တဲ့အတိုင်း အသတ်ခံရတဲ့ လူရဲ့လက်မောင်းမှာ အဲဒီတံဆိပ်ကလေး မတွေ့ဘူးဆိုရင်ကော ကိုနှင်းမောင် ...''ဟု မေးလိုက်လေ၏။

''မတွေ့ဘူးဆိုရင်တော့ အမှုက အစကစပြီး လိုက်ရမှာပါ၊ တရားခံကိုမိဖို့ မလွယ်ဘူးပေါ့ဗျာ ...''ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် သေသူ၏ အကျႌသည် ညာဘက်လက်မောင်းချွတ်ပြီးဖြစ်သွား၏။

ဆားပုလင်းနှင်းမောင်သည် သေသူ၏လက်မောင်းအတွင်းဘက်ကို လှန်၍ကြည့်လိုက်ရာ အနီရောင်ဖြင့် ထိုးထားသော မြားခေါင်းတံဆိပ်လေးကို တွေ့ရလေ၏။ ထိုအခါ၌ ဦးကိုကိုကြီးက အားရဝမ်းသာဖြင့် –

''ကိုနှင်းမောင် စဉ်းစားထားတဲ့အတိုင်းပဲဗျို့ ...၊ အသတ်ခံရတဲ့သူရဲ့ လက်မောင်းမှာလည်း နံရံက တံဆိပ်ကလေး ပါနေတယ်၊ အမှုပေါ်ဖို့ ပိုသေချာသွားပြီပေါ့ ...ဟိ ...ဟိ ...'' ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က –

''လူသတ်သမားဟာ သန်မာဖျတ်လတ်ရုံတင်မဟုတ်ဘူး၊ ဉာဏ်ရည်ဉာဏ်သွေးလည်း အတော်ကောင်းပုံရတယ်၊ အဲဒီတော့ နည်းနည်းတော့ ဂရုစိုက်ဖို့လိုမယ်ပေါ့ ဦးကိုကိုကြီးရာ ...''ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ၌ မစ္စတာကရစ်ပင်က –



www.burmeseclassic.com

www.burmeseclassic.com





"ဘယ်လိုလဲ ဆားပုလင်းနှင်းမောင် ...၊ သေတဲ့လူရဲ့ လက်မောင်းအတွင်းဘက်က တံဆိပ်နဲ့ နံရံက သွေးနဲ့ရေးထားတဲ့ တံဆိပ်နဲ့အတူတူဖြစ်နေပါလား ..." ဟု အဓိပ္ပာယ်ရသော စကားကို အင်္ဂလိပ်ဘာသာဖြင့် မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က -

"သတ်တဲ့လူရော၊ သေတဲ့လူရောက လူဆိုးဂိုဏ်းတစ်ခုထဲက လေ...၊ အဲဒီတော့ တူတာပေါ့ ..." ဟု အင်္ဂလိပ်ဘာသာစကားဖြင့်ပင် ပြန်၍ဖြေလိုက်လေ၏။

ထို့နောက်တွင်ကား ဆားပုလင်းနှင်းမောင်သည် ကြမ်းပြင်ပေါ်တွင် ထင်နေသော ခြေရာများကို စစ်ဆေးကြည့်ရှုပြီးနောက် မစ္စတာကာရစ်ပင်အား နှုတ်ဆက်ကာ ထိုအိမ်ကြီးမှ ဆင်းခဲ့လေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ၎င်း၏နောက်မှ လိုက်ပါခဲ့ကြလေ၏။ မစ္စတာကာရစ်ပင်ကမူ အလောင်းကြီးအား ဆေးရုံပို့ရန် သယ်န်းကျွန်းစခန်းမှ အရာရှိများအား မှာကြားနေလေ၏။ ကိုစိန်လှနှင့် ဘိလပ်ပြန် ဆရာစိန်တို့က ထိုအလောင်းကြီး၌ သဲလွန်စရှာလိုသေးသဖြင့် ဆေးရုံသို့ မပို့သေးရန် တောင်းပန်ကြလေ၏။

ထို့ကြောင့် အလောင်းကြီးကို ဆေးရုံသို့ မပို့သေးဘဲ ၎င်းတို့ နှစ်ဦး သဲလွန်စရှာရန်ထားလိုက်ရလေတော့သတည်း။

❦ ❦ ❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၆)

### ဗူတူးကိုဝင်ရောက်မေးခြင်း

ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်နှင့်အတူ လိုက်ပါခဲ့ကြလေ၏။ ဆားပုလင်းနှင်းမောင်သည် ခြံအပြင်သို့ ရောက်သောအခါကျမှ ကားပေါ်သို့မတက်သေးဘဲ ခြံကိုလွန်၍ လျှောက်သွားကာ မြေကြီးကို ငုံ့၍ ကြည့်လေ၏။

ထိုသို့ကြည့်ပြီးလျှင် အနီးဆုံးခြံတစ်ခြံမှ ခေါင်းလောင်းကို သွား၍ လှုပ်ယမ်းလေ၏။ ထိုအခါ ခြံအတွင်းမှ ကုလားတစ်ယောက် ထွက်လာရာ ဆားပုလင်းနှင်းမောင်က –

"မင်းက ဒီအိမ်မှာ ဘာလဲ . . ." ဟု အစိပ္ပာယ်ရသော ကုလားစကားဖြင့် မေးလိုက်လေ၏။ ထိုအခါ ၎င်းက –



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကရော ဘာလဲ၊ ဘာအတွက် ကျုပ်ကို မေးနေရတာလဲ" ဟု ကုလားစကားဖြင့် ပြန်၍မေးလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် ခေါ်းမခန့် ပြုံးလိုက်ပြီးနောက် –

"ဟောကောင် ... သယ်န်းကျွန်းဂတ်က ခြင်ရော၊ ကြမ်းပိုးရော သိပ်ပြီးကိုက်တယ်၊ အဲဒီမှာ မအိပ်ချင်ရင် ငါမေးတာကို ဖြေပါ၊ ညနေကျရင် ကာလူးစုပ်ဖို့ ..." ဟု ဆိုကာ ငွေနှစ်ကျပ် ထုတ်၍ပေးလိုက်လေ၏။ ကုလားလည်း တံခါးသံတိုင်ကြားအတွင်းမှ ငွေနှစ်ကျပ်ကို လှမ်း၍ယူပြီး ဆလံပေးလေ၏။ ထို့နောက်မှ –

"ကျွန်တော့်နာမည် မူတူးလို့ ခေါ်ပါတယ်၊ ဒီခြံက ဒရဝမ်ပါ" ဟု ကုလားစကားဖြင့်ပင် ပြန်၍ဖြေလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က –

"မနေ့ညက ဘယ်အချိန်လောက်မှာ မီးပျက်သလဲ မူတူး" ဟု မေးလိုက်လျှင် –

"၁၂ နာရီ ထိုးခါနီးမှာ လေအရမ်းတိုက်ပြီး မီးပျက်သွားပါတယ်..." ဟု မူတူးက ပြန်၍ဖြေလေ၏။

"အဲဒီလို မီးမပျက်ခင်မှာ ဒီနားကို ရထားလုံးတစ်စီး ရောက်လာတယ်မဟုတ်လား ...၊ အဲဒီပေါ်က လူနှစ်ယောက်ဆင်းလာတယ်လေ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် မူတူးက –

"ဘရားဆပ် ဘယ်နားကနေ ကြည့်နေသလဲ ..." ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိရှိုက်ဖွာရင်း –

"အဲဒီလူနှစ်ယောက်ဟာ ရထားလုံးပေါ်က ဆင်းလာပြီး ဖက်ပြီး

www.burmeseclassic.com

www.burmeseclassic.com





အတူလျှောက်လာကြတယ်၊ တစ်ယောက်က အရပ်မြင့်တယ်၊ တစ်ယောက်က အရပ်နိမ့်တယ်၊ အရပ်မြင့်တဲ့လူက ရထားလုံးကို မောင်းလာတဲ့ပုံ...'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် မူတူးက –

''နှစ်ယောက်အတူ မောင်းလာတာ ဘရားဆပ် ...'' ဟု ပြန်၍ ဖြေလေ၏။

''မူတူး မင်း သိပ်တော်တာပဲ၊ ဟုတ်တယ်ကွ၊ နှစ်ယောက်ပူး ထိုင်လာတာပဲ ...၊ ဒါပေမဲ့ မောင်းတော့ အရပ်မြင့်တဲ့လူကပဲ မောင်းတယ်၊ အောက်ကိုရောက်တဲ့အခါမှာလည်း အရပ်မြင့်တဲ့လူက အရပ်နိမ့်တဲ့လူရဲ့ ပခုံးကိုဖက်ပြီး လျှောက်သွားတယ်မဟုတ်လား ...''ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလိုက်လျှင် မူတူးက –

''မှန်ပါတယ် ဘရားဆပ် ...'' ဟု ပြန်၍ဖြေလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်က –

''သူတို့နှစ်ယောက် လျှောက်သွားတဲ့အချိန်မှာ မင်းက ခြံရှေ့ ဘောဟိုအုတ်ခုံလေးမှာ ထိုင်နေတယ်၊ မင်းဆီကို တည့်တည့်မတ်မတ် လျှောက်လာကြတယ်၊ အဲဒီလိုလျှောက်လာကြတာဟာ ဆေးလိပ်မီးတို့ဖို့ မဟုတ်ဘူး၊ သူတို့ဆီမှာ မီးခြစ်ပါတယ်၊ ဘယ်နှနာရီထိုးပြီလဲလို့လည်း မေးဖို့အကြောင်းမရှိဘူး ...၊ သူတို့မှာ နာရီပါတယ်၊

အဲဒီတော့ ဘာဖြစ်နိုင်သလဲဆိုရင် သူတို့က မင်းကိုတစ်ခုခု ပေးဖို့ မင်းဆီကို လျှောက်လာတာ ...၊ ဘာပေးတာဖြစ်နိုင်သလဲဆိုတော့ သောက်ပြီး တစ်ဝက်ကျန်တဲ့ အရက်ပုလင်းကို မင်းကိုပေးသွားတာ ဖြစ်လိမ့်မယ်၊ အဲဒီမှာ မင်းက အဲဒီအရက်ပုလင်းကို သောက်လိုက်တယ်၊ ပြီးသည်းပြီးရော မူးပြီးအိပ်ပျော်သွားတယ်၊ သူတို့ ဘယ်အချိန် ပြန်သွားတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မင်း မသိနိုင်တော့ဘူး ...'' ဟု ပြောလိုက်လျှင် မူတူးက –

"မှန်ပါတယ် ဘရားဆပ် ပြောတဲ့အတိုင်းပါပဲ ...''ဟု ဖြေလေ၏။

"တကယ်လို့များ မင်းဟာ အရက်မူးပြီး အိပ်မပျော်ခဲ့ဘူးဆိုရင် တစ်နာရီလောက်ကြာတဲ့အခါမှာ အဲဒီနှစ်ယောက် ပြန်လာတယ်...၊ ဒါပေမဲ့ နှစ်ယောက်မဟုတ်တော့ဘူး၊ တစ်ယောက်ပဲ ပြန်လာတယ်၊ ပြီးတော့ ရထားလုံးကို မောင်းပြီးထွက်သွားတယ် ...၊ အဲဒါကို မင်း မြင်ရမှာ ...၊ ဘာပဲဖြစ်ဖြစ်လေ ...ငါမေးတာကို ဖြေဖော်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ် ...''ဟု ဆိုကာ ကျွန်ုပ်၏ မော်တော်ကားရှိရာသို့ ပြန်၍ လျှောက်ခဲ့လေ၏။

ကားဆီသို့ရောက်လျှင် ဆားပုလင်းနှင်းမောင်က ကားကို မောင်း၏။ ကျွန်ုပ်က ၎င်း၏နံဘေးခုံတွင် ထိုင်၏။ ဦးကိုကိုကြီးကမူ နောက်ခန်းမှလိုက်ကာ အိပ်ငိုက်၍ ပါလာလေတော့သတည်း ...။

❦ ❦ ❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)
## ခြေရာများကို ကြည့်ရှုခြင်း

ဆားပုလင်းနှင်းမောင်သည် မီးရထားလမ်းနှင့် ယှဉ်နေသော မြို့နီလမ်းအတိုင်း ကားကိုမောင်းခဲ့၏။ ထို့နောက် ကားကို ကတ္တရာလမ်း ပေါ်သို့ တက်လိုက်၏။ ကတ္တရာလမ်းပေါ်သို့ရောက်လျှင် ဆားပုလင်း နှင်းမောင်က –

"အိုင်ပီ ... ထမင်းတော့ မစားတော့ဘူးဗျာ ...၊ ချစ်တီးဆိုင် သွားပြီး တိုရှည်လေးဘာလေး စားရအောင်ဗျာ ..." ဟု ပြောလိုက်လျှင် ဒူနိုပ်က –

"အိုင်ဆေး ...၊ ကျုပ်ကတော့ ခင်ဗျားဘာလုပ်လုပ် သဘော ကျတယ်ဗျာ ..." ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က ပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

ဆားပုလင်းနှင်းမောင်သည် ကားကို ကျွမ်းကျင်စွာ မောင်းနှ
နေလေ၏။ ထိုအချိန်၌ ကျွန်ုပ်က –

"နေစမ်းပါဦး အိုင်ဆေးရဲ့ ...၊ ဟိုဒရဝမ်ကုလားဆီကို ဘာဖြ
လို့ သွားပြီးမေးတာလဲ ..." ဟု မေးလိုက်ရာ –

"လူသတ်မှုဖြစ်တဲ့ ခြံကြီးရှေ့မှာ လေ့လာလိုက်တဲ့အခါ လူသ
သမားနဲ့ အသတ်ခံရတဲ့လူ စီးလာတဲ့ ယာဉ်ရထားရဲ့ခြေရာလက်ရာကို မတွေ့
ရဘူး၊ အဲဒီတော့ ဘယ်လိုဖြစ်နိုင်သလဲဆိုတော့ ခြေကျင်လာချင်လာမယ်
ဒါမှမဟုတ် စီးလာတဲ့ ရထားကို ခြံရှေ့အထိ စီးမလာဘဲ တစ်နေရာမှာ
ထားခဲ့တယ်လို့ အဓိပ္ပာယ်ရတယ်၊ ပိုပြီး ဖြစ်နိုင်တာက ဒီဘက်က အိမ်ခြေ
နည်းနည်းစိပ်တယ်၊ ဟိုဘက်က အိမ် ခြေနည်းနည်း ကျဲတယ်၊ လာစရာ
ရင် အဲဒီဘက်က လာနိုင်တာပေါ့၊

ထင်တဲ့အတိုင်းပဲ၊ အဲဒီဘက်လည်း သွားကြည့်ရော မြင်းရထား
ဘီးရာကို သွားတွေ့တယ် ...၊ ခြံရှေ့နားအရောက်မှာ ရပ်ထားတာ
လည်း တွေ့ရတယ်၊ ရထားပေါ်ကဆင်းပြီး တွဲလျှောက်သွားတဲ့ ခြေရာ
လည်း တွေ့ရတယ်၊ တစ်ခုက ခြေရာကြီးကြီး၊ တစ်ခုက ခြေရာသေးသေး
အဲဒီခြေရာတွေက အုတ်ခုံတန်းလေးဆီကိုသွားပြီးမှ ကွေ့ထွက်သွားတာ
တွေ့ရတယ်၊ အရက်ပုလင်းအကျန် သွားပေးတာလေဗျာ ...၊

ပြီးတော့ ခြေလှမ်းကျဲကျဲနဲ့ ရထားလုံးဆီကို ပြန်ပြီးလျှောက်
တဲ့ ခြေရာကြီးကြီးကို တွေ့ရတယ်လေဗျာ ...၊ သွားတုန်းက နှစ်ယောက်
ပြန်လာတော့ တစ်ယောက်တည်း၊ တစ်ယောက်က ဟိုမှာ သေပြီးကျန်ခဲ့
လေ ..." ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ကိုနှင်းမောင်ရယ် ...၊ အသတ်ခံရမယ့်လူက ...လုံးအတွင်းထဲ မစီးဘဲ ဘာဖြစ်လို့ ရထားမောင်းတဲ့သူနဲ့အတူ အမိုးပေါ်က ...စီးလာရတာတုံး ..." ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်း ...မောင်က ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက် –

"စီးချင်လို့တော့ ဘယ်ဟုတ်မလဲ အိုင်ပီရယ် ...၊ ဟိုက နံကြားကို ...နဲ့ကပ်ထောက်ပြီး စီးခိုင်းတာဖြစ်မှာပေါ့ဗျ ..." ဟု ပြန်၍ပြောလေ၏။

"နေစမ်းပါဦး အိုင်ဆေးရယ် ...၊ လူသတ်သမားဟာ သန် ...တ်လတ်ပြီး ဉာဏ်ရည်ဉာဏ်သွေးကောင်းတယ်လို့ ပြောတဲ့ အချက်တစ်ချက် ...းတယ် ...၊ အဲဒါကရောဗျာ ..." ဟု ကျွန်ုပ်က မေးလိုက်ရာ ...ပုလင်းနှင်းမောင်က –

"သေတဲ့လူက စီးကရက်သမားဗျ ...၊ လက်ညှိုးနဲ့ လက်ခ ...ယ်ကြားမှာ စီးကရက်ခိုးရိုက်ပြီး ဝါနေတာကို တွေ့ရတယ်၊ စီးကရက် ...တိုလေးတွေကိုလည်း အဲဒီအိမ်ပေါ်မှာ တွေ့ရတယ်၊ ဒါပေမဲ့ လူ ...တ်သမားကတော့ ဆေးပေါ့လိပ်သမားဗျ ...၊

'မအေးမေ'ဆေးပေါ့လိပ်တို နှစ်တိုတွေ့ရတယ်၊ သွားနဲ့ခဲထား တဲ့ ...ရာကိုလည်း တွေ့ရတယ်၊ အားရပါးရခဲထားတော့ သွားစွယ် နဲ့ ငြိပြီး ...တောင် ပေါက်နေတယ်၊ ဒီအချက်ကိုကြည့်ပြီး ကျွန်းမာ သန်စွမ်းတယ်လို့ ...ပြောတာပေါ့ဗျာ ...၊

ပြီးတော့ တစ်ယောက်တစ်ယောက်ချင်း ဓားနဲ့တော့ပြီး ကိုယ် ...ချင်တဲ့နေရာကို ခေါ်လာနိုင်တယ်ဆိုတာ နည်းနည်းပါးပါး လျင်မြန် ...တ်လတ်မှုနဲ့ မရဘူး။ နောက်ပြီးတော့လည်း အိမ်ပေါ်တက်တဲ့အခါမှာ အမှုမဲ့ ...တ်မဲ့ အိမ်ရှေ့က မတက်ဘူးဗျ ...၊ နောက်ဖေး လှေကားက တက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒီအချက်ဟာ သတိကောင်းတယ်၊ ကြိုတင်တွက်ဆနိုင်တယ်ဆိုတာ ပြနေတဲ့အချက်ပဲဗျ ...'' ဟု ပြန်၍ပြောလိုက်ရာ ကျွန်ုပ်က -

''ကိုနှင်းမောင် ပြောပြလိုက်တော့လည်း လွယ်လွယ်လေးပါလား ဗျာ ...၊ ကျုပ်ဟာကျုပ်ဆိုရင် မစဉ်းစားနိုင်ပါဘူးဗျာ ...'' ဟု ပြောလိုက် ရာ ကားနောက်ထိုင်ခုံတွင် အိပ်ငိုက်၍လိုက်ပါလာသော ဦးကိုကိုကြီးက-

''အခုလို ကိုယ့်အခြေအနေကို ကိုယ်သဘောပေါက်တာ ဝမ်းသာ စရာပါပဲဗျာ ...''ဟု ပြောကာ အားရပါးရ ရယ်မောလိုက်လေတော့သ တည်း။


''ဟား ...ဟား ... ဟား ...''

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

## နံရံပေါ်မှ သွေးနှင့်ရေးထားသောတံဆိပ်

ဆားပုလင်းနှင်းမောင်နှင့် ကျွန်ုပ်တို့သည် မအူကုန်းလမ်းတွင်ရှိသော ချစ်တီးထမင်းဆိုင်သို့ ရောက်သွားကြ၏။ တို့ရှည်၊ ပူရီ စသည်တို့ကို မှာယူ၍ မြိန်ယှက်စွာ စားသောက်နေကြလေတော့၏။ ထို့နောက်တွင် ကျွန်ုပ်တို့သည် ဆားပုလင်းနှင်းမောင်နေထိုင်ရာ အမှတ်(၂၉၅) ဘိုးလိန်းလမ်းသို့ သွားရောက်ကြလေ၏။ (ဘိုးလိန်း လမ်းဆိုသည်မှာ ယခုအခါ ဗညားဒလလမ်းဟုခေါ်ပါသည်။)

ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်အား –

"ကိုနှင်းမောင်ရယ်… နံရံပေါ်မှာ သွေးနဲ့ရေးထားတဲ့ မြွေခေါင်းနှစ်ဘက်ပုံလေးနဲ့ သေတဲ့လူရဲ့လက်မောင်းမှာ ဆေးအနီနဲ့ထိုးထားတဲ့ပုံလေး



www.burmeseclassic.com

www.burmeseclassic.com

ဟာ အတူတူပဲဗျ…၊ အဲဒီတံဆိပ်လေးဟာ ဘာအဓိပ္ပာယ်လဲဗျ…”ဟု မေးလိုက်၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် သူ၏စာအုပ်စင်မှ မှတ်စုစာအုပ်တစ်အုပ်ကို ဆွဲထုတ်၍ ဦးကိုကိုကြီးနှင့် ကျွန်ုပ်အကြား၌ ချပြလိုက်ရင်း –

“ဒီလိုရှိတယ် ဦးကိုကိုကြီးရဲ့…၊ လူဆိုးဂိုဏ်းတွေဟာ တံဆိပ်တွေ သုံးလေ့ရှိကြတယ်၊ ကျုပ်တို့တိုင်းပြည်မှာတော့ ပြောပလောက်အောင် မရှိဘူးဗျာ…၊ ဟိုနားဒီနား၊ ဟိုတစ်ယောက် ဒီတစ်ယောက်ဆိုသလို ဆိုးတဲ့လူတော့ ရှိကောင်းရှိမယ်၊ ဂိုဏ်းတွေဘာတွေနဲ့ဖွဲ့ပြီး ဆိုးရလောက်အောင်တော့ မရှိပါဘူး…၊ ဓားပြဂိုဏ်းဆိုရင်လည်း အဖွဲ့ခေါင်းဆောင်ရဲ့နာမည်ကိုတပ်ပြီး ခေါ်လိုက်တာပါပဲ…၊ ဥပမာ မြဓားမြှောင် ဓားပြဂိုဏ်း၊ ဓားခုတ် ဓားပြဂိုဏ်းစသည်ဖြင့်ပေါ့ဗျာ…၊ နောက်တော့လည်း လမ်းမတော် ဖိုးတုတ်ပေါ့ဗျာ…၊ မိုလ်တထောင်မှာနေတဲ့လူမိုက်ကို မိုလ်တထောင်ငမိုး စသည်ဖြင့်ပေါ့ဗျာ…၊ ဟောဒီမှတ်စုထဲမှာပါတဲ့ လူဆိုးဂိုဏ်းတွေဟာ ကျုပ်တို့တိုင်း ပြည်ကမဟုတ်ဘူး…၊ တခြားတိုင်းပြည်ကဟာတွေဗျ၊ ဖွင့်ပြီး ကြည့်လိုက်လေ…”ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်နှင့်ဦးကိုကိုကြီးလည်း ၎င်းမှတ်စုစာအုပ်ကို ဖွင့်၍ကြည့်လိုက်ရာ S.S.S ဂိုဏ်း၊ သံလက်သီးခေါ် နပ်ကယ်ဒတ်စကားပုံကို အပြင်က စက်ဝိုင်းပတ်ထားသောတံဆိပ်ကို အသုံးပြုသည့် သံလက်သီးဂိုဏ်း၊ နဂါးနက်ဂိုဏ်း၊ စကြာတံဆိပ်ပါသော စကြာနက်ဂိုဏ်း၊ ဓားမြှောင်နှစ်လက် ကြက်ခြေခတ်ထားပုံကို အသုံးပြုသော ဓားမြှောင်နက်ဂိုဏ်း၊ အရိုးခေါင်းနှင့် လက်ဖြန့်ရိုးနှစ်ချောင်းပါသော ဒိန်းဂျားဂိုဏ်းစသည်ဖြင့် မြောက်မြားစွာသော လူဆိုးဂိုဏ်းတို့ကို တွေ့ရလေတော့၏။ ဦးကိုကိုကြီးသည် ထိုမှတ်စုကို ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အောင်လုန်၍ကြည့်ပြီးနောက် -

"ဟိုအိမ်ကြီးပေါ်က တံဆိပ်အကြောင်းမပါဘူးဗျ..."ဟု မေး လိုက်ရာ ဆားပုလင်းနှင်းမောင်က -


"ကျုပ်တို့ ပုလိပ်မှတ်တမ်းထဲမဝင်သေးဘူးလေဗျာ..၊ သူကတော့ များများပါးပါးပဲဗျို့..၊ အဲဒီဂိုဏ်းအကြောင်း ကျုပ် ကြားဖူးတယ်၊ အဲဒီ ဂိုဏ်းရဲ့နာမည်က မြွေလျှိုးမိုးပျံလို့ခေါ်တယ်ဗျ၊ အဲဒီဂိုဏ်းရဲ့ အကြီးအကဲ လုပ်တဲ့လူရဲ့နာမည်ကလည်း ခပ်ဆန်းဆန်းပဲဗျ၊ ဒီဗွန်တဲ့၊ ဒီဂိုဏ်းကို မြွေလျှိုးမိုးပျံ ဒီဗွန်ဂိုဏ်းလို့ခေါ်တယ်၊ အဲဒီဂိုဏ်းရဲ့ ဂိုဏ်းဝင်တစ်ယောက်ကို တစ်ခါက အညာမှာ ဖမ်းမိတယ်၊ သူ့ကို ဖမ်းမိတော့ သေလုမျောပါး အခြေအနေမှာ၊ သူက သူတို့ဂိုဏ်းရဲ့နာမည်ကိုတော့ ပြောသွားနိုင်ခဲ့တယ်၊ ပြီးတော့ အသက်ထွက်သွားတယ်လို့ ကြားဖူးတယ်၊ အဲဒီမှာ အဲဒီဂိုဏ်းရဲ့ ခြေလမ်းဟာ သိမ်းသွားတယ်၊ နောက်ထပ် အမှုတွေဘာတွေလည်း မပေါ်တော့ဘူး..၊ မရှိတော့ဘူးလို့တောင်ထင်နေတာ..၊ အခုတစ်ခါ ပေါ်လာပြန်ပြီဆိုတော့ ဒီဂိုဏ်းဟာ အသက်ရှိနေသေးတယ်ပေါ့ဗျာ.." ဟု ပြောလေ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ..၊ ဒီအမှုမျိုးကတော့ ပေါ်မှဖြစ်မယ်၊ တယ်လည်း လက်ရဲဇက်ရဲနိုင်တာကိုးဗျ၊ လူတစ်ယောက်ကိုသတ်ပြီး သွေးနဲ့ နံရံမှာ တံဆိပ်ရေးသွားတယ်၊ နည်းနည်းနောနော သွေးအေးတဲ့ သတ္တိ မဟုတ်ဘူး..၊ တရားခံကို အမြန်ဆုံးမိအောင်ဖမ်းရမှာပေါ့..၊ မိရင်တော့ ကျုပ်ကတော့ အရိုက်ပဲ၊ ကျုပ်ရဲ့လက်ဝါးကြီးနဲ့တွေ့ရင်တော့ ကြိမ်ဝင်ပို့ စရာမလိုတော့ဘူး.." ဟု ပြောဆိုကာ လက်ဝါးဦးကိုကိုကြီးသည် အားရ ပါးရ ရယ်မောလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား..ဟား..ဟား.."

✌ ✌ ✌ ✌ ✌

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၉)
## မခိုင်တဲ့လူတွေ ဖမ်းထားကြပြီ

ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်ကို ထားခဲ့ပြီးနောက် အင်းစိန်စီအိုင်ဒီသို့ ပြန်ခဲ့ကြလေ၏။ စီအိုင်ဒီသို့ရောက်သောအခါ၌ စုံထောက် ကိုတင်ဝင်းသည် လူသုံးယောက်ကို ဖမ်းဆီးထားပြီး စစ်ဆေးနေ၏။ ကိုစိန်လှမှာမူ မီးရထားလက်မှတ်ရောင်းသမားငါးယောက်ကို ဖမ်းဆီး၍ စစ်ဆေးနေ၏။ ဆရာစိန်မှာမူ အခင်းဖြစ်ပွားသောခြံကြီး၏ပိုင်ရှင် မရဝါရီ ကုလားကြီးအား စစ်ဆေးနေ၏။

နောက်တစ်နေ့ သတင်းစာများတွင် ထိုလူသတ်မှုအကြောင်းအရာများ ပါလာလေတော့၏။ ထို့ကြောင့် ရန်ကုန်ပုလိပ်မင်းကြီးသည် စီအိုင်ဒီမှ မစ္စတာကာရစ်ပင်အား တယ်လီဖုန်းဆက်၍ ထိုအမှု၏အခြေအနေကို မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။ ထိုအခါ၌ မစ္စတာကာရစ်ပင်လည်း တစ်စုံတစ်ရာကို ပြေဆိုနိုင်ခြင်းမရှိသည့်အလျောက် ကျွန်ုပ်တို့အား ကြိမ်းမောင်းလေတော့၏။ သူ၏ရုံးခန်းအတွင်းသို့ ကျွန်ုပ်တို့အား ခေါ်ယူပြီးလျှင် –

"မြည်းသတ္တဝါလို ဉာဏ်တိုင်းတဲ့ မြန်မာအမှုထမ်းတွေ..၊ ကျွန်ုပ်ခေါင်းကို အထက်က တူနဲ့ထုနေပြီ၊ သင်တို့အားလုံး ငိုက်မြည်းနေကြတုန်းပဲလား.." ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် ကျွန်ုပ်တို့အား ကြိမ်းမောင်းနေလေ၏။ ဦးကိုကိုကြီးသည် အကြိမ်းခံရကြောင်းသိသောအခါ၌ ကျွန်ုပ်၏ရုံးခန်းသို့လာရောက်ကာ –

"အိုင်ဆေး ကိုအောင်သင်းရေ၊ မစ္စတာကာရစ်ပင်ကတော့ ရောက်သီးမစားဘဲ ကြိမ်းနေပြီ၊ ဒီအမှုမပေါ်မခြင်း ကျုပ်တို့ကတော့ မြည်းသတ္တဝါဘဝက လွတ်မှာမဟုတ်တော့ဘူး.." ဟု ပြောလေ၏။

"ဒီအမှုပေါ်အောင်ဆိုတာကလည်း ဦးကိုကိုကြီးရယ်.. ကျုပ်တို့ ခင်ဗျားတို့က ဘာများတတ်နိုင်မှာလဲ..၊ ဆားပုလင်းနှင်းမောင်ကြောင့်ပဲ ပေါ်ရမှာပဲမဟုတ်လား..၊ အဲဒီတော့ ကျုပ်တို့ တတ်နိုင်တာ တစ်ခုပဲရှိတယ်၊ ကိုနှင်းမောင်ကြီးတစ်ယောက် ကျန်းမာဖို့၊ ချမ်းသာဖို့၊ အလုပ်မပြုတ်သွားဖို့ ဒါပဲဆုတောင်း မေတ္တာပို့သဖို့ရှိတယ်.."ဟု ကျွန်ုပ်က ပြောမိလေ၏။

"ဒီလူကြီး ဒီနေ့လည်းရုံးမတက်ဘူးဗျ..၊ ဘယ်ကိုရောက်သွားနေလဲမသိဘူးဗျ.." ဟု ဦးကိုကိုကြီးက ပြောလိုက်လျှင် ကျွန်ုပ်က –

"သူ့အကြောင်းလည်း ခင်ဗျားသိသားပဲဗျာ..၊ ဒဏ်ရာရပြီးလွတ်သွားတဲ့သားကောင်နောက်ကို မုဆိုးကလိုက်သလို တရားခံနောက်ပဲ လိုက်နေမှာပေါ့..၊ တရားခံမမိမချင်း ရောက်လာမှာမဟုတ်ဘူးဗျ..၊ တရားခံ



www.burmeseclassic.com

www.burmeseclassic.com



...ဒီမှ တရားခံကို လက်ထိပ်ခတ်ပြီးခေါ်လာမှာ၊ အဲဒီကျမှ ရုံးတက်မှာ..."
...ု ပြောမိလေ၏။

"သူမလာလည်း ကျုပ်တို့က သူ့ဆီသွားမယ်ဗျာ.. ဒါမှ အမှုသွား
...လာလေးသိမှာပေါ့.." ဟု ဦးကိုကိုကြီးကပြောလျှင် ကျွန်ုပ်လည်း
...စကားကို သဘောတူကြောင်း ခေါင်းကိုညိတ်ပြလိုက်လေတော့
...သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

## အေးချမ်းစွာ တဖေယာထိုးနေတဲ့ ဆားပုလင်းနှင်းမောင်

ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ညနေရုံးဆင်းသောအခါ၌ ဆားပုလင်းနှင်းမောင်ဆီသို့ သွားရောက်ခဲ့ကြလေ၏။

ကျွန်ုပ်တို့ရောက်သွားသောအခါ၌ ကိုနှင်းမောင်အား အေးချမ်းစွာ တဖေယာထိုးနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ဦးကိုကိုကြီးက အိမ်ပေါ် တက်ရင်း –

"ကိုနှင်းမောင်တစ်ယောက်ကတော့ မနာလိုစရာပဲဗျား..၊ ကျုပ်တို့ကတော့ မြည်းသတ္တဝါတွေဆိုပြီး အဆူခံနေရပြီ၊ ခင်ဗျားကတော့ တဖေယာလေးတက္ကိုက္ကိုနဲ့ ငြိမ့်နေတယ်ပေါ့လေ.." ဟု ပြောလိုက်ရာ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

က –

"ဒီလိုလည်း မပြောနဲ့လေဗျာ. . .၊ ကျုပ်တို့နဲ့ ကိုနှင်းမောင်နဲ့
ကွာတဲ့အချက်ရှိတယ်၊ ကျုပ်တို့က ရာထူးသိပ်ပြီးတက်ချင်တယ်၊ သူက
မတက်ချင်ဘူး၊ ကျုပ်တို့က သိပ်ပြီး အလုပ်ပြုတ်မှာကြောက်တယ်၊ သူက
မကြောက်ဘူး. . .၊ အဲဒီတော့ ကျုပ်တို့ ရင်ပူနေတဲ့အချိန်မှာ သူက အေးချမ်း
နေတာပေါ့ဗျာ. . ." ဟု ပြောလိုက်မိလေ၏။

ကိုနှင်းမောင်လည်း ကျွန်ုပ်တို့လာသည်ကိုမြင်လျှင် တယောကို
ပြီး တိုင်တွင်ချိတ်လိုက်၏။ ဦးကိုကိုကြီးက –

"ဒီမှာ ကိုနှင်းမောင်. . . ခင်ဗျားတယောထိုးတာကို မကြာခဏ
နားထောင်ဖူးပါတယ်ဗျာ. . . နားထောင်လို့တော့ အတော့်ကို ကောင်းပါတယ်
ဒါပေမဲ့ ဘာသီချင်းကိုထိုးနေမှန်း မသိဘူးဗျ. . ."ဟု ပြောလိုက်ရာ ဆားပုလင်း
နှင်းမောင်က –

"သီချင်းမဟုတ်ဘူး ဦးကိုကိုကြီးရဲ့. . . စိတ်ကူးတွေ့ရာ၊ လက်သွား
ရာတွေ စမ်းထိုးနေတာ. . ." ဟု ပြန်၍ဖြေလေ၏။

ထို့နောက် ကျွန်ုပ်တို့သုံးဦးသည် သီတာလမ်းထိပ်တွင်ရှိသော
'အောင်သပြေဒေါ်တင်ညွန့်' လက်ဖက်ရည်ဆိုင်သို့ သွားရောက်ကာ လက်
ဖက်ရည်သောက်ကြ၏။ လက်ဖက်ရည်သောက်ရင်း ကျွန်ုပ်က–

"ဘယ်လိုလဲ အိုင်ဆေး. . . တရားခံမိဖို့ နီးစပ်ပြီလား. . ."ဟု
မေးလိုက်လျှင် ဆားပုလင်းနှင်းမောင်က –

"သိပ်ပြီး ကြာမယ်မထင်ပါဘူးဗျာ. . .၊ ရန်ကုန်မြို့အနှံ့ ကျုပ်ရဲ့
စုံထောက်တွေ လွှတ်ထားပါတယ်၊ အခုလောက်ဆိုရင် ကျုပ်ရဲ့စုံထောက်
ကျုပ်အိမ်ရှေ့ကို ရောက်လောက်နေပြီ. . ." ဟု ပြော၍ဆ,လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက် ကျွန်ုပ်တို့သုံးယောက်သည် စကားတပြောပြောနှင့် ဆားပုလင်းမောင်၏အိမ်သို့ ပြန်လာခဲ့ကြ၏။ ထိုအိမ်သို့မရောက်မီတွင် အိမ်ရှေ့က်ဖောင်းပေါ်၌ စုတ်ပြတ်ပေရေနေသော သူတောင်းစား(၁၅)ယောက်ကို တွေ့ရလေ၏။ ထိုသူတောင်းစားများသည် ဆားပုလင်းနှင်းမောင်ကို လိုက်လျှင် "ဆား လာပြီ"ဟု ဝိုင်း၍အော်ကြလေ၏။ ထိုအခါ ဆားင်းနှင်းမောင်က -

"ကဲ ဘယ်လိုလဲ‥ ခွက်တစ်လုံးပိုင်ရှင်တို့‥" ဟု မေးလိုက် သူတောင်းစားများက မိမိတို့တာဝန်ကျရာ နေရာများကို ပြောပြ၍ ပုလင်းနှင်းမောင်ရှာခိုင်းလိုက်သည်ကို မတွေ့ရကြောင်း ပြောပြကြလေ

"ဘူတာရုံနဲ့ သင်္ဘောဆိပ်တွေမှာ တာဝန်ကျတဲ့ ခွက်တစ်လုံးင်တွေက ပိုပြီးအရေးကြီးတယ်နော်‥၊ အဝေးပြေးသွားတဲ့ကားည်းရှိတယ်မဟုတ်လား‥ အဲဒီနေရာတွေကိုလည်း ဂရုစိုက်ရမယ်‥" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် သူတောင်းစားတစ်ဦးက -

"ကမ်းနားဆိပ်မှာတာဝန်ကျတာ ငါးယောက်လေ‥၊ ကျွန်မအေးရယ်၊ ကျွန်မညီမ ဟောဟိုမှာထိုင်နေတဲ့ ရွှန်းလဲ့မျက်ဝန်းရယ်၊ ကြီးရယ်၊ ထိပ်ခေါင်ရယ်၊ ပြုံင်ဘက်ကင်းရယ်၊ ပြီးတော့ ဘူတာကြီး တာဝန်ကျတာက ပုလဲသန္တာဆိုတဲ့ ဟိုကုလားမလေးရယ်၊ ဆုရည်ဆိုတဲ့ ဟိုခြေထောက်တစ်ဖက်မရှိတဲ့ ကောင်မလေးရယ်၊ ကိုငွေ ခွေးမာန်အောင်ရယ်ဖြစ်ပါတယ်၊ ကျန်တာတွေကတော့ နေရာအတိရှိဘူး ဘောက်ဆင်းတွေပဲ"ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်း



www.burmeseclassic.com

www.burmeseclassic.com

နှင်းမောင်က -

"ကောင်းပြီလေ.. ကြိုးစားကြပေါ့၊ အဲဒီတရားခံမိတော့လည်း ကျုပ်က ရာထူးမတက်ပါဘူး၊ ခင်ဗျားတို့အနေနဲ့လည်း တောင်းစားရတဲ့ဘ က မလွတ်ပါဘူး၊ တောင်းမြဲတောင်းရမှာပဲ.. ဘာမှ ပိုမထူးလာဘူး၊ ဒါေ မဲ့ လောကကြီးမှာ ဆိုးသွမ်းတဲ့လူတွေ လျော့ပါးသွားအောင်ကတော့ ခင်ဗျားတို့မှာလည်း တာဝန်ရှိတယ်၊ ကျုပ်မှာလည်း တာဝန်ရှိတယ် လူတိုင်းမှာတာဝန်ရှိတယ်၊ ဒါကြောင့် တာဝန်တစ်ခု ထမ်းဆောင်နေတယ် လို့နားလည်ပြီး မြင့်မြတ်တဲ့စိတ်ထားနဲ့ အလုပ်လုပ်ကြတာကို လေးစာ ပါတယ်.." ဟု ပြောလိုက်လျှင် -

"ဆားကြီး ကျန်းမာပါစေ.." ဟု ပြောကာ ပြန်သွားကြေ တော့၏။ ထိုအခါ ကျွန်ုပ်က -

"ဘယ်လိုလဲ ကိုနှင်းမောင်ရဲ့.. ဒီလူတွေအပေါ် မီးသေလှချ လား.." ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က -

"ဒီလိုအိုင်ပီရဲ့.. ဒီလူတွေအားလုံးဟာ ရန်ကုန်မြို့အနှံ့လျှော ပြီးတောင်းရင်း လက်ဆော့ခဲ့ကြတဲ့လူတွေလေ..၊ သူများ လှမ်းထားတဲ့ အဝတ်ကို ရုတ်လာတယ်၊ အိမ်ရှေ့မှာ လူမရှိရင် အိမ်ပေါ်ကပစ္စည်းက အလစ်တက်ဆွဲခဲ့ကြတဲ့လူတွေဖြစ်တယ်၊ အဲဒီအမှုတွေနဲ့ ဂါတ်ကိုရောက် ဖူးခဲ့ကြတာပေါ့၊ အဲဒါတွေကို ပိုင်ရှင်တွေကျေနပ်အောင် လျော်စရာရှိတာ တွေကို လျော်ပေးပြီး ထောင်ထဲမရောက်အောင် လုပ်ပေးခဲ့တော့ ကျုပ် သူတို့က သိပ်ပြီးချစ်ကြတာ၊ ကျုပ်ကို ဒါကြောင့် "ဆားကြီး ဆားကြီး" ချစ်စနိုးခေါ်ကြတာ၊ ဒါကြောင့်လည်း အရေးကြီးတဲ့ကိစ္စတွေမှာ ရန်ကု အနှံ့ဖြန့်ပြီး တရားခံရဲ့အနံ့ကို ခံခိုင်းရတာပဲ၊ သတင်းထူးရင်လည်း ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်း မခိုင်းခိုင်း ကျုပ်ကို လာပြီးပြောကြတာပါပဲ..၊ သူတို့က ကျုပ်ကို ကြီးလို့ ခေါ်သလို ကျုပ်ကလည်း သူတို့ကို ခွက်တစ်လုံးသခင်လို့ခေါ် ယ်"ဟု ပြောကာ ရယ်လေတော့၏။ ထိုအခါ ဦးကိုကိုကြီးက –

"ခင်ဗျားရဲ့သူတောင်းစားတွေက နာမည်တယ်ကောင်းပါလား..၊ ပါအေး၊ ရွှန်းလဲ့မျက်ဝန်း၊ ဆုရည်နှင်းလဲ့၊ ပုလဲသန္တာတဲ့.." ဟု ပြော ရယ်လိုက်ပြန်လျှင် –

"သူတို့တာဝလေးတွေက မလှကြလေတော့ နာမည်လေးတွေတော့ ပါစေဆိုပြီး ကျုပ်ကိုယ်တိုင်မှည့်ပေးထားတာဗျ.."ဟု ဆားပုလင်း မောင်က ကျေနပ်အားရသောလေသံဖြင့် ပြောလိုက်လေတော့သတည်း။

ဳ ဳ ဳ ဳ ဳ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၁)

## တစ်ယောက်တည်း စစ်တုရင်ထိုးနေသော ဆားပုလင်းနှင့်မောင်

အထက်ဖော်ပြပါ အဖြစ်ပျက်များဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာသောအခါ၌ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင့်မောင် နေထိုင်ရာ အမှတ်(၂၉၅) ဘိုးလိန်းလမ်း(ယခုဗညားဒလလမ်း)ဆီသို့ သွားရောက်ခဲ့လေ၏။ ကျွန်ုပ်တို့ရောက်သွားချိန်၌ ဆားပုလင်းနှင့်မောင်သည် တစ်ယောက်တည်းထိုင်၍ စစ်တုရင်ရွှေ့နေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ဦးကိုကိုကြီးက –

"ဘယ်လိုလဲ ကိုနှင်းမောင်. . . စစ်တုရင်က နှစ်ယောက်မှ ကစားရတာ မဟုတ်လား. . .၊ ဘယ့်နှယ့်ကြောင့် တစ်ယောက်တည်း ကစားနေတာ

www.burmeseclassic.com

www.burmeseclassic.com

တုံး. . ." ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က –

"တစ်ယောက်တည်း စစ်တုရင်ကစားနေတာမဟုတ်ပါဘူးဗျာ. . .၊ စစ်တုရင်ရှေ့နည်းဖော်မြူလာတွေရှိတယ်ဗျ၊ အဲဒီအထဲမှာ 'အဲဗားဂရင်း' ဆိုတဲ့ဖော်မြူလာကို ကျုပ်က အကြိုက်ဆုံးဗျ၊ အဲဒါလေး မေ့သလိုလိုရှိနေလို့ ပြန်ပြီးလေ့ကျင့်နေတာပါ. . ." ဟု ပြန်၍ပြောလေ၏။

"ပြိုင်ပွဲဝင်မလို့လား. . ." ဟု ကျွန်ုပ်က ဆားပုလင်းနှင်းမောင်ကို မေးလိုက်လေ၏။

"ပြိုင်ပွဲဝင်ရလောက်အောင်လည်း မတော်ပါဘူးဗျာ. . ." ဟု ဆားပုလင်းနှင်းမောင်က ပြန်ဖြေရင်း သူ၏ စစ်တုရင်ခွက်ကို ပြန်၍ သိမ်းလိုက်လေ၏။ ထို့နောက် ၎င်းသည် ကျွန်ုပ်တို့အား အောင်သပြေလက်ဖက်ရည်ဆိုင်သို့ ခေါ်သွားပြီးလျှင် လက်ဖက်ရည်တိုက်လေ၏။ ဦးကိုကိုကြီးသည် လက်ဖက်ရည်ကို တစ်ကျိုက်မျှ မော့သောက်လိုက်ပြီးနောက် –

"သက်နှင်းကျွန်းလူသတ်မှုမှာ နံရံပေါ်မှာ သွေးနဲ့ရေးသွားတဲ့ တံဆိပ်ကလေးတစ်ခုကို ကျုပ် မှတ်မိနေတယ်ဗျ၊ အဲဒါ လူသတ်သမားရေးသွားတဲ့တံဆိပ်ပဲ၊ ပြီးတော့ အဲဒီဥစ္စာဟာ သူတို့ လူဆိုးဂိုဏ်းရဲ့ သင်္ကေတလည်း ဖြစ်နိုင်တယ်၊ မဟုတ်ဘူးလားဗျာ ကိုနှင်းမောင်. . ."ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က –

"ဒီလိုရှိတယ် ဦးကိုကိုကြီးရဲ့၊ မြန်မာပြည်မှာ သူခိုးတော့ရှိတယ်၊ သူခိုးကလည်း တစ်ယောက်ချင်း နှစ်ယောက်ချင်းလောက် ခိုးတာပါဗျာ. . . အဖွဲ့ရယ်လို့တော့ မရှိပါဘူး. . .၊ ဓားပြကတော့ လေးငါးခြောက်ယောက် စုပေါင်းပြီးတိုက်ရတာပေါ့. . .၊ ဒါပေမဲ့ ဂိုဏ်းလို့ခေါ်ရလောက်အောင်လည်း မရှိပါဘူး၊ အိမ်တစ်အိမ်ကို ဓားပြတိုက်တော့မယ်ဆိုရင် လေး



www.burmeseclassic.com

www.burmeseclassic.com





ယောက်လောက် ပေါင်းပြီး တိုက်လိုက်တာပါပဲ . . ၊ ပြီးရင် ဝေစုခွဲ ယူသွားပြီး သုံးတာပါပဲ၊ အဖွဲ့အသင်းကြီးမဟုတ်ပါဘူး . . ၊ ပြီးတော့ ဟိုနား ဒီနားမှာ လူမိုက်တို့ လူဆိုးတို့တော့ ရှိကြတာပေါ့၊ ဒါပေမဲ့ အသင်းအဖွဲ့ ရယ်လို့တော့ မဟုတ်ပါဘူး၊ တစ်ယောက်ချင်း ချွန်မိုက်ကြတာပါ၊ အသင်း အဖွဲ့ဆိုတာက ဒီအတိုင်း လုပ်လို့မရဘူးလေ . . တူညီတဲ့ယုံကြည်ချက်တွေ ရှိရတယ်၊ အသင်းဝင်၊ အဖွဲ့ဝင်ဖြစ်ဖို့ အရည်အချင်း အချက်အလက်တွေ သတ်မှတ်ထားရတယ်၊ လိုက်နာဖို့ စည်းကမ်းတွေ ရေးဆွဲထားရတယ်၊ ပြီးတော့ အသုံးပြုဖို့ တံဆိပ်တွေ၊ အလံတွေရှိရတယ်၊ ဦးတည်ချက်ဆောင်ပုဒ်တွေဘာတွေ ရှိရတယ်၊ ရာဇဝတ်ဘက်မှာလုပ်နေတာ ကြာပြီပဲဗျာ . . ၊ ဒီလိုမျိုးလုပ်နေတဲ့ လူဆိုးအဖွဲ့ရယ်လို့ ခင်ဗျားတို့ ကြားဖူးလို့လား" ဟု မေးလိုက်ရာ ဦးကိုကိုကြီးရော ကျွန်ုပ်ပါ ခေါင်းခါလိုက်ကြရလေ၏။

"လူဆိုးဟာ လူဆိုးပေါ့ဗျာ . . ၊ ဓားပြဟာ ဓားပြပေါ့၊ သူခိုးဟာ သူခိုးပေါ့၊ ဒါတွေဟာ အသက်မွေးဝမ်းကြောင်းအလုပ်တွေပါ၊ တူညီတဲ့ ယုံကြည်ချက်တို့၊ တူညီတဲ့သဘောတရားတို့ ဘယ်ကလာ ရှိကြမှာတုန်း၊ ခိုးလို့ တိုက်လို့ရတာကို ဝေစုခွဲပြီး သုံးဖြုန်းပစ်ကြတာပဲ၊ ပြီးတော့လည်း ထောင်ကျကြတာပဲပေါ့ဗျာ . . ၊ ဒါကြောင့်လည်း မြန်မာပြည်မှာရှိတဲ့ လူဆိုးအဖွဲ့က ဗြိတိသျှအစိုးရကို ခြိမ်းခြောက်နိုင်တဲ့အဖွဲ့မျိုး ရှိခဲ့ဖူးလို့လား . . " ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ပြန်လျှင် —

"မရှိခဲ့ပါဘူး . . ၊ ဆိုးယုံသက်သက် ဆိုးနေကြတာပါ၊ တိုင်းရေးပြည်ရေးသဘော မပါပါဘူးဗျာ . . ၊ ကျုပ်တို့ပုလိပ်တွေက ချေမှုန်းလိုက်တာနဲ့ပဲ ကျေပျက်ပျောက်ကွယ်သွားကြတာပါပဲ . . "ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ဦးကိုကိုကြီးကမူ ခေါင်းတဆတ်ဆတ် ညိတ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဦးကိုကိုကြီးက –

"လူဆိုးအဖွဲ့တွေရဲ့ သဘောက ခေါင်းဆောင်ကိုဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ကျုပ်တို့ပုလိပ်က ဖမ်းမိတာနဲ့ ဇာတ်သိမ်းကြတာများပါတယ်၊ နောက်ထပ် ပေါ်မလာတော့ဘူး. . ." ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က –

"မှန်တာပေါ့ဗျာ. . . စပြီးဖွဲ့စည်းကတည်းက စနစ်တကျဖွဲ့ စည်းထားတာမှမဟုတ်ဘဲ၊ စုပြီး ခါးပြတိုက်တာလောက်ပဲရှိတာ၊ ခေါင်းဆောင်လုပ်တဲ့လူကိုဖမ်းမိရင် နောက်လိုက်တွေ ဇာတ်မြှုပ်ပြီး ပျောက်ကုန်ကြတာပါပဲ. . .၊ နောက်လိုက်တစ်ယောက်ကို ဖမ်းမိရင်လည်း ခေါင်းဆောင်ပါထွက်ပြေးပြီး ဇာတ်မြှုပ်ပစ်လိုက်တာပါပဲ၊ ဒီတော့ ဘယ်ကလာ တည်မြဲမလဲဗျာ၊ ဒါကြောင့် ကျုပ်တို့တိုင်းပြည်မှာ လူဆိုးဂိုဏ်းရယ်လို့ ကျကျနနမရှိတာပေါ့၊ အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ အသင်းအပင်းပဲဖြစ်ဖြစ်၊ ဂိုဏ်းပဲဖြစ်ဖြစ် တူညီတဲ့ယုံကြည်မှုနဲ့ ဖွဲ့စည်းထားတာမဟုတ်ရင် မခိုင်မြဲဘူးဗျ၊ တစ်ခု စဉ်းစားကြည့်လေ စောစောကပြောတဲ့ လူဆိုးတွေသာ ဂိုဏ်းအဖြစ် မတည်မြဲကြတာဗျ၊ လောကီ ပညာဂိုဏ်းတွေကတော့ တည်မြဲတယ်နော်. . .၊ ဥပမာ စမဝိဇ္ဇာဂိုဏ်း၊ ဘုရားငါးဆူဂိုဏ်း၊ တောင်စဉ်ခုနစ်ထပ်ဂိုဏ်း စသည်ဖြင့်ပေါ့ဗျာ၊ သူတို့ကတော့ လူဆိုးတွေမဟုတ်ပါဘူး၊ သူတို့ယုံကြည်တဲ့ လောကီပညာတစ်ခုခုကို အစုအသင်းနဲ့ လိုက်စားနေကြတာပါ၊ ဦးစီးခေါင်းဆောင်လုပ်တဲ့သူ သေသွားလည်း နောက်လူက ခေါင်းဆောင်တက်လုပ်ပြီး မပြိုကွဲအောင် ထိန်းထားကြတာပေါ့၊ ကဲ အခု ခင်ဗျားတို့ နံရံမှာတွေ့ခဲ့တဲ့ မြေလျှိုးမိုးပျံတံဆိပ်ဟာ ကြက်ခြေခတ်ကလေးပေါ်က မြားခေါင်းဟုတ်လား၊ သူ့မူရင်းက ကြက်ခြေခတ်ပေါ်မှာ အဝိုင်းကလေးဗျ၊ အဲဒါက ရှေးဟောင်း




www.burmeseclassic.com

www.burmeseclassic.com



အီဂျစ်လူမျိုးတွေက အသက်ဓာတ်လို့ယုံကြည်တဲ့ သူတို့အခေါ်က 'အင့်ခ်' လို့ခေါ်တဲ့ တံဆိပ်လေးပဲ၊ ဟောဒီမှာကြည့်'' ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် စာရွက်ပေါ်တွင် အောက်ပါတံဆိပ်ကလေးကို ရေးပြလိုက်သော်၏။



ထို့နောက် ဆားပုင်းနှင်းမောင်ကပင် –

''အဲဒီတံဆိပ်ကလေးဟာ မြန်မာပြည်က လောကီပညာရှင်တွေဆီကို ဘယ်ပုံဘယ်နည်းရောက်လာတယ်ဆိုတာတော့ မပြောနိုင်ဘူး၊ ဒါပေမဲ့ ရောက်လာတယ်ဆိုတာတော့ အမှန်ပဲဗျို့၊ အချို့က အဲဒီတံဆိပ်ကလေးကို အင်းခင်ထိုးထားတာလည်း တွေ့ရတယ်၊ စမအဖြစ် သုံးနေတဲ့နေရာတွေလည်း တွေ့ဖူးပါတယ်၊ ဒါပေမဲ့ အတော့်ကိုနည်းပါတယ်၊ ပန်းတောင်းတို့ ပင်းတုန်းတို့၊ မင်းတပ်တို့၊ ဟိုဘက်က အလွန်ခေါင်တဲ့ ချင်းရွာတွေမှာ အဲဒီသင်္ကေတလေးတွေ သွားတွေ့ရတယ်ဗျ၊ ကျုပ် လေ့လာမိသလောက်ဆိုရင် အဲဒီတံဆိပ်ကလေးဟာ ကြာပြီပဲဗျ၊ ဟိုပန်းတောင်းဘက်သာခေတ်



www.burmeseclassic.com

www.burmeseclassic.com

လောက်ကတည်းက ရောက်နေတယ်ဆိုပဲ၊ အချို့ခေါင်တဲ့နေရာတွေမှာ ပြူစားတဲ့အတတ်လိုဟာတွေမှာ အဲဒီတံဆိပ်ကလေးတွေကို တွေ့ရတယ်၊ ကျုပ်ရဲ့မိတ်ဆွေ ဗေဒင်ဆရာတစ်ယောက်ကတော့ အသက်အန္တရာယ်ကင်းတယ်ဆိုပြီး လက်စွပ်လုပ်ပြီးဝတ်ထားတာတွေ့ရတယ်၊ သူ့ကိုမေးကြည့်တော့လည်း သူက ဂဃနဏမပြောနိုင်ရှာပါဘူး၊ သူပြောနိုင်တာက တစ်ခုပဲရှိတယ်၊ အသက်ရှည်တယ်တဲ့၊ အဲဒီတော့ အဲဒါနဲ့ပတ်သက်တဲ့ လောကီပညာကျမ်းတစ်ခုဟာ သားစဉ်မြေးဆက် တည်တံ့လာခဲ့တာပဲ၊ အခ[illegible]ကို ကျစ်လစ်သိပ်သည်းတယ်။

ဒါပေမဲ့ အဲဒီကျမ်းဟာ နောက်ဆုံးမှာ ပျက်သွားတယ်၊ ပျက်သွားတဲ့အခါမှာ အစအနတောင် ရှာလို့မရအောင် ပျက်သွားတယ်လို့ ကြားတယ်၊ ဒါပေမဲ့ ကျမ်းသားတစ်ယောက်ရဲ့ မယားပါသားဖြစ်တဲ့ ဒီဗွန်ဆိုတဲ့လူတစ်ယောက်ဟာ သူ့ရဲ့ပထွေးဆီကနေ အဲဒီပညာရဲ့ သဲလွန်စကို ရသွားတယ်၊ အဲဒီမှာ သူက 'မြေလျှိုးမိုးပျံ'ဆိုတဲ့ လောကီကျမ်းတစ်ခုကို စတင်တည်ထောင်တော့တာပဲဗျို့၊ အခု ကျုပ်ပြောတာတွေဟာလည်း အတိအကျမဟုတ်ဘူးဗျ၊ ကျုပ်ကြားဖူးထားတာတွေကို မှတ်တမ်းလုပ်ထားတဲ့ မှတ်တမ်းအရပြောတာ၊ ဒီလူသတ်မှုက တရားခံကိုမိခဲ့ရင်တော့ ဒီကျမ်းအကြောင်း ဂဃနဏမှတ်တမ်းတင်ထားနိုင် ပြီပေါ့ဗျာ..." ဟု ပြောကာ စကားကို အဆုံးသတ်လိုက်ပြီး ရေခဲတောင်တံဆိပ်စီးကရက်ကို မီးညှိကာ ရှိုက်ဖွာ၍ မီးခိုးများကို မှုတ်ထုတ်နေလေတော့၏။

ထိုအချိန်၌မှာပင် အိမ်ရှေ့မှနေ၍ –

"သနားကြပါရှင်..." ဟု အော်သံကို ကြား၍ ကြည့်လိုက်ရာ ညစ်ပတ်ပေရေနေသော အဝတ်အစားများကိုဝတ်ထားသည့် အသက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်အရွယ် သူတောင်းစားမလေးတစ်ဦးသည် ခွက်တစ်လုံးနှင့် တောင်းနေသည်ကို တွေ့ရလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုသူတောင်းစားမလေးကို လှမ်း၍ကြည့်ပြီးနောက် –

"ဟဲ့ ရွှန်းလဲ့မျက်ဝန်း.. ဒီကိုလာခဲ့၊ ဘာပြောစရာရှိလဲပြော.." ဟု ပြောလိုက်လျှင် သူတောင်းစားမလေးသည် အိမ်ပေါ်သို့ အပြေးအလွှားတက်လာ၏။ ထို့နောက် ၎င်းက –

"ကလဗတ်လမ်း(ယခု ဦးဖိုးကျားလမ်း)ထိပ်က ရထားလုံး စတင်း နံပါတ်(၁၃)ရထားလုံးကို တွေ့ရတယ်၊ နောက်ဘီးက ဆောလစ်တာရာဟာ ခွေထက် လေးလက်မတိုပြီးပတ်ထားတယ်.."ဟု ပြောလိုက်လျှင် ဆရာပုလင်းနှင်းမောင်က –

"နေပါဦး ရွှန်းလဲ့ရဲ့.. လေးလက်မတိတိဖြစ်ကြောင်း နင် ဘယ်လို လုပ်သိသလဲ.." ဟု မေးလိုက်လျှင် –

"ကျွန်မလက်သီးဆုပ်ဟာ လက်မကနေ လက်သန်းထိပ်ထိ ကြည့်လိုက်ရင် လေးလက်မရှိတယ်၊ ပြီးတော့ မြင်းရဲ့ဘယ်ဘက် နောက်မှာလည်း ပါးနေတယ်၊ ခွာသုံးချောင်းက အသစ်၊ တစ်ချောင်းပဲ ပါးနေတာ၊ ဒီသံခွာကိုလည်း ဒီမနက်မှာ ဘီလူးမဈေးနားက သံခွာဆိုင်မှာ အသစ် ပါနေတယ်၊ အဲဒီမြင်းလှည်းမောင်းသမားဟာ ကုလား၊ သူ့ရဲ့နာမည်က သားလို့ခေါ်တယ်၊ သူ့အိမ်ကိုတော့ ကျွန်မ မသိဘူး၊ နေ့ခင်း ထမင်းစားချိန် အိမ်ကိုပြန်တယ်...၊ ကျွန်မ လိုက်မကြည့်နိုင်ဘူး..၊ ဒါကြောင့် မအေ န်းထိပ်မှာတောင်းနေတဲ့ ထိပ်ခေါင်ကိုခေါ်ပြီး လိုက်ကြည့်ခိုင်းလိုက်တယ်၊ ကြီးကို တိုင်ရဦးမယ်...၊ ထိပ်ခေါင်ဟာ ကျွန်မခိုင်းလိုက်တာကို ချက်ချင်းမလုပ်ဘူး၊ ဈေးဦးမပေါက်သေးဘူးဆိုပြီး ဆက်ပြီးတောင်းနေတယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ရန်ဖြစ်ရသေးတယ်၊ သူက ကျွန်မကို သူတောင်းစားမလို့ ဆဲတယ်၊ အဲဒါ ကျွန်မ ခံနိုင်ဘူး. . ." ဟု ရွှန်းလဲ့မျက်ဝန်းကပြောလျှင် ကျွန်ုပ်နှင့် ဦးကိုကို ကြီးသည် တစ်ဦးမျက်နှာကို တစ်ဦးကြည့်၍ ပြုံးရလေ၏။ ထိုအခါ၌ ဆားပု လင်းနှင်းမောင်က –

"နေစမ်းပါဦး ရွှန်းလဲ့ရဲ့. . .၊ နင်က တောင်းစားနေတာပဲ၊ သူ တောင်းစားမလို့ပြောတာ နာစရာလား. . ." ဟု မေးလိုက်ရာ ထိုသူတောင်း စားမလေးက –

"ကျွန်မဟာ တောင်းစားတဲ့အချိန်မှာ သူတောင်းစားမပါပဲ၊ ဒါပေ မဲ့ တောင်းမစားတာ တစ်ပတ်ရှိပြီ၊ ဆားကြီးခိုင်းထားလို့ ဒီအမှုကို စုံထောက်လုပ်နေတာ. . ."ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ထိုသူတောင်းစားမလေးအား ဆလံပေး၍ –

"လေးစားပါတယ်. . ." ဟု ပြောလိုက်လေ၏။ ထိုအချိန်မှာပင် သူတောင်းစားတစ်ယောက် ရောက်လာပြန်၏။ ထိုသူတောင်းစားကို ဆား ပုလင်းနှင်းမောင်က –

"ဟေ့ကောင် ထိပ်ခေါင်ရွှန်းလဲ့တာဝန်ပေးတာကို မင်းက မလုပ် ဘူးဆို. . ." ဟု မေးလိုက်ရာ ထိပ်ခေါင်ဆိုသောသူတောင်းစားက –

"ဒီလိုပါဆရာဆားရယ်. . . ဒီကိစ္စဟာ ဆရာ့အတွက်လည်း မဟုတ် ဘူး၊ သူ့အတွက်လည်းမဟုတ်ဘူး၊ ကျွန်တော့်အတွက်လည်း မဟုတ်ဘူး လူသတ်တရားခံကို အမြန်ဆုံးဖော်ထုတ်နိုင်ဖို့ပဲမဟုတ်လား. . .၊ အဲ တရားပေါ်ပေါက်ဖို့ဆိုတာ လူသားအားလုံးအတွက်ပေါ့ ဆရာရေ. . . ဒါကြောင့် နက်နက်ရှိုင်းရှိုင်းသဘောထားပြီး ကျွန်တော် အလုပ်လုပ်ပါတယ် ဆရာ့တပည့်မ ရွှန်းလဲ့က သိပ်ပြီးပျာယာခတ်တယ်၊ ကျွမ်းမရဘူး၊ သူ့ကို


www.burmeseclassic.com

www.burmeseclassic.com



သူ့ တကယ့်စုံထောက်မကြီး ထင်နေတယ်၊ ဒါကြောင့် သူ့ရဲ့ တကယ့်ဘဝ ကို မေ့သွားမှာစိုးလို့ သူတောင်းစားမလို့ခေါ်လိုက်တာ၊ အဲဒါ ကျွန်တော့်ကို ဆဲသွားတယ်ဆရာ..'' ဟု ချေပပြောဆိုလေ၏။ ထိုအခါ ဆားပုလင်း နှင်းမောင်က–

''မင်းကို ဘယ်လိုဆဲသွားလို့လဲ..'' ဟု မေးလိုက်လေ၏။

''တာဝန်မကျေတဲ့ကောင်လို့ ဆဲသွားတယ်..၊ အဲဒီ အဆဲဟာ အနုမနဲ့ဆဲတာထက်တောင် နာသေးတယ်၊ ကျွန်တော် တာဝန်မကျေမှာ သိပ်ပြီးကြောက်တယ်ဆရာ..၊ ကျွန်တော်ဟာ လောကီထုပ္ပတ် လူတို့ ဘဝမှာ သူတောင်းစားဇာတ်ရုပ်ကိုကနေရပေမဲ့ ကျွန်တော့်စိတ်ဓာတ်ဟာ မြင့်မြတ်ပါတယ်ဆရာ..၊ ကျွန်တော် မှန်တယ်လို့ယူဆပြီး တာဝန်ယူ ထားတဲ့ကိစ္စကိုလည်း တာဝန်မကျေအောင် ဘယ်တော့မှမလုပ်ပါဘူး..၊ အဲဒီတဲ့က မိန်းမဆိုတော့ နှလုံး သွေးအကျမမှန်ဘူး ဆရာရဲ့..၊ တစ်စက္ကန့် ကို ခုနစ်သံ နှစ်ချက် ဖြစ်နေတယ်၊ သိပ်ပြီးလှုပ်ရှားနေတယ်ဆရာရဲ့..၊ အိတ် (၁၃) ရထားလုံးမောင်းတဲ့နယားကို ကျွန်တော်ကောင်းကောင်းသိပါ တယ်၊ ဒီကောင်ဟာ ဂန်ဂျာသမား၊ မနက်ပိုင်းထမင်းစားပြန်တယ်လို့ ရွှန်းလဲ့ ထင်နေတာ၊ တကယ်က မအူကုန်းအမှိုက်ပုံ အမှိုက်သွန်တဲ့တံတား အောက်မှာ ဂန်ဂျာဝိုင်းရှိတယ်၊ အဲဒီကိုသွားနေတာ၊ အဲဒီမှာ သူက အလ ရွှေချနေရတယ်၊ သူက ဂန်ဂျာကင်းဆရာရဲ့..၊ ရွှန်းလဲ့ ပြန်သွားတဲ့အခါ ကျွန်တော်က ဂန်ဂျာဝိုင်းကို လိုက်သွားတယ်၊ နယားက ဂန်ဂျာရှူပြီးမှ အိမ်ကိုပြန်တာ၊ သူ့အိမ်က ဒိုဘီလိုင်းနောက်က အိမ်စုလေးတွေထဲမှာ ဆရာရဲ့..၊ ရွံ့နဲ့ နွားချေးရောပြီးလုပ်ထားတဲ့ အိမ်လေးပါ ဆရာရယ်..၊ ကျွန်တော် သူ့အိမ်အနားထိ ကပ်ပြီး သွားပါတယ်၊ သူ့အိမ်မှာ လူပိုတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက် နေနေပုံရတယ်၊ ဖိနပ်တစ်ရံ အပိုချွတ်ထားတာကို တွေ့ရတယ်" ဟု ထိပ်ခေါင်က ပြောလိုက် လျှင် ဆားပုလင်းနှင်းမောင်က -

"ဟော့ကောင် ထိပ်ခေါင် မင်းတွေ့ခဲ့တယ်ဆိုတဲ့ အပိုချွတ်ထား တဲ့ဖိနပ်တစ်ရံဆိုတာက ကြိုးသိုင်းဖိနပ်မဟုတ်လား. . ." ဟု မေးလိုက်ရာ-

"ဟုတ်တယ်ဆရာဆား. . . ကြိုးသိုင်းဖိနပ်. . ." ဟု ထိပ်ခေါင် က ပြန်၍ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က -

"နေရာကျပြီဗျို့. . . သေနတ်ပါကြရဲ့မဟုတ်လား. . ." ဟု ကျွန်ုပ် တို့ဘက်သို့ လှည့်၍မေးလိုက်ရာ ကျွန်ုပ်က ချိုင်းအောက်တွင် လွယ်ထား သော ခြောက်လုံးပြူးသေနတ်ကို အကျႌလှန်၍ပြလိုက်၏။ ဦးကိုကိုကြီးက လည်း သူ၏ လက်ဆွဲအိတ်အတွင်းမှ ခြောက်လုံးပြူးကို ထုတ်၍ ထောင် ပြလိုက်၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က -

"ထိပ်ခေါင် မင်းပါလိုက်ခဲ့. . .၊ အိုင်ပီတို့နှစ်ယောက် လက်တော့ မနှေးနဲ့နော်. . . ခုခံမယ်လို့ထင်ရင် ပစ်သာချလိုက်၊ ဒီကောင် သိပ်ပြီးလျှင် တယ်ဗျ. . ." ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက -

"စိတ်ချ စိတ်ချ. . . ငြိမ်ငြိမ်လေး အဖမ်းမခံရင်တော့ ပစ်ပြီးသား ပဲ၊ ဒီမှာ ကိုနှင်းမောင် တရားခံကိုတော့ ကျုပ် ဘယ်တော့မှမဖော်နိုင်ဘူး မိပြီဆိုရင်တော့ ရက်စက်တဲ့နေရာမှ ကျုပ်အပြင် နှစ်ယောက်မရှိဘူး. . . လူပ်တာနဲ့ မောင်းအဖြုတ်ပဲ. . ." ဟု ပြောလေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်တို့သည် ထိပ်ခေါင်ပြောသောနေရာ သို့ မော်တော်ကားကို အပြင်းမောင်း၍ သွားရောက်ကြလေ၏။ ကျွန်ုပ် သည် ထိပ်ခေါင်ပြသောအိမ်ကိုတွေ့လျှင် ရှေ့နောက်ပိတ်၍ သေနတ် ချိန်ထားလိုက်လေ၏။ အိမ်၏ အဝင်ဝတွင်လည်း ကြိုးသိုင်းဖိနပ်တစ်ရံ



www.burmeseclassic.com

www.burmeseclassic.com





တွေ့ရလေ၏။ ဦးကိုကိုကြီးက အိမ်တွင်းသို့ သေနတ်ဖြင့်ချိန်ရင်း –

“ဟေ့ကောင် ဒိပ္ပန် ထွက်ခဲ့..” ဟု ခေါ်၍ထုတ်လိုက်လေ၏။ ထိုအခါ၌ ဒိပ္ပန်ထွက်မလာဘဲ နယားဟုခေါ်သော ရထားလုံးမောင်းသည့် ကုလားသာ ထွက်လာ၏။ ၎င်းက ကုလားစကားဖြင့် –

“ဘာလဲ..” ဟု မေးလေ၏။ ဦးကိုကိုကြီးသည် နယား၏ ဂုတ်ကိုကိုင်၍ အိမ်အပြင်သို့ ဆွဲထုတ်လိုက်၏။ ထို့နောက် သေနတ်ဖြင့်ချိန်၍ အိမ်ထဲသို့ဝင်သွားလေ၏။ ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်မှာမူ အိမ်ရှေ့ပေါက်မှ ဝင်ခဲ့ကြ၏။ အိမ်၏အခန်းမြေကြီးမှာ နွားချေးနှင့်ရွှံ့ရောကျံထားသောကြောင့် ချောပြောင်၍ မာကျောနေ၏။ ထိုကြမ်းပြင်ပေါ်တွင် မြေဖြူဖြင့် သေသပ်လှပစွာရေးထားသော အင်္ဂလိပ်စာကို အောက်ပါအတိုင်း တွေ့ရလေ၏။

> **TO**
>
> **Dear Nhin Maung,**
>
> **Law is for the Society.**
>
> **Love and hate is for the individual**
>
> **I Love you**
>
> **Date Ban**

ကျွန်ုပ်ရော ဦးကိုကိုကြီးပါ ထိုစာကိုတွေ့ကြ၏။ ဆားပုလင်းနှင်းမောင်ကမူ ထိုစာကို ဖတ်ပြီးနောက် ပြုံး၍သွားလေ၏။ ထိုစာ၏ အနက်အဓိပ္ပါယ်အကြမ်းမှာ အောက်ပါအတိုင်းဖြစ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့

ချစ်လှစွာသော နှင်းမောင်

ဥပဒေဆိုတာ လူ့အဖွဲ့အစည်းအတွက်ဖြစ်တယ်၊

မေတ္တာနဲ့ အမုန်းတရားဆိုတာကတော့

တစ်ဦးတစ်ယောက်ချင်းနဲ့ဆိုင်တယ်၊

ကျုပ် ခင်ဗျားကို မေတ္တာရှိပါတယ်။

ဒီဗွန်

ဆားပုလင်းနှင်းမောင်သည် စီးကရက်ကိုဖွာရှိုက်ရင်း ကျွန်ုပ်ဘက် သို့လှည့်ကာ –

“ဒီမှာ အိုင်ပီရေ. . တစ်ခါတလေ ကျုပ်အနေနဲ့ စိတ်ကြီးဝင် သလိုလိုရှိရင် ဒီဗွန်လာပြီလို့ သတိပေးလိုက်ပါဗျာ. .” ဟု လှမ်း၍ပြော ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့သတည်း။

“ဟား. . ဟား. . ဟား. . ဟား. . ဟား. .”



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၂)
## ရှေးဟောင်းလောကီအဖွဲ့ကြီးတစ်ဖွဲ့

နောက်တစ်နေ့တွင် ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်နှင့် တွေ့ခဲ့ကြပြန်လေ၏။ ကျွန်ုပ်က ဆားပုလင်းနှင်းမောင်အား –

"ဘယ်လိုလဲ ကိုနှင်းမောင်..တရားခံကိုတွေ့ဖို့ နီးစပ်ပြီလား.."

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က –

"နီးစပ်ပါပြီ၊ တစ်ခုတော့ရှိတာပေါ့ အိုင်ပီရယ်..ဟိုတစ်ခါ လွတ်သွားကတည်းက သူ့ဘက်က သိပ်ပြီးသတိထားနေတယ်၊ အဲဒါကြောင့် နည်းနည်းလေးခက်နေတာပါ..၊ ရထားလုံးမောင်းတဲ့ နယားနဲ့ သူ့ဟာသူကိုဆက်ရမယ်၊ အဲဒါကို ကျွန်တော်က စောင့်နေတာ.." ဟုပြန်၍ ပြောသည်တွင် ကျွန်ုပ်က –



www.burmeseclassic.com

www.burmeseclassic.com



“နယားနဲ့ ပြန်ပြီးဆက်မယ်ဆိုတာ သေချာသလား ကိုနှင်းမောင်” ဟု ပြန်၍ မေးလိုက်လေ၏။

“ဒီလိုလေ အိုင်ပီရဲ့...၊ ဒီဗွန်ဟာ ဘယ်ကလာတဲ့လူမှန်းမသိဘူး...၊ ဒါပေမဲ့ သူသတ်ချင်တဲ့လူတစ်ယောက်ရှိလို့ ရန်ကုန်မြို့ကိုတက်လာပြီး မရမကရှာပြီး သတ်လိုက်တာ၊ အခုကိစ္စက သတ်ပြီးပြီဗျာ၊ သူ့နေရာသူပြန်ဖို့ပဲရှိတော့တယ်၊ မပြန်သေးဘူးဆိုတော့ သူ့အလုပ်က မပြီးသေးဘူးလို့ ယူဆရမလိုဖြစ်နေတယ်၊ ကျွန်တော်ဆိုလိုတာက သူသတ်ဖို့ လူကျန်နေသေးတယ်၊ အဲဒါကိုရှာနေတာ၊ အဲဒီတော့ နောက်ထပ် လူတစ်ယောက်မသတ်ခင် သူ့ကို မိမှဖြစ်မယ်၊ အချိန်မီမဖမ်းနိုင်ရင် နောက်တစ်ယောက်ပါ သေသွားလိမ့်မယ်...” ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက-

“ကိုနှင်းမောင်အနေနဲ့ ဒီဗွန်ဆိုတဲ့လူကိုတော့ ကြားဖူးတယ်နော်...”ဟု မေးလိုက်ရာ -

“ကြားဖူးတယ်ဗျ...၊ ကြားဖူးတာကလည်း ဒီလိုပါဗျာ...၊ ပညာရပ်တစ်ခုရဲ့သဲလွန်စကိုရှာရင်းနဲ့ ကြားဖူးတာပါ...” ဟု ဆားပုလင်းနှင်းမောင်က တုံးတိတိဖြေလေ၏။

“ဘယ်လိုပညာရပ်မျိုးလဲ ကိုနှင်းမောင်ရဲ့...” ဟု ကျွန်ုပ်က မေးရလေ၏။

“ဒါက ဒီလိုပါ...၊ ကျုပ်မှာ အလွန်ရင်းနှီးတဲ့ ကုလားလူမျိုးမိတ်ဆွေတစ်ယောက်ရှိတယ်ဗျ...၊ သူ့နာမည်က ‘တာဂျစ်ခန်’ တဲ့၊ ရင်းနှီးတဲ့အကြောင်းက သူက ကြိုးသိုင်းပညာကောင်း ကောင်းတတ်တယ်ဗျ၊ ဒါပေမဲ့ ကြိုးကိုအသုံးပြုပြီး ခုခံတိုက်ခိုက်တာလောက် မဟုတ်ဘူးဗျ၊ သူတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ခိုင်တဲ့ပိတ်စကြီးတွေ ခေါင်းပေါင်း ထားတယ်၊ အဲဒီခေါင်းပေါင်းစကြီး နဲ့ ရန်သူရဲ့မျက်နှာကို ရိုက်တယ်၊ ရန်သူကတိုက်ခိုက်တာကို ကာကွယ်တယ်၊ ရန်သူကို အဲဒီခေါင်းပေါင်း စကြီးနဲ့ပဲ ဖမ်းချုပ်တယ်၊ သူတို့လို လူမျိုးချုပ် သွားရင် တော်တော့လူ မရုန်းနိုင်ဘူးဗျ..၊ အဲဒီပညာရပ်ကို ကျွန်တော် က စိတ်ဝင်စားလို့ တာဂျစ်ခန်နဲ့ စပြီးမိတ်ဆွေဖြစ်တာ၊ တာဂျစ်ခန်ရဲ့ အသက်မွေးဝမ်း ကျောင်းအလုပ်က အောက်လင်းဓာတ်မီးရောင်းတယ်၊ ဆေးအိုးမီးဖို ရောင်းတယ်၊ ပျက်ရင်လည်း ပြင်တယ်ပေါ့ဗျာ..၊ ကျွန်တော် နဲ့ တာဂျစ်ခန် ခင်မင်ခဲ့ကြတာ ကြာပါပြီ၊ ပြီးတော့ သူက ချာပါတီတို့ ရိုတီမုန့်တွေ ကောင်းကောင်းလုပ်တတ်တယ်ဗျ..၊ ကျွန်တော်ကို မကြာ ခဏ ချာပါတီလုပ်ပြီး ဆိတ်သားဟင်းနဲ့ ကျွေးလေ့ရှိတယ်..''ဟု ဆရာ ပုလင်းနှင်းမောင်က ပြောလေ၏။ ထိုအခါ ကျွန်ုပ်က –

''ဂိုဏ်းရဲ့ သဲလွန်စနဲ့ပတ်သက်လို့ ပြောပါဦးဗျ..''ဟု စကား ဖြတ်၍ ပြောလိုက်လေ၏။ ထိုအခါ ဆရာပုလင်းနှင်းမောင်က –

''တစ်နေ့မှာ တာဂျစ်ခန်အိမ်ကို သူတို့လူမျိုးတစ်ယောက် ရောက် လာတယ်၊ သူ့နာမည်က 'ဆေ့ဖရူခန်' တဲ့ သေသေချာချာလေ့လာကြည့်တော့ ဆေ့ဖရူခန်က ဆရာဗျ၊ တာဂျစ်ခန်က ကိုးကွယ်တာ'' ဟု ဦးကိုကိုကြီးအား ပြောလိုက်လေ၏။

''ဘာဆရာလဲဗျ..'' ဟု ဦးကိုကိုကြီးက မေးလိုက်ရာ ဆရာပု လင်းနှင်းမောင်က –

''ကျွန်တော်တို့ တွေ့ဖူးနေကျ ဂိုဏ်းဆရာလိုဟာမျိုးပါဗျာ၊ အင်း အိုင် ဆည်းတတ်တယ်၊ ယတြာဓာတ်ရိုက်ဓာတ်ဆင်ဟာမျိုးတွေလည်း လုပ်တတ်၊ အဆောင်လိုရောဂါမျိုးတွေဘာတွေလည်း ကုတယ်၊ ဗိန္ဒောဆေးလိုလို ဘာလို

www.burmeseclassic.com

www.burmeseclassic.com

လိုဟာမျိုးတွေလည်း ကုတတ်တယ်၊ အဲဒါနဲ့ ကျွန်တော်လည်း တာဂျစ်ခန်ကာတစ်ဆင့် ဆေဖရူခန်ကို လေ့လာတာပါ၊ သူတို့ဂိုဏ်းက နှစ်ကို ထောင်နဲ့ချီပြီး ကြာပြီဗျ. . .၊ ပညာကလည်း ကောင်းတယ်၊ အရိုးကျိုးတာတွေ အာတွေများ သူတို့ကုလိုက်ရင် ပြန် ပြီးကောင်းသွားတာပဲ၊ နောက်တစ်ခုက အကြောကိုင်တဲ့ပညာလည်း အတော်ကျွမ်းတယ်၊ ဟိုးအိန္ဒိယပြည် အနောက်မြောက်ဘက်က အလွန်ခေါင်တဲ့ ရွာကလေးတစ်ရွာမှာ သူတို့အားလုံး စုပြီးနေကြတယ်၊ အသက်မွေးဝမ်းကျောင်းအလုပ်ကတော့ အမျိုးမျိုးပေါ့ဗျာ. . .၊ တူတာကတော့ အဲဒီပညာရပ်တွေအားလုံးတတ်ကြတယ်. . .” ဟု ရှည်လျားစွာ ရှင်းပြလေ၏။ ဦးကိုကိုကြီးလည်း လွန်စွာစိတ်ဝင်စားနေပုံရ၏။ ထို့နောက် ၎င်းက –

“ဟုတ်မယ်ဗျ၊ ရှေးတုန်းက စက္ကောမပညာရှင်တွေဟာ အခြေအနေမကောင်းတဲ့အခါ ပါဋလိပုတ်မြို့မှာ ဇာတ်မြှုပ်ပြီး ရှာတည်နေကြတယ်ဆိုပဲ. . .၊ အုတ်ဖုတ်စားတဲ့လူက အုတ်ဖုတ်စားတယ်၊ ယာလုပ်ငန်းလုပ်စားတဲ့လူက ယာလုပ်စားတယ်၊ ဈေးသည်လုပ်တဲ့လူက ဈေးသည်လုပ်စားတယ်၊ ဒါပေမဲ့ သူတို့အားလုံးဟာ စက္ကောမပညာရှင်တွေချည်းပဲ. . .၊ စက်ယန္တယားအတတ်ကို အားလုံးတတ်ကြတယ်၊ သူတို့လည်း အဲဒီလိုနေမှာပေါ့ဗျာ. . .” ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က –

“အမှန်ပဲဗျို့. . .၊ သူတို့အဖွဲ့ကို ရှေးအခါတုန်းက ‘ဒိဗာယ’ လို့ခေါ်ကြတယ်၊ အဓိပ္ပါယ်ကတော့ ကောင်းကင်ကပညာတွေကို တတ်ကျွမ်းတဲ့လူလို့ အဓိပ္ပါယ်ရတယ်ဆိုပဲဗျာ. . .၊ ဒါမှမဟုတ်လည်း ကောင်းကင်ချစ်တဲ့လူလို့ အဓိပ္ပါယ်ရတယ်၊ အဲဒီ ဒိဗာယတွေဟာ အဲဒီပညာရပ်တတ်ရင် အန္တရာယ်ရှိတယ်ဆိုလို့ ဇာတ်မြှုပ်နေခဲ့ကြတာဗျ၊ ဒါပေမဲ့သူတို့အချင်းချင်း


www.burmeseclassic.com

www.burmeseclassic.com





တော့ ဒီပညာကို လက်ဆင့်ကမ်း သင်ပေးခဲ့ကြတယ်၊ အဖေက နေသား ပဲဗျာ..၊ ဒါကြောင့် ဒီပညာတွေ မပျောက်တာ၊ နောက်ဆုံးမှာ သူတို့ အဖွဲ့ကြီးဟာ ပြိုကွဲသွားတယ်၊ ပြိုကွဲသွားပြီး နောက်ဆုံးဆက်ခံတဲ့အဖွဲ့တွေ ဟာ လုံးဝရပ်တန့်ပစ်လိုက် တယ်၊ အဖွဲ့ရဲ့ပညာရပ်တွေရော၊ ရပ်တည်မှုတွေ ပါ ရပ်တန့်လိုက်ပြီး တစ်ကွဲတစ်ပြားစီဖြစ်အောင်လုပ်ပစ်လိုက်တယ်၊ ဒါပေမဲ့ အဖွဲ့လူကြီး ရဲ့ မယားပါသား 'ဒိဗ္ဗန်'ဆိုတာက ဒီပညာရပ်တွေကို နိုက်နိုက် ချွတ်ချွတ်လိုက်သင်ပြီး သူက ပြန်ပြီး ပညာရှင်တွေကို စုစည်းခဲ့တာ၊ ဒိဗ္ဗန် ဆိုတာလည်း စောစောက ကျုပ်ပြောတဲ့ ဒီဗာယက ဆင်းသက်လာတာ ပဲဗျာ..၊ မြန်မာပြည်မြောက်ပိုင်းကို ဒီပညာရှင် တစ်ယောက်စ နှစ် ယောက်စ ရောက်လာဖူးတယ်လို့ ကြားဖူးတယ်၊ ကုလားဆိုပေမဲ့ အသား ညိုးမည်းတွေမဟုတ်ဘူးနော်..၊ ဖြူဖြူသန့်သန့် ဥပဓိရုပ်တွေရှိတယ်၊ သူတို့က ဗေဒင်လည်း အလွန်မှန်တယ်၊ ဒါကြောင့် ဘယ်ရောက်ရောက် လူတွေက လက်ခံတာဗျ..'' ဟု ပြောလေ၏။

ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် ဆရာပုလင်းနှင်းမောင်နှင့် စကား ပြောခဲ့ကြပြီးနောက် စီအိုင်ဒီသို့ ပြန်ခဲ့ကြလေ၏။ ကျွန်ုပ်လည်း တစ်ပတ်ခန့် ရုံးမတက်ဖြစ်ဘဲ ရှိလေ၏။ နယ်မှ ကျွန်ုပ်အဒေါ်တစ်ယောက် ရန်ကုန် ဆေးရုံကြီးတွင် လာ၍တက်နေရသောကြောင့် ရုံးမတက်ဖြစ်ဘဲ ခွင့်ယူကာ အဒေါ်အား ကူညီနေရလေ၏။

ရုံးတက်သောနေ့တွင် ဦးကိုကိုကြီးနှင့် ကျွန်ုပ်သည် ရုံးနှင့် မလှမ်း ကမ်းတွင်ရှိသော လက်ဖက်ရည်ဆိုင်သို့သွားရောက်ကာ ရောက်တတ် ရာရာစကားများကို ပြောဆိုဖြစ်ခဲ့ကြလေ၏။ ထိုအချိန်၌မှာပင် ဆရာပုလင်း နှင်းမောင်သည် ကျွန်ုပ်တို့ရှိရာသို့ ရောက်ရှိလာလေတော့၏။ သူသည် လက်

www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်ချိုခါးတစ်ခွက်ကိုမှာပြီးသောက်ရင်း ကျွန်ုပ်တို့နှင့်အတူ စကားပြောလေ၏။ ထိုသို့စကားပြောရင်း ဆားပုလင်းနှင်းမောင်၏မိတ်ဆွေ တာဂျစ်ခန်၏ဆရာ ဆေဖရှခန်ဆို သူ၏အကြောင်းကို ရောက်သွားလေ၏။ ဦးကိုကိုကြီးက –

"တော်တော်ထူးဆန်းတယ်ဗျာ…၊ သူတို့ဂိုဏ်းတစ်ဂိုဏ်းလုံး နှစ်ပေါင်းထောင်နဲ့ချီပြီး တည်တံ့လာတာ၊ ဂါထာလိုဟာလေးတစ်ပုဒ်ပဲရှိတယ်၊ တကယ်လည်းဗျာ ဂါထာဆိုပေမဲ့ ဂါထာနဲ့မတူပါဘူး၊ ကလေးချော့တဲ့ သံစဉ်လိုဟာမျိုးပေါ့…"ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က –

"ဘယ်လို ကလေးချော့တဲ့သံစဉ်မျိုးလဲဗျ…" ဟု မေးလိုက်လျှင် ဆားပုလင်းနှင်းမောင်က –

"ကလေးချော့တဲ့အခါမှာ အအေး…အေး…အေ့…အေ… အို…ဆိုတဲ့ အသံငါးလုံးကို ဆွဲဆွဲငင်ငင်ဆိုတယ်မဟုတ်လား၊ သူတို့က လည်း အဲဒီလိုပဲဗျ…၊ 'အီး…အေ…အီး…အေ…အို…'ဆိုတဲ့ အသံငါးလုံးကို ဆွဲဆွဲငင်ငင်ဆိုတယ်ဗျ၊ အဲဒါ သူတို့ရဲ့ မူလမန္တန်လည်းဖြစ်တယ်၊ အစဉ်အမြဲ ထာဝရသုံးရတဲ့ ထာဝရမန္တန်လည်းဖြစ်တယ်၊ ကောင်းတာ ပဲလုပ်လုပ်၊ ဆိုးတာပဲလုပ်လုပ် အဲဒီ အသံငါးလုံးကို ရွတ်တာပဲ၊ နောက်တော့ မြန်မာပြည်မြောက်ပိုင်းမှာ သူတို့အဖွဲ့သားတွေ တိုးပွားရောက်ရှိလာတယ်၊ ပြီးတော့ တစ်နေရာ တည်းနေတာမဟုတ်ဘူးဗျ၊ မြို့အနှံ့ နယ်အနှံ့ ဈေး လျှောက်ပြီးရောင်းကြတာ၊ မြေပဲလှော်တို့၊ ဗန်ဒါစေ့တို့၊ စွန်ပုလွန်ပဲတို့ လျှောက်ပြီး ရောင်းတဲ့ ကုလားကြီးတွေ တွေ့ဖူးမှာပေါ့…၊ သူတို့ကို 'ကာဗူ လီဝါလား'လို့ ခေါ်တယ်လေဗျာ…၊ အဲဒီ ကာဗူလီဝါလားဆယ်ယောက် မှာ သုံးယောက်လောက်ဟာ အဲဒီအဖွဲ့သားတွေဖြစ်နေတတ်တယ်၊ ငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



တွေချေးတယ်ဗျ၊ ပြန်ပြီးမဆပ်ရင် ညသန်းခေါင်မှာ အိမ်ရှေ့ကိုရောက် ပြီး အီး...အေး...အီး...အေး...အို...ဆိုတဲ့အသံကို ရွတ်တော့ တာပဲ၊ အဲဒီလိုရွတ်ပြီး သိပ်မကြာခင်မှာပဲ ကြွေးယူထားတဲ့လူဟာ တစ်စုံ တစ်ခုဖြစ်တော့တာပဲလို့ ယုံကြည်ကြတယ်၊ ဒါကြောင့် ကာဗူလီဝါလာဆီက ကြွေးယူပြီးရင် မဆပ်ဘဲမနေဝံ့ကြဘူးဗျ...၊ အဲဒီအဖွဲ့သားတွေဟာ မြန်မာ ပြည်မြောက်ပိုင်း သိပ်ခေါင်တဲ့နေရာတွေမှာ ပြန်ပြီး အခြေတည်ကြတယ်၊ အဲဒီမှာ ဒိဗ္ဗန်ဆိုတဲ့ ငတိဟာ ဆရာကြီးပဲ၊ အခုဆိုရင် အသက်ငါးဆယ် ကျော်ရှိပြီပေါ့ဗျာ၊ ဒါကလည်း အတိအကျတော့ မဟုတ်ပါဘူး...၊ တာဂျစ် ခန်ရဲ့ဆရာ ဆေဖရှုခန့်ပြောခဲ့တဲ့ စကားလုံးတွေထဲက ကြားသလောက်ကို ပြောတာပါ၊ ပြီးတော့ ဒိဗ္ဗန်တို့ရဲ့ လောကီပညာထဲမှာ ဆားရယ်၊ အိမ်ရိုက် သံချောင်းရယ်၊ ငရုပ်သီးတောင့်ရယ်၊ စမ်းရေရယ်၊ သလင်းတုံးရယ်ဟာ အဓိကပစ္စည်းတွေပဲဗျ...၊ ပြီးတော့ ဖယောင်းတိုင်ကို မီးထွန်း လိုက်တယ်၊ အဲဒါတွေလုပ်ပြီးတဲ့အခါ သူတို့ရဲ့မန္တန်ကို ကိုးခေါက်၊ တစ်ဆယ့်ရှစ်ခေါက်၊ နှစ်ဆယ့်ခုနစ်ခေါက်စသည်ဖြင့် ရွတ်တယ်ဗျ...၊ အဲဒီလိုရွတ်ပြီးရင် မီးထွန်းထားတဲ့ဖယောင်းတိုင်ကို လက်ဝါးနှစ်ဖက် နဲ့ 'ဖြောင်း'ကနဲရိုက်ပြီး မီးသတ်လေ့ရှိတယ်၊ အဲဒါကို ကျုပ်ကတွေ့တော့ 'ဘာလုပ်တာလဲတာဂျစ် ခန်'လို့မေးတယ်၊ အဲဒီတော့ သူက မာစတာသင်ပေးသွားတာတဲ့၊ ဆိုင် ဘာဘ်မတိတ်အောင်လုပ်တာတဲ့၊ အမှန်ပဲဗျို့...သူ့အနားမှာ သူ့လိုဆိုင် တွေက အများကြီးဗျ...၊ သူ့ဆိုင်တစ်ဆိုင်ပဲ လူဝင်များတယ်၊ သူ့သမီး လေး နေမကောင်းတော့လည်း အဲဒီထာဝရမန္တန်ကိုရွတ်ပြီး ကြေးနီ လက်ကိုင်စွပ်ထားတဲ့ သလင်းတောင့်နဲ့ တစ်ကိုယ်လုံးကို ရှောက်ပြီး ထောက်တယ်၊ ပြီးတော့ နဖူးပေါ်မှာ ဆားတွေပုံပြီး ရွတ်တယ်ဗျ..."ဟု



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားစွာ ရှင်းပြလေ၏။ ထိုအခါ ဦးကိုကိုကြီးက –

"နေပါဦး ကိုနှင်းမောင်ရဲ့... ခင်ဗျားပြောတဲ့ အဲဒီပညာအဖွဲ့ရဲ့ လူကြီးရဲ့မယားပါသားက ဒိဗ္ဗန်ဆို၊ အဲဒီဒိဗ္ဗန်ဆိုတာက ရှိသေးတာပေါ့..." ဟု မေးလိုက်ရာ –

"အဲဒါ ဒီလို ဦးကိုကိုကြီးရဲ့... အဲဒီအဖွဲ့ကြီး ပျက်သွားတယ်၊ ဒိဗ္ဗန် ပြန်ပြီးစုစည်းခဲ့တယ်လို့ ပြောခဲ့တယ်မဟုတ်လား၊ ဒိဗ္ဗန် ပြန်ပြီးဖွဲ့စည်းခဲ့တဲ့ ပညာရပ်အဖွဲ့ကြီးဟာ ဆိုးသွမ်းတဲ့အဖွဲ့မဟုတ်ဘူးနော်...၊ သူတို့ ပညာရပ်တွေ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တယ်၊ အဲဒီ ပညာရပ်နဲ့ လူတွေကို ကူညီတယ်၊ သူတို့ရပ်တည်နေတာကတော့ တခြား အသက်မွေးဝမ်းကျောင်းအလုပ်တွေနဲ့ ရပ်တည်နေတာဗျ...၊ ဆေးဖော်ပြီး ဆေးရောင်းစားတဲ့လူရှိတယ်၊ အများစုကတော့ ရှိန်းခိုပါတဲ့ဆေးတွေဗျ၊ ပြီး တော့ ဘာကြောင့်ရယ်လို့တော့ မသိဘူး၊ သူတို့အဖွဲ့က ရှိန်းခိုကို ဆေးဝါး အဖြစ်နဲ့ စားလေ့ရှိတယ်ဗျ၊ ဆေးဖရုခန်ဆိုရင် ရှိန်းခိုအလုံးလေးတွေကို ပုလင်းနဲ့ထည့်ထားတယ်၊ အဲဒါလေးကို မကြာခဏမျိုပြီး ရေနွေးသောက်ချ လေ့ရှိတယ်..." ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

ထိုအခါ ကျွန်ုပ်က –

"အတော်နံတဲ့ပစ္စည်းပဲဗျ၊ ကလေးဆေးတွေဖော်ရင် ပါတယ် ကလေးအညှော်မိရင် ရှိန်းခိုခွံ့ရတယ်၊ ကျုပ် ကလေးဘဝတုန်းက အမေက ခဏခဏခွံ့လို့ မကြာခဏမျိုရတယ်၊ နေစမ်းပါဦး ကိုနှင်းမောင်ရယ်... အဲဒီပစ္စည်းက ဘယ်ကထွက်တာတုံး..." ဟု မေးလိုက်လေ၏။

"ရှိန်းခိုက နှစ်မျိုးရှိတယ် အိုင်ပီရဲ့...၊ တစ်မျိုးက ရိုးရိုးရှိန်းခို တစ်မျိုးက ပုဏ္ဏားစားရှိန်းခိုလို့ခေါ်တယ်၊ ရိုးရိုးရှိန်းခိုကတော့ အကော်သတ်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



…တဲ့ပုဏ္ဏားတွေ စားလို့မရဘူး၊ သူက ငါးဘတ်သားက ထုတ်လေ့ရှိတယ်၊ …က်သတ်လွတ်စားတဲ့ပုဏ္ဏားစားလို့ရတဲ့ရှိန်းခိုကို ပုဏ္ဏားစားရှိန်းခိုလို့ခေါ် …ယ်၊ အဲဒါကတော့ သဘော်ာပင်ကထုတ်တယ်ဆိုပဲဗျ၊ ကျုပ်လည်း အတိ …ကျတော့မသိဘူး၊ ဆေးဆရာတစ်ယောက်ပြောတာကို မှတ်သားထား …။ ..''ဟု ဆရာပုလင်းနှင်းမောင်က ပြောလေ၏။

ထိုအခါ ဦးကိုကိုကြီးက –

''စောစောက ဒီဗွန်အကြောင်းကို ပြောပါဦး..'' ဟု မေးလေ …။

''အဲဒီအဖွဲ့ဟာ ကျွန်တော်ပြောသလိုပါပဲ..၊ ဆိုးသွမ်းတဲ့ အဖွဲ့ …တ်ဘူး..၊ တစ်ခုရှိတာက သိပ်ပြီးအယူသည်းတယ်၊ သူတို့တွေဟာ …ရောင်းတဲ့လူရှိတယ်၊ ဆေးကုတဲ့လူရှိတယ်၊ ကာဗူလီဝါလားလုပ်တဲ့လူ …တယ်၊ ရထားလုံးမောင်းစားတဲ့လူရှိတယ်၊ ပန်းရံဆရာရှိတယ်၊ နေရာ …နဲ့အပြားမှာပဲဗျ၊ ဒါပေမဲ့ လေးနှစ်တစ်ကြိမ်တော့ ဆုံတဲ့ပွဲရှိတယ်၊ အဲဒီ …ဆုံတဲ့နေရာကို တောထဲမှာပဲလုပ်တယ်၊ သူတို့ အခေါ်ကတော့ အဲဒီဆုံတဲ့ …ကို 'ဒိဗာယ'ပွဲတော်လို့ခေါ်တယ်ဗျ၊ (၇)ရက်လောက် ဆုံးစည်းပြီး ပညာ …ယ်တယ်၊ တစ်ဦးနဲ့တစ်ဦး လက်ဆောင်ပေးတယ်၊ အတွေ့အကြုံတွေ …ကြတယ်၊ တစ်နေ့မှာ သူတို့ အဖွဲ့သားတွေအားလုံး မြေလှိုပြီး မိုးပျံ …ယ်လို့ ကြွေးကြော်နေကြတယ်..'' ဟု ဆရာပုလင်းနှင်းမောင်က ပြော …က်လျှင် ကျွန်ုပ်ရော ဦးကိုကိုကြီးပါ တအံ့တဩဖြစ်သွားလေ၏။ ထို့နောက် …ကိုကိုကြီးက –

''ဖြစ်နိုင်ပါ့မလားဗျာ..'' ဟု မေးလိုက်ရာ ဆရာပုလင်းနှင်း …ာင်က –



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်တာမဖြစ်တာတစ်ကြောင်းပေါ့ဗျာ..၊ သူတို့ရည်ရွယ်ချက်ကို ပြောပြတာပါ..." ဟု ဖြေလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက –

"မြေမလှိုး မိုးမပျံသေးဘဲနဲ့တောင် ဒီလောက်လိုက်ရခက်နေတာဗျာ.. မြေလှိုးမိုးပျံပြီဆိုရင်တော့ ကျုပ်ဖြင့် ရှုံးပါပြီဗျာ.." ဟု ပြောလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

### ဦးထုပ်ပါးလုံး လူဆုံးဗေဒါဇာတ်

နောက်တစ်နေ့တွင် ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်နေထိုင်ရာ အမှတ်(၂၉၅) ဘိုးလိန်းလမ်း(ယခု ဗညားဒလလမ်း)သို့ ရောက်ရှိခဲ့ကြလေ၏။ ဆားပုလင်းနှင်းမောင်သည် စာအုပ်များကို ရှင်းလင်းနေလေ၏။ ကျွန်ုပ်ကိုမြင်လျှင် –

"ဂွတ်ဒ်မောနင်း အိုင်ပီ. . .၊ ဒီနေ့ ရုံးပိတ်တာပဲ၊ ဘယ်သွားကြမလို့တုံး. . ." ဟု မေးလေ၏။ ကျွန်ုပ်က ပြန်မဖြေမိခင် ဦးကိုကိုကြီးက –

"ရုံးပိတ်လို့ ခင်ဗျားနဲ့မတွေ့ရမှာစိုးလို့ ခင်ဗျားဆီလိုက်လာတာ" ဟု ဝင်ရောက်ဖြေဆိုလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် အနီးရှိ



www.burmeseclassic.com

www.burmeseclassic.com

ကလေးတစ်ဦးအား လက်ဖက်ရည်မှာခိုင်းလိုက်ပြီးလျှင် ကျွန်ုပ်တို့အား လက်ဖက်ရည်တိုက်ကျွေးလေ၏။ ကျွန်ုပ်တို့လည်း လက်ဖက်ရည်သောက်ကြ၏။ ပြီးလျှင် စကားပြောဖြစ်ကြလေ၏။

"ဘယ်လိုလဲ ကိုနှင်းမောင်. . . မြေလျှိုးမိုးပျံကိုမိဖို့ နီးစပ်ပြီလား. . ." ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဒီလိုပါ အိုင်ပီ. . . ကျွန်တော်ကလည်း သိပ်ပြီးဖမ်းချင်ပါတယ်၊ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်ထက်တောင် ကျွန်တော်က လက်ဦးမှု မယူရင် ဒီငတိက နောက်ထပ်တစ်ယောက်ကို သတ်ပစ်လိမ့်ဦးမယ်. . ." ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက –

"စကားပြောလို့တော့ ကောင်းတယ်ဗျာ. . .၊ အမှုရဲ့အခြေအနေ ဘယ်လိုရှိပြီလဲလို့ မင်းကြီးကမေးတဲ့အခါ ကျွန်တော်တို့ဖြေနိုင်အောင်တော့ ပြောပြထားဗျာ. . .၊ အမှန်ကတော့ မင်းကြီး မေးသည်ဖြစ်စေ၊ မမေးသည် ဖြစ်စေ ၁၅ ရက်တစ်ကြိမ် 'ဟုမ်း' ကို 'ကရင် မီနယ်ရီတန်း' (ရာဇဝတ်မှုဆိုင်ရာ ပြန်တမ်း) ရေးပို့တဲ့အခါ ဒီအကြောင်းဟာ မပါလို့မှမဖြစ်ဘဲ. . ." ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ဦးကိုကိုကြီးအား –

"ဦးကိုကိုကြီး. . . ဟိုလူတွေဖမ်းထားတဲ့ တရားခံတွေအကြောင်းလည်း ပြောပြလိုက်ပါဦး. . ."ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက –

"ကဲ့ရဲ့တာတော့ မဟုတ်ပါဘူးဗျာ. . .၊ ပြောစရာရှိလို့ပြောတာပါ ကိုတင်ဝင်းက တရားခံတစ်ယောက် ဖမ်းထားတယ်၊ ကိုစိန်လှနဲ့ ကိုအောင် မြင့်က တစ်ယောက်စီဖမ်းထားပြန်တယ်၊ အဲဒီတရားခံသုံးယောက်လုံးကို သယ်န်းကျွန်းဂိတ်မှာ ချုပ်ထားတယ်ဗျ၊ ညဆိုရင် သူတို့သုံးယောက် အဲဒီ ကိုသွားပြီး အမှုစစ်တယ်ဗျ၊ ထုံးစံအတိုင်း ညှဉ်းပန်းပြီး စစ်ကြတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com





သူတို့ဖမ်းထားတဲ့လူတွေကလည်း အသားနာတော့ ပြောချင်ရာ ပြောကြတာပေါ့...၊ အိုင်ဆေးအနေနဲ့ တရားခံအစစ်ကို အမြန်ဖော်နိုင်မှ အဲဒီတရားခံမဟုတ်ဘဲ အဖမ်းခံထားရတဲ့လူသုံးဦး ချမ်းသာရာရမှာနော်..." ဟု ပြောလေ၏။

"ကျွန်တော် သင်္ဃန်းကျွန်းဂတ်ကို ရောက်ပြီးပါပြီ၊ အဲဒီလူသုံးယောက်နဲ့လည်း တွေ့ပြီးပါပြီ၊ အတော်လေးကို ဆိုးဆိုးဝါးဝါးနှိပ်စက်ထားတာဗျ၊ ဒါပေမဲ့ ခင်ဗျားလူတွေ ဒီညကစပြီး အဲဒီလူသုံးယောက်ကို လက်ဖျားနဲ့တောင် မတို့ရဲတော့ပါဘူး..." ဟု ဆားပုလင်းနှင်းမောင်က ပြောရာ ကျွန်ုပ်က –

"ခင်ဗျားက ဘယ်လိုလုပ်ခဲ့လို့လဲ..." ဟု မေးလိုက်လေ၏။

"ဘယ်လိုမှ မလုပ်ပါဘူး...၊ တရားခံအစစ်ပေါ်ပေါက်လာလို့ သူတို့ဟာ ဒီအမှုနဲ့ လုံးဝမပတ်သက်ဘူးဆိုရင် ဒီအတိုင်းငြိမ်ပြီးခံနေမှာ မဟုတ်ဘူး...၊ မတရားဖမ်းဆီးမှု၊ ချုပ်နှောင်မှု၊ ညှဉ်းပန်းမှုတွေကို တိုင်တန်းဖို့ပြောပြီး သင်ပေးခဲ့တယ်၊ အဲဒီလိုဖြစ်ခဲ့ရင် အလုပ်ပါပြုတ်သွားနိုင်တယ်လေဗျာ...၊ အဲဒီတော့ ဘယ်ထိရဲတော့မလဲ"ဟု ဆားပုလင်းနှင်းမောင်က ပြောပြလေ၏။

"အဲဒီလူတွေရဲ့ ဒုက္ခဘေးကို ခင်ဗျား ကာကွယ်ပေးလိုက်တာပေါ့ဗျာ...၊ သာဓုခေါ်မယ့်ကိစ္စပါပဲ...၊ ဟုတ်လို့ခံရရင်တော့ သူ့ဟာသူကြိုးစင်ပဲတက်တက် ကိုယ်နဲ့မဆိုင်ပါဘူး...၊ သနားစရာလည်း မလိုပါဘူး...၊ မဟုတ်ဘဲနဲ့ဆိုရင်တော့ အများကြီးနစ်နာတာပဲဗျာ..."ဟု ဦးကိုကိုကြီးက လေးလေးနက်နက် ပြောလိုက်လေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်တံဆိပ်စီးကရက်ကို ဗူးအတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ယူ၍ ဘူးပေါ်တွင် တစ်ဒေါက်ဒေါက် ဟန်ပါပါခေါက်ကာ နှုတ်ခမ်းများတွင်တေ့လျက် မီးညှိရှိုက်ဖွာပြီးလျှင် မီးခိုးများကို မျက်နှာကျက်ဆီသို့ ဖြည်းညှင်းစွာမှုတ်ထုတ်နေလေ၏။ ထို့နောက် ၎င်းက –

"ဒီအမှုကို စဉ်းစားရတာ ဒီလိုဗျ..၊ ဘာနဲ့တူသလဲဆိုတော့ ငယ်ငယ်တုန်းက ဦးထုပ်ဆောင်းတဲ့ ဉာဏ်စမ်းပုစ္ဆာ ခင်ဗျားတို့ ကျုပ်တို့ တွက်ဖူးတယ်မို့လား အဲဒီအတိုင်းပဲဗျို့.." ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက –

"ဘယ်လိုဟာလဲဗျ..၊ ကျုပ်ဖြင့် မမှတ်မိပါဘူး.." ဟု ပြောရာ ကျွန်ုပ်ကလည်း –

"ဟုတ်ပါရဲ့ ကိုနှင်းမောင်ရယ်..၊ ဦးထုပ်ဆောင်းတဲ့ပုစ္ဆာ ကျွန်ုပ်လည်း မဖြေဖူးပါဘူး.." ဟု ပြောလိုက်မိလေ၏။ ထိုအခါ ဆားပုလင်း နှင်းမောင်က –

"ဦးထုပ်က အဖြူသုံးလုံး၊ အနက်နှစ်လုံးဗျ၊ ပြီးတော့ လူသုံးယောက်ကို ရှေ့နောက်တန်းစီပြီး ရပ်ခိုင်းထားတယ်၊ သူတို့သုံးယောက်ကို လည်း ဦးထုပ်ကို အဖြူသုံးလုံး၊ အနက်နှစ်လုံးရှိကြောင်း အသိပေးထားတယ် ပြီးတော့ ဦးထုပ်ဆောင်းထားတဲ့သူက သူတို့ခေါင်းပေါ်ကို ဦးထုပ်တစ်လုံးစီ လာဆောင်းပေးတယ်၊ ဒါပေမဲ့ အဆောင်းခံရတဲ့ လူက သူ့ခေါင်းပေါ်က ဆောင်းထားတာ အဖြူလား၊ အနက်လားလို့ မသိနိုင်ဘူးဗျ၊ နောက်ဆုံး ရပ်နေတဲ့လူက ရှေ့နှစ်ယောက်ဆောင်းထားတဲ့ဦးထုပ်ကို မြင်နေရပေမဲ့ သူ့ဦးထုပ်ကိုတော့ သူ မမြင်ရဘူး၊ အလယ်မှာနေတဲ့လူကတော့ သူ့ရှေ့က လူဆောင်းထားတဲ့ဦးထုပ်ကို မြင်နေရတယ်၊ သူ့နောက်ကလူဆောင်းထားတဲ့ ဦးထုပ်ကိုတော့ မမြင်ရဘူး၊ သူ့ဦးထုပ်ကိုလည်း မမြင်ရဘူး..၊ ရှေ့ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အဆိုးဆုံးပဲဗျို့…၊ သူဆောင်းထားတဲ့ဦးထုပ်ကိုလည်း မမြင်ရဘူး။ သူ့ နောက်ကလူနှစ်ယောက်ရဲ့ဦးထုပ်ကိုလည်း မမြင်ရဘူး…၊ သူကတော့ အခွင့်အလမ်း အနည်းဆုံးပဲဗျို့…၊ ဘာမှမသိဘဲနဲ့ကို ဖြေရမှာ…၊ ဒါပေမဲ့ ဦးထုပ်ဆောင်းပေးတဲ့လူက နောက်ဆုံးလူကစပြီး မေးတယ်၊ မင်းခေါင်းပေါ်မှာ အဖြူလား၊ အနက်လားတဲ့…၊ ဒီလူကလည်း ရှေ့က လူနှစ်ယောက် ဆောင်းထားတာကိုကြည့်ပြီး အဖြေပေးရမှာ…၊ ဒါပေမဲ့ သူ အဖြေမပေးနိုင်ဘူး၊ သူ ရှုံးသွားတယ်၊ အဲဒီမှာ အလယ်ကလူကို မေးပြန်တယ်၊ အလယ်ကလူကလည်း ရှေ့က လူဆောင်းထားတဲ့ဦးထုပ်ရယ်၊ နောက်ကလူမဖြေနိုင်ဘဲ ထွက်သွားတဲ့စကားရယ်ကို အခြေခံပြီး စဉ်းစားရမှာတာ၊ ဒါပေမဲ့ သူလည်း စဉ်းစားလို့မရဘူး…၊ အရှုံးပေးသွားရတယ်၊ ရှေ့ဆုံးကလူကို မေးပြန်တယ်၊ မင်းခေါင်းပေါ်မှာ အဖြူလား၊ အနက်လားတဲ့…၊ သူကတော့ ဘာကိုမှ မမြင်ရဘူးနော်…၊ ဒါပေမဲ့ နောက်က လူနှစ်ယောက် မဖြေနိုင်တာကို အခြေခံပြီးစဉ်းစားရမှာပဲ…” ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက –

“အတော်ကောင်းတဲ့ပုစ္ဆာပဲဗျ…၊ ဘယ်လိုစဉ်းစားသလဲဗျ၊ ပြောစမ်းပါဦး…” ဟု မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က –

“ဒါက ဒီလိုလေ ဦးကိုကိုကြီးရဲ့…၊ ရှေ့က လူနှစ်ယောက်အနက်ဆောင်းထားရင် နောက်ဆုံးလူက ဖြေနိုင်မှာပေါ့…၊ သူဆောင်းဖို့ဟာက အဖြူပဲရှိတော့တယ်၊ မဖြေနိုင်ဘူးဆိုကတည်းက ရှေ့ကလူနှစ်ယောက်တာ အနက်နှစ်လုံးဆောင်းမထားဘူးဆိုတာ သေချာတာပေါ့ဗျာ…၊ အဖြူနှစ်လုံးဆောင်းထားတာ ဖြစ်နိုင်တယ်၊ အဖြူတစ်လုံး အနက်တစ်လုံး ဆောင်းထားတာလည်း ဖြစ်နိုင်တယ်၊ အဖြူတစ်လုံး အနက်တစ်လုံးမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ရှေ့အဖြူ နောက်အနက်ဖြစ်နိုင်သလို၊ နောက်အဖြူ ရှေ့အနက်လည်း ဖြစ်နိုင်သေးတာပဲ..'' ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က -

"ဟုတ်ပေသားပဲ..'' ဟု ပြောလိုက်မိလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က -

"အလယ်လူရဲ့အလှည့်ရောက်ပြီဗျ..၊ အလယ်လူအနေနဲ့ စဉ်းစားရင် ရှေ့လူအနက်ဆောင်းထားရင် ဘာမှ စဉ်းစားစရာမလိုဘူး..၊ သူ့ခေါင်းပေါ်မှာ အဖြူလည်း ဖြစ်နိုင်တယ်၊ အနက်လည်း ဖြစ်နိုင်တယ်၊ သူဘယ်ဖြေနိုင်မလဲဗျာ..၊ အဲဒီတော့ သူလည်း အရှုံးပေးပြီး ထွက်သွားရတာပေါ့..၊ အဲဒီတော့ ရှေ့ဆုံးလူက မဖြေနိုင်တဲ့နှစ်ယောက်ရဲ့ စဉ်းစားပုံကို စဉ်းစားကြည့်လိုက်ရင် သူ့ခေါင်းပေါ်မှာ အဖြူဆိုတာ သေချာနေပြီပေါ့၊ ဒါကြောင့် သူက အဖြူလို့ ဖြေလိုက်တယ်၊ သူမှန်သွားတာပေါ့..''ဟု ပြောလိုက်လျှင် ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် လက်ခုပ်လက်ဝါးတီး၍ ရယ်လိုက်ကြလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က -

"ကျုပ်တို့လည်း အခု မြေလျှိုးမိုးပျံအမှုမှာ လူသတ်တရားခံကို မမိသေးတာက အဲဒီပုစ္ဆာလိုပဲဗျ၊ မိမယ့်အကြောင်းကို မစဉ်းစားနဲ့ဗျာ..၊ ဘာကြောင့် မမိတာလဲဆိုတာကို စဉ်းစားရမှာ၊ သမားရိုးကျအမှုဆိုရင် မိတာကြာလှပြီဗျာ..၊ တရားခံဟာလည်း သမားရိုးကျပဲပေါ့..၊ အခု မမိသေးဘူးဆိုတော့ တရားခံကို စဉ်းစားတဲ့နေရာမှာ သာမန်တရားခံလိုတော့ စဉ်းစားလို့မရဘူးနော်..၊ သာမန်လူသတ်သမားလို့လည်း စဉ်းစားလို့ မရဘူး..၊ သိပ်ပြီးဉာဏ်ပြေးတယ်၊ သိပ်ပြီးစေ့စပ်တယ်၊ ကျုပ်တို့ရဲ့ အရည်အချင်းကို ကျုပ်တို့လောက်နီးနီး သူက သိနေတယ်လို့ ဆိုလည်း ရမယ်၊ ကျုပ်တို့ကလည်း သူ့အကြောင်းကို ဂဃနဏမသိသေးဘူး၊ သူပျောက်



www.burmeseclassic.com

www.burmeseclassic.com




ဘာဟာ ပိုက်ဆံပျောက်သလို ချောင်ကပ်နေတာမဟုတ်ဘူးနော်. . .၊ ထဲမှာရောပြီးပျောက်နေတာ၊ အဲဒီတော့ သူဟာ ဘယ်လူတန်းစားနဲ့မဆို ာပြီးပျောက်သွားနိုင်တယ်ဆိုတဲ့အချက်ကို စဉ်းစားရမယ်. . .၊ အဲဒီလို းစားလိုက်ရင် ရုပ်ရည်နဲ့ အသားအရောင်ဟာ တစ်ဝက်လောက်ပေါ်ပြီ . . .၊ လူတွေရဲ့သဘာဝကို အမျိုးအစားနားလည်ပြီး လိုအပ်ရင် ဟန် ာင်နိုင်တယ်၊ ရုပ်ဖျက်နိုင်တယ်လို့လည်း နားလည်သင့်တာပေါ့. . .၊ အဲဒါ ပြင် ဘာသာစကားလည်း ကျွမ်းကျင်ရပေမပေါ့. . .၊ ဗမာတစ်ယောက်၊ ားတောထဲဝင်ပုန်းနေရင်လည်း ဒီအတိုင်းပဲပေါ့. . .၊ ဘယ်နေရာကို က်လိုက်ရင် ရုပ်ပြောင်းသွားတယ်ဆိုတာကိုလည်း လေ့လာထားတဲ့ ဖြစ်မှာပေါ့. . .” ဟု ပြောကာ ဆေးလိပ်တိုကို အောက်သို့ချ၍ ခြေ ာက်ဖြင့် နင်းချေလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

## လမ်းပေါ်မှ ဈေးဟာကိုလှည့်ပိုင်းတစ်ပိုင်း

ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်ကို နှုတ်ဆက်၍ ပြန်လာခဲ့ကြပြီဖြစ်၏။ လမ်းတွင် ကျွန်ုပ်က ဦးကိုကိုကြီးအား–

"ကျုပ်တို့ကိုနှင်းမောင်ကိုကြည့်ရတာ အေးတိအေးစက်နိုင်လှတယ်ဗျာ..." ဟု ပြောလိုက်ရာ –


"ကိုနှင်းမောင်ရဲ့သဘာဝက တစ်မျိုးပဲလေဗျာ..၊ အပြင်မှာ အေးတိအေးစက်နိုင်ပေမဲ့ သူ့ခေါင်းကတော့ အငြိမ်နေတာမဟုတ်ဘူးဗျ။ အမြဲ အလုပ်လုပ်နေတဲ့လူပါဗျာ.. မပူပါနဲ့.." ဟု ဦးကိုကိုကြီးက ပြန်၍ ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ကားဖြင့်ပြန်လာခဲ့ကြရာ ဦးထောင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းအတက် အဝိုင်းကြီးအနီးရှိ မြေကွက်လပ်တစ်ခုတွင် လူများ စုရုံး စုရုံးရှိနေသည်ကို တွေ့သဖြင့် လှမ်းမျှော်ကြည့်လိုက်ရာ မျက်လှည့်ဆရာ တစ်ဦး မျက်လှည့်ပြနေသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်က –

"ဦးကိုကိုကြီးရေ.. ကားကိုရပ်ထားပြီး မျက်လှည့်ဆင်းကြည့်ရအောင်ဗျာ.." ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက –

"အိုင်ဆေးကလည်း မျက်လှည့်ဆိုတာ လိမ်တာပါဗျာ..၊ ကြည့်မနေစမ်းပါနဲ့ဗျာ.." ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က–

"ခင်ဗျားပြောသလို လိမ်တယ်ပဲထားပါဦး၊ လူလူချင်း ပြောင်ကြီးလိမ်တာကို ကျုပ်တို့က မသိဘူးလေဗျာ၊ အဲဒါ အံ့သြဖို့ကောင်းတာ.." ဟု ပြောလျှင် ဦးကိုကိုကြီးက –

"ထမင်းဆာလှပြီ ကိုယ့်လူရဲ့..၊ ပြန်ကြရအောင်ပါ.." ဟု အတင်းပြောလေ၏။ ထို့ကြောင့် မျက်လှည့်မကြည့်ဖြစ်တော့ဘဲ ပြန်ခဲ့ကြလေ၏။

နောက်တစ်နေ့တွင် ကျွန်ုပ်ရော ဦးကိုကိုကြီးပါ စီအိုင်ဒီရုံးတွင် ဆုံကြပြန်၏။ ထိုအချိန်၌ ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်လည်း ရောက်ရှိလာပြန်၏။ ထို့နေ့မှာ ရုံးနေ့တစ်ဝက် ရုံးဆင်းရသောနေ့ဖြစ်၏။ ဦးကိုကိုကြီးက ဆားပုလင်းနှင်းမောင်အား –

"အိုင်ဆေး ကိုနှင်းမောင်၊ ရုံးဆင်းရင် ဘယ်ကိုသွားမလဲ.." ဟု မေးရာ ဆားပုလင်းနှင်းမောင်က –

"သင်္ဃန်းကျွန်းဘက်မှာ ဝေါ်ရင်ဂျီထမင်းဆိုင်ကောင်းကောင်းရှိတယ်ဗျာ..၊ ငရုတ်သီးစပ်စပ်နဲ့ချက်ထားတဲ့ဟင်းတွေချည်းပဲ ငါးရံ့ဟင်း ကြက်သားဟင်း၊ ဆိတ်သားဟင်း၊ အကြော်အလှော်တွေလည်း စုံတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဦးကိုကိုကြီးနဲ့အိုင်ပီကို ကျွန်တော်က မနက်စာ ထမင်းကျွေးမယ် ဗျာ.. မကောင်းဘူးလား..'' ဟု ပြန်၍ ပြောလေ၏။

''ဒီထက်ကောင်းတဲ့အစီအစဉ် မရှိပါဘူး ကိုနှင်းမောင်ရယ်၊ တစ်ခု တော့ရှိတာပေါ့ဗျာ.. ရုံးက ၁၂ နာရီဆင်းမှာ၊ ရုံးကနေ သယ်န်းကျွန်းကို ကားနဲ့သွားရင်တောင် တစ်နာရီလောက်ကြာတယ်ဗျ၊ အဲဒီတော့ မနက်စာကို တစ်ချက်ထိုးမှစားရမှာပေါ့..၊ အဲဒီအချိန်မှာ ဂေါ်ရင်ဂျီကုလားဆိုင်က ဟင်းတွေဘာတွေ ကျန်ပါဦးမလား''ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

''စိတ်ချပါဗျာ.. အဲဒီဆိုင်က ဘယ်အချိန်စားစား ဟင်းစုံရှိပါ တယ်၊ ဆိုင်ပိုင်ရှင် နာရာရမ်းကလည်း ကျုပ်ရဲ့မိတ်ဆွေပါ၊ အကြွေးစား လို့လည်းရပါတယ်၊ ဆိတ်ခေါင်းဟင်းတွေ ဘာတွေ စားချင်ရင်တော့ သူ့ကို တစ်ရက်ကြိုပြီး မှာထားရတယ်..''ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ပြောလေ၏။

ကျွန်ုပ်တို့သုံးဦးသည် အဆာပြေသဘောဖြင့် အင်းစိန်ရုံးကြီးအနီး ရှိ ဘာကာလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ကြလေ၏။ နေ့ လယ် ၁၂ နာရီထိုးသောအခါ၌ ဦးကိုကိုကြီးက ကားကိုမောင်း၏။ ဦးကို ကိုကြီးအနီးတွင် ဆားပုလင်းနှင်းမောင်က ထိုင်၏။ နောက်ခုံတွင် ကျွန်ုပ်က ထိုင်၏။ ကျွန်ုပ်တို့သုံးဦးသည် စကားတပြောပြောဖြင့် သယ်န်းကျွန်းရှိ ဂေါ်ရင်ဂျီထမင်းဆိုင်သို့ ထွက်လာကြလေ၏။ တာမွေလေးဘူတာအနီး သို့ရောက်သောအခါ၌ လူအများ စုရုံးစုရုံးဖြစ်နေသည်ကိုမြင်လျှင် ဆား ပုလင်းနှင်းမောင်က –

''အိုင်ပီရေ.. ဟောဟိုမှာ မြေပိုင်းမျက်လှည့်ပွဲဗျ၊ တစ်ခါတစ်ခါ ဒီမြေပိုင်းမျက်လှည့်ပွဲတွေကလည်း ကြည့်လို့ကောင်းတယ်ဗျ..၊ ခဏ

www.burmeseclassic.com



ကားရုပ်များ..ကြည့်ရအောင်.." ဟု ဆိုသဖြင့် ဦးကိုကိုကြီးသည် ကား
ကို သစ်ပင်ရိပ်အောက်တွင် ထိုးရပ်လိုက်လေ၏။ မျက်လှည့်မှာ အရိပ်အာ
ဝါသကောင်းလှသော ကုက္ကိုပင်ကြီးအောက်တွင် ပြသနေခြင်းဖြစ်၏။ မျက်
လှည့်ဆရာသည် အသက်(၃၀)ကျော်ခန့်ဟု ခန့်မှန်းရ၏။ အသားမှာ အသား
ဝါဖြစ်၏။ မျက်နှာပေါက်မှာ လွန်စွာအချိုးကျ၏။ မျက်ရစ်မရှိသည်မှလွဲ၍
မျက်လုံးမျက် ဖန်ကောင်းသူဟုဆိုနိုင်၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ရှိ
၏။ ဆံပင်မှာ ပခုံးထိအောင် ရှည်၏။ မျက်လှည့်ပြရင်း ဘေးစောင်း
ပုလွေအနက်လေးတစ်ချောင်းကို မှုတ်နေလေ၏။ ထိုမျက်လှည့်ဆရာသည်
ပြကွက် ပြတိုင်း 'အီး..အေး..အီး..အေး..အို..'ဟူသောအသံကို
ဆွဲဆွဲငင်ငင် ရွတ်ဆို၏။ ထိုမျက်လှည့်ဆရာသည် မြန်မာလူမျိုးတစ်
ယောက်မဟုတ်ကြောင်းကို မြင်မြင်ချင်း သိနိုင်၏။ သို့ရာတွင် မြန်မာစကား
ကို ပီသစွာပြောနိုင်၏။ မျက်လှည့်ဆရာသည် ပုလွေမှုတ်လိုက်ပြီးနောက်
အောက်ပါအတိုင်းပြော၏။

"အခု ကျွန်တော်ပြမယ့်မျက်လှည့်ဟာ ဘိုးတော်ဘုရားလက်ထက်
ဘိုးတော်ဘုရားရဲ့ နန်းရင်ပြင်မှာ 'စက္ကောမ'မျက်လှည့်ဆရာကြီးတစ်ဦး
ပြသသွားတယ်ဆိုတဲ့ 'ကြိုးဖြည်၊ ကြိုးဖြုတ်၊ ကြိုးခလုတ်' အတတ်ပါပဲ
အဲဒီခေတ်တုန်းကတော့ ကြိုးနဲ့ပြခဲ့တာပါ၊ ဒါပေမဲ့ ကျွန်တော်က ခုကြိုး
နဲ့မပြပါဘူး..၊ လက်ထိပ်နဲ့ပြမှာပါ..၊ ဟောဒီမှာလက်ထိပ်.." ဟု ဆို
ကာ လက်ထိပ်ကို မြှောက်ပြလိုက်လေ၏။ ထို့နောက် မျက်လှည့်ဆရာ
ပင် –

"ဒီလက်ထိပ်ကို မြင်ဖူးကြမှာပါ..၊ ဂါတ်တဲတွေမှာ အသုံးပြု
ပါတယ်၊ ဘယ်သူမဆို စည်းဝိုင်းထဲကိုဝင်လာပြီး ကျွန်တော့်ရဲ့ လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



## ဆားပုလင်းနှင်းမောင်နှင့် မြွေလျှိုးမိုးပျံဒိဗ္ဗန်

ခတ်လိုက်ပါ၊ တစ်၊ နှစ်၊ သုံးဆိုတာနဲ့ လက်ထိပ်ကိုပြုတ်အောင် ကျွန်တော် ဖြုတ်ပြပါ့မယ်၊ ထွက်ခဲ့ပါ. . .'' ဟု မျက်လှည့်ဆရာက ဖိတ်ခေါ်လေ၏။ ဆားပုလင်းနှင်းမောင်သည် ရှေ့မှလူများကိုဖယ်၍ မျက်လှည့်စည်းဝိုင်းထဲသို့ ဝင်သွားလေ၏။ ထိုသို့ဝင်သွားပြီးလျှင် မျက်လှည့်ဆရာ၏လက်မှ လက်ထိပ်ကို လှမ်း၍ယူကာ မြေကြီးပေါ်သို့ပစ်ချလိုက်ပြီးလျှင် သူ၏ ကုတ်အင်္ကျီတွင် ဆောင်ပါလာသောလက်ထိပ်ကို ယူ၍ မျက်လှည့်ဆရာ၏လက်ကို ခတ်လိုက်လေ၏။ ထို့နောက် နောက်သို့ဆုတ်လိုက်ပြီးလျှင် –

''ဖြုတ်နိုင်ရင် ဖြုတ်ပေတော့၊ ဒီလက်ထိပ်ပြုတ်သွားရင် ဒီတစ်ပွဲ ကိုယ့်လူကို မဖမ်းဘူး. . .၊ လွှတ်ပေးလိုက်ဦးမယ်. . .''ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ မျက်လှည့်ဆရာက အောက်ပါအဓိပ္ပါယ်ရသော စကားကို အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်လေ၏။

''နေစမ်းပါဦး မိတ်ဆွေကြီးက ဆားပုလင်းနှင်းမောင်ဆိုတာ မှတ်တယ်. . .''ဟု မျက်လှည့်ဆရာက မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က–

''သိပ်ပြီးဟုတ်တာပေါ့. . . ဒိဗ္ဗန်ရယ်. . .'' ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ မျက်လှည့်ဆရာက –

''ဒီလိုဆိုရင် ကျုပ်ကတော့ ကြိုးစင်ကိုတက်ရဖို့ သေချာသွားပြီပဲ. . .'' ဟု အေးအေးဆေးဆေး ပြောလိုက်လေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် မျက်လှည့်ကြည့်သော ပရိသတ်ဘက်သို့လှည့်ကာ –

''ပြီးခဲ့တဲ့လက သယ်န်းကျွန်းဘူတာနားက အိမ်ကြီးတစ်လုံးပေါ်မှာဖြစ်ပွားခဲ့တဲ့ လူသတ်မှုရဲ့တရားခံ မြွေလျှိုးမိုးပျံ ဒိဗ္ဗန်ဆိုတာ သူပါပဲ၊ ကျွန်တော်တို့ စီအိုင်ဒီက အလိုရှိနေတဲ့ တရားခံဖြစ်ပါတယ်၊ သူ့ကိုဖမ်းတဲ့ ကျွန်တော်ဟာ ဆားပုလင်းနှင်းမောင်ပါ. . .၊ ဒါကြောင့် မျက်လှည့်ပွဲကြီး



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာပဲ နိဂုံးချုပ်ပါတယ်၊ ဆက်ပြီးကြည့်ချင်သေးတယ်ဆိုရင် ဒိဗ္ဗန်ကတော့ ခွင့်မရှိပါဘူး. . .၊ ကျွန်တော်ပဲ ပြရမှာဖြစ်ပါတယ်. . .'' ဟု ပြောဆိုကာ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိရှိုက်ဖွာလိုက်လေ၏။ ထို့နောက် ဒိဗ္ဗန်ကိုလည်း စီးကရက်သောက်ရန် စီးကရက်ဗူးကိုဖွင့်၍ ပေးလိုက်လေ၏။ ဒိဗ္ဗန်သည် လက်ထိပ်ခတ်လျက်အနေအထားမှနေ၍ ဆားပုလင်းနှင်းမောင်ပေးသော စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကိုနှိုက်ယူ၍ နှုတ်ခမ်းဖျားတွင်တေ့လိုက်လေ၏။ ဆားပုလင်းနှင်းမောင်က မီးခြစ်ကို ထောက်ခနဲခြစ်၍ မီးတို့ပေးလိုက်လေ၏။ ဒိဗ္ဗန်သည် အားရပါးရ ရှိုက်ဖွာလိုက်၏။

ထိုသို့ရှိုက်ဖွာလိုက်သည့်တစ်ခဏ၌မှာပင် စီးကရက်မှာ 'ဒိုင်းခနဲ' ပေါက်ကွဲကာ စီးကရက်သည် ကြေမွလွင့်စင်သွားလေ၏။ ဒိဗ္ဗန်သည် လန့်၍ နောက်သို့လှန်ချလိုက်လေ၏။ နှင်းမောင်က ဖမ်း၍ထိန်းထားရင်း –

''ဘာမှမဟုတ်ပါဘူး. . .၊ ဘာမှမဟုတ်ပါဘူး. . .၊ ဗျောက်အိုး ကလေးထည့်ထားတာပါ. . .''ဟုဆိုကာ ပရိသတ်ဘက်လှည့်ကာ ပြောလိုက်လေ၏။ ပရိသတ်များသည် လက်ခုပ်လက်ဝါးတီးလိုက်လေ၏။ ဒိဗ္ဗန်က ဆားပုလင်းနှင်းမောင်အား အင်္ဂလိပ်ဘာသာစကားဖြင့် –

''အတော့်ကို နောက်တီးနောက်တောက်နိုင်တဲ့လူပဲဗျား. . .'' ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်တို့သည် သွေးအေးသော လူသတ်သမား ဒိဗ္ဗန်ကို ကားဖြင့်တင်ဆောင်ကာ စီအိုင်ဒီသို့ ခေါ်ဆောင်ခဲ့ကြလေသော် လမ်းတွင် ဦးကိုကိုကြီးက –

''အိုင်ဆေး. . . ခင်ဗျားရဲ့ဗျောက်အိုးပြကွက်ကလေးက ကောင်း



www.burmeseclassic.com

www.burmeseclassic.com





ရာ…၊ ဘယ်လိုများ စီမံထားတာလဲ‥” ဟု မေးလေ၏။

“ဒီလိုလေ‥ဦးကိုကိုကြီးရဲ့‥ဂလေဇီယာစီးကရက်က အလိပ် (၂၀)ပါတယ်ဗျ၊ တစ်လိပ်ချန်ထားပြီး၊ (၁၉) လိပ်စလုံးကို ဗျောက်အိုးတွေ ည့်ထားတာ၊ အဲဒီချန်ထားတဲ့တစ်လိပ်ကိုပဲ ကျုပ်ကနှိုက်ပြီး သူ့ကို ာက်ပြလိုက်တာ၊ မျက်လှည့်ပညာနဲ့ပြောရရင်တော့ ‘မစ်စ်ဒါရိုက်ရှင်’ ့ခေါ်တယ်၊ သူ့ကို အယုံသွင်းပြီး လှည့်စားလိုက်တာလေ‥၊ ဗူးထဲက န့်တဲ့စီးကရက်ကို ဘယ်ဟာပဲ သူယူယူ ဗျောက်အိုးက ပါပြီးသားပဲ‥” ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသာမက ရှားခံဒီဗွန်သည်ပင်လျှင် အားရပါးရ ရယ်မောလိုက်လေတော့သတည်း

ჯ ჯ ჯ ჯ ჯ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

### ဒီဗွန်၏ဘဝဇာတ်

ကျွန်ုပ်တို့သည် သဃ်န်းကျွန်း အိမ်မည်းကြီးပေါ်တွင်ဖြစ်ပွားခဲ့သော လူသတ်မှုနှင့်ပတ်သက်၍ မျက်လှည့်ဆရာ ဒီဗွန်ဆိုသူအား ဖမ်းဆီးခဲ့ကြပြီးဖြစ်၏။ ထိုသို့ ဖမ်းဆီးခဲ့ကြပြီးနောက် အင်းစိန်စီအိုင်ဒီရုံးသို့ ခေါ်ဆောင်လာခဲ့လေ၏။ စီအိုင်ဒီသို့ရောက်လျှင် ဆားပုလင်းနှင်းမောင်က တရားခံဒီဗွန်အား –

"ခင်ဗျားကို ကျုပ်တို့က လက်ထိပ်ခတ်မထားဘူး။ လက်ထိပ်ခတ်ပေးထားမယ်၊ ထွက်ပြေးဖို့တော့ မကြိုးစားနဲ့၊ ဒီပွဲမှာ ကျုပ်က ခင်ဗျားကို နိုင်တယ်၊ ဒါကြောင့် ဖမ်းနိုင်တာပေါ့...၊ ဒီတော့ ခင်ဗျားဟာ ရှုံးသွားတဲ့ အဲဒီအထဲကနေ ထပ်ပြီးတော့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

မကြိုးစားပါနဲ့...၊ အဲဒီလို ကြိုးစားရင်တော့ ခင်ဗျားဟာ ယောက်ျားပီသတဲ့လူတစ်ယောက် မဟုတ်တော့ဘူး...၊ ကိုယ်ရှုံးတာကို ရှုံးတယ်လို့ အသိအမှတ်မပြုတဲ့လူတစ်ယောက်ဖြစ်နေပြီ၊ ခင်ဗျားဟာ ဒီလိုလုပ်မယ့်လူစားမျိုး မဟုတ်ဘူးဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါကြောင့် လက်ထိပ်ကို ဖြုတ်ပေးထားမယ်၊ အေးအေးချမ်းချမ်းနေပါ...''ဟု အဓိပ္ပါယ်ရသောစကားကို အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်လေ၏။ ထိုအခါ ဒီဗွန်က –

"စိတ်ချပါ ဆားပုလင်းနှင်းမောင်...၊ ကျုပ်ဟာ ဒီတိုက်ပွဲမှာ ရှုံးသွားပြီပဲ...၊ ရှုံးတဲ့အတိုင်းနေပါ့မယ်...၊ ညစ်ပတ်တဲ့အကြံဉာဏ်နဲ့ ဘာမှမလုပ်ပါဘူး...၊ တရားသူကြီးက ကျုပ်ကို သေဒဏ်ချလိုက်ရင်လည်း ကြိုးစင်ကို လေချွန်ပြီးတက်သွားပါ့မယ်...၊ သေရမှာကို သိပ်ပြီးကြောက်တဲ့လူစားမျိုးမှာ ကျုပ်မပါဘူး..." ဟု အင်္ဂလိပ်ဘာသာဖြင့် ပြန်၍ပြောလေ၏။

ထို့နောက်တွင်ကား ထမင်းစားချိန်၌ ဒီဗွန်အား ထမင်းကို ကောင်းစွာကျွေးမွေး၏။ နေ့လယ်နေ့ခင်းများ၌ လက်ဖက်ရည်တိုက်၏။ အိပ်ချင်သည်ဆိုလျှင်လည်း အိပ်ခွင့်ပေးခဲ့လေ၏။ ကျန်အချိန်များမှာမူ ဆားပုလင်းနှင်းမောင်သည် ဒီဗွန်၏နောက်ကြောင်းရာဇဝင်ကို မေးမြန်းစစ်ဆေးခဲ့လေ၏။ ထိုစစ်ဆေးမေးမြန်းချက်များကို ကျွန်ုပ်က လိုက်လံရေးမှတ်ရသောတာဝန်ကို ယူရလေ၏။ ဒီဗွန်သည် မေးသမျှ မေးခွန်းများကို ခြင်းချန်ခြင်း၊ လို ကြံဖြေဆိုခြင်း၊ နှစ်ခွသဘော ယူဆ၍ရအောင်ဖြေဆိုခြင်း၊ အဖြောင့်သဘော ဖော်ပြ၍ ကွယ်ဝှက်ခြင်း(ဖြောင့်ကွယ်)စသည့် ဖြေဆိုခြင်းများ မပြုလုပ်ဘဲ ရိုးရိုးသားသားပင် ဖြေဆိုလေ၏။ ကျွန်ုပ်သည် ဒီဗွန်၏ထွက်ချက်များကို လိုက်လံ ရေးမှတ်ရသောအခါ၌ အလုပ်ဝတ္တရားဆောင်ရွက်ရသည်နှင့်မတူဘဲ


www.burmeseclassic.com

www.burmeseclassic.com



လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသော ဝတ္ထုဇာတ်လမ်းကောင်းကြီးတစ်ပုဒ်ကို နားထောင်နေရဘိသကဲ့သို့ ရှိလေတော့၏။

ဆားပုလင်းနှင်းမောင်သည် အချိန်ရတိုင်း စစ်မေးလေ၏။ ကျွန်ုပ်သည်လည်း စစ်မေးသမျှကို လိုက်လံရေးမှတ်ခဲ့လေ၏။ ငါးရက်တိုင်တိုင် စစ်ဆေးမေးမြန်းခြင်း ပြုလုပ်ပြီးသောအခါ၌ သဃ်န်းကျွန်းအိမ်ကြီးတစ်အိမ်ပေါ်မှ လူသတ်မှုသည် ရုပ်လုံးပေါ်လာလေတော့၏။ ထိုစစ်ချက်များကို စာဖတ်ပရိသတ်အား မူရင်းအတိုင်းတင်ပြချင်သော်လည်း တင်ပြရပါမူ ပုလိပ်အစီရင်ခံစာကြီးတစ်ဆောင်ကို ဖတ်ရဘိသကဲ့သို့ ငြီးငွေ့ဖွယ်ရာကောင်းနေပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်၏ စုံထောက်အရာရှိ လုပ်သက်တစ်လျှောက်တွင် တွေ့ကြုံခဲ့ရဖူးသော အမှုပေါင်းများစွာအနက် သဃ်န်းကျွန်းအိမ်ကြီးပေါ်တွင်ဖြစ်ပွားခဲ့သော လူသတ်မှုကြီးသည်လည်း စိတ်ဝင်စားဖွယ်ကောင်းသောအမှုကြီးဖြစ်ရကား တရားခံ၏ထွက်ချက်ကို မူရင်းအတိုင်းမဖော်ပြဘဲ ဝတ္ထုသဖွယ် ရေးသား၍ ဖော်ပြလိုက်ရပေ၏။

ထို့ကြောင့် သဃ်န်းကျွန်းအိမ်ကြီးပေါ်မှ လူသတ်မှုကြီးဇာတ်လမ်းကို ဤသို့စရမည်ဖြစ်၏။

တစ်ခါက အိန္ဒိယပြည်မြောက်ပိုင်း နယ်စပ်ရွာလေးတစ်ရွာတွင် ဒီဇွန်ဆိုသောလူတစ်ယောက် ရှိခဲ့ဖူးပါသည်။

ဤသူသည် လွန်စွာနူးညံ့သိမ်မွေ့၏။

ထို့အတူ ဤသူသည်ပင်လျှင် လွန်စွာကြမ်းတမ်းခက်ထန်၏။

စဉ်းစားဉာဏ်မရှိဘဲ လုပ်မိလုပ်ရာကို လုပ်ကိုင်တတ်၏။ ထို့အတူ



www.burmeseclassic.com

www.burmeseclassic.com



ဤသူသည် ဆင်ခြင်တုံတရားကြီးမားလှ၏။

ဤသူ၏ဘဝသည် ကြေကွဲဝမ်းနည်းဖွယ်ရာကောင်း၏။

ထို့အတူ ဤသူ၏ဘဝသည် ဆွတ်ပျံ့ကြည်နူးဖွယ်ရာလည်း ကောင်း၏။

ဤသူသည် ခွင့်လွှတ်သည်းခံတတ်သူဖြစ်၏။

ထို့အတူ ဤသူသည် ဖွဲ့နဘဲကြီးစွာ ဂလဲ့စားချေတတ်သူလည်း ဖြစ်၏။

ဤသို့ဆိုလျှင် [illegible]စွန်းနှစ်ဖက်တွင် လူးလားခေါက်တုံ့ဖြစ်နေသော ဤသူ၏အကြောင်းသည်ပင်လျှင် ယခု ကျွန်ုပ်ရေးသားမည်ဖြစ်သော "ဆားပုလင်းနှင်းမောင်နှင့် မြေလှိုျးမိုးပျံ ဒိဗ္ဗန်"ဟူသောဝတ္ထုကြီး ဖြစ်ပေ တော့သတည်း။

**စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၆)
## နဝင်းခြံနှင့် အိမ်ကြီး

မြစ်ဝကျွန်းပေါ်ဒေသတွင် 'တိုးမြစ်'၏ ကမ်းနဖူးပေါ်၌ တည်ထားသော မြို့ကြီးတစ်မြို့ တည်ရှိ၏။ ထိုမြို့ကြီး၏ဘေးမှ 'တိုးကော်'ဟု အမည်ရှိသော ချောင်းငယ်တစ်ခုသည် တိုးမြစ်အတွင်းသို့ စီးဝင်လေ၏။ ထိုမြစ်၏အစွန်ပိုင်း တိုးကော်ချောင်းနှင့် တိုးမြစ်ဆုံရာအရပ်တွင် စည်ကားသိုက်မြိုက်သော ရွာကြီးတစ်ရွာ ရှိ၏။ ထိုရွာတွင် (၉)ကေခန့်ကျယ်သော ခြံကြီးတစ်ခြံလည်း ရှိ၏။

ထိုခြံကြီးထဲတွင် နှစ်ထပ်ကျွန်းအိမ်မည်းမည်းကြီးလည်း ရှိ၏။ ထိုကျွန်းအိမ်မည်းမည်းကြီးသည် ကျွန်းတိုင်ကြီး (၂၇)လုံးကို စိုက်ထောင်၍ ဆောက်လုပ်ထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုခေတ်ဗိသုကာဆရာတို့၏ အခေါ်အားဖြင့် ကိုးပင်ပတ် လည် အိမ်ကြီးဖြစ်၏။ အမိုးကို အုတ်ကြွပ်မိုး၏။

ထိုအိမ်ကြီးကို (၁၂၂၉) ခုနှစ်၊ နတ်တော်လဆန်း (၉) ရက်နေ့ နံနက် (၉)နာရီတွင် အိမ်ရှင်ဖြစ်သူ ဦးမင်းလွင်ကိုယ်တိုင် အခါတွက်၍ လက်သမား(၉)ဦးဖြင့် စတင်ဆောက်လုပ်သည်ဆို၏။ ထိုအိမ်ကြီး၏ အနောက်ဘက်တွင် မြေစိုက်ပျဉ်ထောင်တန်းလျား (၉)ခန်းရှိ၏။ ထိုအိမ်ကြီးနှင့် ထိုခြံကြီးမှာ (၉)ဂဏန်းများ စုဝေးထားသကဲ့သို့ ရှိ၏။ ခြံကြီး၏အကျယ် အဝန်းမှာ (၉) ဧက ရှိ၏။ ကျွန်းအိမ်ကြီးတွင် အသုံးပြုသော ကျွန်းတိုင်ကြီးများမှာ (၂၇)လုံးဖြစ်ကာ ပြတင်းပေါက်ပေါင်းမှာ (၉)ပေါက်ရှိသည်ဆို၏။ အခန်းကို (၉)ခန်းတိတိ ဖွဲ့ထားသည် ဆို၏။ ဆောက်လုပ်သော ခုနှစ်မှာလည်း ပေါင်းလိုက်လျှင် (၉)ဂဏန်း ကျ၏။ 'လ'မှာလည်း မြန်မာ (၉)လ ဖြစ်၏။ ရက်မှာ လဆန်း(၉)ရက် တိတိတွင် ဖြစ်၏။ ထိုခြံကြီးအတွင်း၌ ကား အရိပ်အာဝါသကောင်းသော အပင်များ ပြည့်နှက်လျက်ရှိလေ၏။ ထိုခြံ အတွင်း၌ အုန်းပင်ပေါင်း (၇၂)ပင် ရှိသည်ဆို၏။ ပိန္နဲပင်ပေါင်း (၂၇) ပင်ရှိ သည်ဆို၏။ သီဟိုဠ် ပင် (၁၈)ပင် ရှိသည်ဆို၏။

အချုပ်အားဖြင့်ဆိုရသော် ထိုခြံကြီးနှင့် ကျွန်းအိမ်မည်းမည်း ကြီးသည် (၉)ဂဏန်းများဖြင့် ဖွဲ့စည်းထားသည်ဟု ဆိုနိုင်၏။ ထိုခြံနှင့် အိမ်ကြီး၏ ပိုင်ရှင်မှာလည်း ဦးမင်းလွင်ဟု ဆိုသောကြောင့် (၉)ဂဏန်းပင် ဖြစ်၏။ ဦးမင်းလွင်၏ဇနီးမှာ မကြီးကြီးဟု ဆို၏။ ထို့ကြောင့် ၎င်း၏ အမည်သည်လည်း (၉)ဂဏန်းပင် ဖြစ်နေပြန်၏။ ဤသည်ကို အကြောင်းပြု၍ အများသူငါက ထိုခြံကြီးအား 'နဝင်းခြံကြီး'ဟု ခေါ်ကြ၏။

၎င်းဦးမင်းလွင်သည် ဆေးဆရာကြီးတစ်ဦးဖြစ်၏။ အရေးကြီး

www.burmeseclassic.com



သော လူနာများကို ၎င်း၏ခြံထဲရှိ မြေစိုက်ပျဉ်ထောင်အဆောင်တွင် ခေါ်ထားပြီးလျှင် ရက်ရှည်ဆေးကုသပေး၏။ အဖိုးအခဟူ၍မတောင်းဘဲ လူနာများမှ တတ်နိုင်သလောက် လှူဒါန်းသောငွေကိုပင် လက်ခံရှာ၏။ ခေါ်ယူထားသော လူနာများသာမက လူနာစောင့်များကိုပါ အခမဲ့ ထမင်းကျွေး၏။ ထမင်းဟင်းလျာများကိုလည်း ကိုယ်တိုင်ဈေးဝယ်၍ ကိုယ်တိုင်ချက်ပြုတ်၏။

၎င်းဆေးချက်ချရာ၌ 'အရိုင်း၊ ခေါင်သောက်၊ လူမိုက်၊ စိတ်တို' ဆိုသော ဂါထာကလေးကို ရွတ်ဆို၍ ဆေးချက်ချတတ်၏။ ၎င်းဂါထာ၏အဓိပ္ပာယ်ကို စဉ်းစားကြည့်သောအခါ၌လည်း အားလုံးသည် 'နဝင်း' ဖြစ်နေပြန်၏။ ဥပမာအားဖြင့် 'အရိုင်း'ဆိုသော အတွဲသည် တနင်္ဂနွေနှင့် ရာဟု တွဲထားခြင်းဖြစ်၏။ တနင်္ဂနွေသည် ဂြိုဟ်သက်အားဖြင့် (၆)နှစ်ရှိ၏။ ရာဟုမှာ ဂြိုဟ်သက်အားဖြင့် (၁၂)နှစ် ရှိ၏။ ၎င်းနှစ်ခု ပေါင်းသော် (၂၇) ရှိ၏။ ထို့ကြောင့် 'နဝင်း'ပင် ဖြစ်၏။ ထို့အတူ 'ခေါင်သောက်'ဆိုသော အတွဲကို စဉ်းစားလျှင်လည်း 'ခေါင်' ဆိုသော တနင်္လာ၏ဂြိုဟ်သက်မှာ (၁၅) ရှိ၏။ 'သောက်' ဆိုသော သောကြာ၏ ဂြိုဟ်သက်မှာ (၂၁) ဖြစ်၏။ ပေါင်းသော် (၃၆) ရ၏။ ထို့ကြောင့် နဝင်းပင် ရပြန်၏။

လူနာတစ်ဦးအား ဆေးကုရာတွင် (၉)ရက်ပြည့်သောနေ့တွင် ဆေးပတ်လည်သည်ဟု ၎င်းက သတ်မှတ်၏။ ၎င်းဆရာ ဦးမင်းလွင်သည် ဆေးကုရာတွင် ကွမ်းရွက်ကို တွင်တွင်ကျယ်ကျယ်ကြီး သုံး၏။ ကွမ်းရွက်ကိုလည်း 'ကွမ်း'သည် တနင်္လာဖြစ်သောကြောင့် ဂြိုဟ်သက် (၁၅) ရှိ၏။ 'ရွက်'မှာ ရာဟုဖြစ်သောကြောင့် ဂြိုဟ်သက်(၁၂) ရ၏။ နှစ်ခုပေါင်းသော် (၂၇) ရသဖြင့် နဝင်းကြေသည်ဟု ဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်းဆရာကြီးသည် ၎င်းဖော်စပ်ထားသော ဆေးများကို ပေးသည့်အခါ၌လည်း ဆေး(၉)လုံး၊ (၁၈)လုံး၊ (၂၇) လုံး စသည်ဖြင့် ပေးတတ်မြဲဖြစ်၏။ ၎င်းထံတွင် ကုသကြသော လူနာများမှာ ၎င်း၏ ဆေးစွမ်းထက်ခြင်း မေတ္တာစိတ်ကြီးမားခြင်းကြောင့် ပျောက်ကင်းချမ်းသာကြသည်ချည်းဖြစ်၏။ ၎င်းခြံတွင် ဈေးဝယ်ရန်အတွက်လည်းကောင်း၊ ဆရာကြီးခရီးသွားရန်အတွက်လည်းကောင်း အမိုးမပါသောမြင်းလှည်းကလေးတစ်စီးကို အသုံးပြုတတ်၏။ ထိုမြင်း လှည်းတွင် ပြေးဆွဲသော မြင်း၏အရောင်မှာ အဖြူရောင်ဖြစ်၏။ မြင်း၏အမည်မှာ 'တိမ်ခိုး' ဟူ၍ ဖြစ်၏။ ထိုမြင်းအမည်သည်လည်း 'နဝင်း'ပင် ဖြစ်နေပြန်၏။

ညအခါများတွင် ထိုကျွမ်းအိမ်မည်းကြီး၌ အောက်လင်းဓာတ်မီးကြီးများ ထွန်းထားတတ်သောကြောင့် ထိန်ထိန်လင်း၍နေလေ၏။ ထိုရွာတွင် ထိုအိမ်သည် အမြင့်ဆုံးဖြစ်၏။ ရွာသူရွာသားများသည် ထိုဆရာကြီးအား လွန်စွာလေးစား၍ ချစ်ခင်ကြရာ ဓားပြတိုက်ရန်ကြံစည်သော လူဆိုးဓားပြတို့သည် မကြံစည်ဝံ့ပဲ ရှိကြလေ၏။ ထို့ပြင်တဝ ထိုလူဆိုးဓားပြတို့၏ မိသားစုနှင့် ဆွေမျိုးများကိုလည်းကောင်း၊ ထိုဓားပြလူဆိုးတို့ကိုယ်တိုင်ကိုလည်းကောင်း ဆရာကြီးက ဆေးကုသပေးဖူးသည်ချည်းဖြစ်၏။ ထို့ကြောင့် လူဆိုးဓားပြတို့သည်လည်း ထိုဆရာကြီးဦးမင်းလွင်အား ကျေးဇူးရှင်ဟု သတ်မှတ်ကြကုန်၏။ ဤအကြောင်းနှစ်ကြောင်းကြောင့် ထိုဆရာကြီး၏အိမ်ကို သူခိုး ဓားပြတို့သည် မျက်စောင်းပင် မထိုးဝံ့ကြပေ။

ထိုဆရာကြီး၏အိမ်တွင် ခွေးတံဆိပ်ဓာတ်စက်တစ်လုံးရှိ၏။ ကြာမကြာ ဓာတ်ထုပ်များဖွင့်၏။ ရွာသူရွာသားများသည် ထိုဓာတ်ထုပ်များကို နဝင်းခြံကြီးအတွင်းသို့ ဝင်ရောက်ကာ နားထောင်လေ့ရှိကြကုန်၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ချိုး၍ ဆရာကြီး၏ကတော် 'မကြီးကြီး'သည် ဖာတ်ထုပ်လာ၍ နားထောင်ကြသူများအား ရေနွေးကြမ်း၊ လက်ဖက်သုပ်တို့ဖြင့် တိုက်ကျွေးလေ၏။ ညဉ့်နက်သောအခါ၌လည်း ဆရာကြီးကိုယ်တိုင် ထမင်းများကြော်၍ မာတ်စက်ရှိသတ်အား ကျွေးမွေးလေ့ရှိ၏။ ထိုရွာတွင် သူကြီးရှိ၏။ သူကြီး၏အမည်မှာ 'ဦးသာဂရ' ဖြစ်၏။ ၎င်းဦးသာဂရသည် ၎င်းအနေနှင့် ပြောဆိုဆုံးမ၍ မရသော ရွာသားအား ဆရာကြီးထံ အပ်နှံလေ၏။

"ကဲ ... နဝင်းဆရာကြီးရေ ...၊ သာလှကတော့ အတော့်ကို ဆိုးနေပြီ၊ ရွာထဲမှာ မူးပြီးရမ်းလို့ ထိပ်တုံးခတ်ရတာလည်း သုံးခါရှိနေပြီ၊ နောက်ထပ်လည်း မခတ်ချင်တော့ဘူး၊ ဆရာကြီးအိမ်ကို လွှတ်လိုက်မယ်၊ ဆရာကြီး ဆုံးမပေးပါ" ဟု ပြောလေ၏။

အဆုံးစွန်အားဖြင့်ဆိုရသော် သူကြီးဦးသာဂရသည် ၎င်း၏သား 'ဘတေ'နှင့် သမီးဖြစ်သူ 'မိညွက်'တို့ကို ပြောဆိုဆုံးမ၍မရသောအခါ၌ ၎င်းနဝင်းဆရာကြီးထံသို့ပင် အပ်နှံ၍ ဆုံးမခိုင်းလေ၏။ ၎င်းဆရာကြီး ဦးမင်းလွင်ဆုံးမလိုက်လျှင် လိမ္မာယဉ်ကျေးသွားသည်က များ၏။ ဆရာကြီးသည် အဖိတ် နေ့၊ ဥပုသ်နေ့တိုင်းတွင် (၉)ပါးသီလ စောင့်ထိန်းမြဲဖြစ်၏။ ၎င်း၏ တပည့်များကိုလည်း သီလစောင့်ထိန်းခိုင်း၏။ ရွာဦးကျောင်းသို့လည်း ကိုယ်တိုင်ချက်သော ဆွမ်းဟင်းချိုင့်ကို ကြာသပတေးနေ့တိုင်း ပို့လေ့ရှိ၏။ ရွာဦးကျောင်းမှ ဆရာတော်နှင့် ရဟန်းသံဃာများ နေထိုင်မကောင်းဖြစ်လျှင်လည်း ကိုယ်တိုင်သွားရောက်၍ သတင်းမေးကာ ဆေးကုသပေးလေ့ရှိ၏။ ဆရာတော်ကြီးကလည်း နဝင်းဆရာကြီးဦးမင်းလွင်အား လွန်စွာလေးစားချစ်ခင်လေ၏။

"ဒကာကြီးတို့ကတော့ နေ့တိုင်း ကုသိုလ်တွေ ရနေတာပဲ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကူသွားရင်တော့ နတ်ပြည်ရောက်မှာ သေချာပါတယ် ...၊ မေတ္တာဓာတ် တလည်းကြီးတော့ ဖြဟ္မာပြည်တောင် ရောက်ချင်ရောက်မှာပါ ...၊ ကျုပ် ဒကာကြီးက ပုတီးတော့ တယ်စိပ်တာကိုး ...၊ ကျုပ်က သမထ သိပ်ပြီးမလုပ်စေချင်ဘူး၊ ဝိပဿနာကို လုပ်စေချင်တာ ...၊ အဲဒီအချက် လေးတစ်ချက်ပဲ ခင်ဗျားအပေါ်မှာ အားမရ ဖြစ်မိတယ်ဗျာ၊ အခါကောင်း ကြုံတုန်း တစ်မဂ်တစ်ဖိုလ် ရအောင်တော့ လုပ်စေချင်တယ်၊ သမထလုပ် လို့ သိပ်ခိုင်လာပြီး ဝိဇ္ဇာဇော်ဂျီသွားပြီးဖြစ်နေရင် အလွန်အဖိုးတန် ဝိမုတ္တိခေတ်ကြီးနဲ့ လွဲသွားမယ်နော်၊ အဲဒီလိုလွဲသွားရင်တော့ ပထမဆုံး မယ့်ဥစ္စာ အထူးဆုလောက်နဲ့ ကျေနပ်ရသလိုဖြစ်နေလိမ့်မယ်၊ ဘုန်းကြီး ပြောတဲ့စကားကို အလေးအနက်စဉ်းစားပါ ဒကာကြီး ...'' ဟု မကြီး ခဏ မိန့်တော်မူလေ၏။

ဆရာကြီး၏ကတော် 'မကြီးကြီး' မှာလည်း ဆင်းဂါးစက် တစ်လုံး ဖြင့် လူနာများဝတ်ရန် အဝတ်အထည်များကို ချုပ်ပေးလေ့ရှိ၏။ ဆရာကြီး ၏ဆေးခန်းတွင်အသုံးပြုရန် ပြတင်းပေါက်လိုက်ကာများ၊ စားပွဲခင်းများ ကိုလည်း ချုပ်လုပ်ပေးလေ့ရှိ၏။ ဆရာကြီးသည် အစဉ်သဖြင့် အဝါရောင် အစိမ်းရောင်၊ အနီရောင်ကိုသာ အသုံးပြုလေ့ရှိလေ၏။ သိလို၍ မေးမြန်း ကြသောသူတို့အား –

"အဲဒီအရောင် (၃)ရောင်က အလွန်ဒုက္ခပေးတဲ့ စနေဂြိုဟ်ကို အနိုင်ဖိထားနိုင်တဲ့အရောင်တွေဖြစ်တယ်၊ ကျုပ်ပြောတာ မယုံရင် စနေ အင်္ဂဝိဇ္ဇာတိုင် ထူကြည့်ပါလား၊ အဲဒီအရောင်(၃)ရောင်ဟာ တိုင်ရဲ့အထက် မှာ ရှိနေတာကို တွေ့ရလိမ့်မယ် ...'' ဟု ရှင်းပြလေ့ရှိလေ၏။

၎င်း၏နဝင်းခြံသို့ လာရောက်၍ မကုသနိုင်သော တောပိုင်း



www.burmeseclassic.com

www.burmeseclassic.com





လူနာများကိုလည်း ဆရာကြီးသည် မြင်းလှည်းဖြင့် သွားရောက်၍ ကုသ ပေးလေ့ရှိလေ၏။ ဆရာကြီးပြန်လာသောအခါ၌ တစ်ခါတရံ ညဉ့်နက် နေပြီဖြစ်၏။ ဆရာကြီး၏ မြင်းလှည်းမှ တိမ်ခိုး၏ခွာသံကို ရွာသူရွာ သားများသည် မှတ်မိနေပြီဖြစ်၏။

"တို့ဆရာကြီး ပြန်လာပြီဟေ့ ..." ဟု တစ်ဦးကိုတစ်ဦး အသိ ပေးကြ၏။ လသာသောညများတွင် ဆရာကြီးသည် မြင်းလှည်း မောင်းရင်း အသံဝါကြီးဖြင့် သီချင်းကို ဟစ်အော်၍ ဆိုလာတတ်၏။ ထိုအသံကို ကြား သွင် မကြီးကြီးသည် ကပျာကယာ ခြံပေါက်သို့ဆင်း၍ –

"ကိုလွင် ပြန်လာပြီ ...၊ အောက်လင်းတွေဘာတွေ ထွန်းကြ ဦး ..." ဟု အိမ်သူအိမ်သားများကို သတိပေးလေ့ရှိ၏။

မြင်းလှည်း ခြံအတွင်းသို့ ရောက်သောအခါ၌ ဆရာကြီးကို ဆွာမှကန်တော့လိုက်သော ကောက်ညှင်းဆန်များ၊ မုန့်ဆမ်းများ၊ ငရုတ်၊ သခွား၊ ကြက်သွန်များကို ဝိုင်းဝန်း၍ သယ်ပိုးကြရလေ၏။

ဤသည်ကား နဝင်းခြံကြီးရပ်တည်ပုံနှင့် နဝင်းဆရာကြီး ဦးမင်း သွင်၏ တည်နေပုံတည်း ...။ ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

### တာယောထိုးနေသော နဝင်း

ဆရာဦးမင်းလွင်သည် လူနာများလှူဒါန်းသောငွေဖြင့် အတော်ပင် ကြီးပွားချမ်းသာနေပြီဖြစ်၏။ ထို့ကြောင့် ထိုရွာတွင် ဆန်စက်တစ်လုံးတည် ... ထိုဆန်စက်၏အမည်ကို 'နဝင်း' ဟူ၍ပေးလေ၏။ ထိုနဝင်းဆန်စက် ည် လွန်စွာမှ ကြိတ်ရလေ၏။ ဆန်စက်အလုပ်သမား (၃၀)ခန့် ရှိ၏။ င်းဆန်စက် အောင်မြင်သောအခါ၌ ထိုရွာ၌ပင် သစ်စက်တစ်လုံး တည် ...၏။ ထိုသစ်စက်၏အမည်ကို 'ထူးတဲ့ ကိုး' ဟု ပေးလေ၏။ ထို့ကြောင့် ...ထပ်သဘော်လေးတစ်စီးလည်း ဝယ်ထားလေ၏။ ထိုသဘော်လေး ...ည်မှာ 'တိုးကျော်' ဟူ၍ ဖြစ်လေ၏။

နဝင်းဆရာကြီး ဦးမင်းလွင်၏ဇနီးသည်လည်း စိန်ရွှေရတနာများ



www.burmeseclassic.com

www.burmeseclassic.com



ကို အပေါင်ခံသည့်အပြင် လယ်များ၊ ယာများကိုလည်း အပေါင်ခံလေ၏
ဆရာကြီးသည် အတိုးနှုန်းများစွာမယူရန် မကြီးကြီးအား အတိုးနှုန်း ကန့်
သတ်ပေးထားလေ၏။ ထို့ပြင် အတိုးပေါ်အတိုး ထပ်ဆင့်သော နှစ်ထပ်တိုး
သဘောမျိုးမယူရန်လည်း တားမြစ်ထားလေ၏။ နဝင်းဆရာကြီး ဦးမင်း
လွင်သည် လွန်စွာချမ်းသာသော သူဌေးကြီးအဖြစ်သို့ ရောက်သွားပြီဖြစ်
၏။

နဝင်းအိမ်ကြီးတွင် မကြီးကြီး၏ညီမ မလေးဆိုသည့် အပျိုကြီး
တစ်ဦးလည်း နေ၏။ ဦးမင်းလွင်၊ မကြီးကြီးတို့တွင် သားလေးတစ်ယောက်
ထွန်းကားလေ၏။ ထိုသားလေး၏အမည်မှာ 'မောင်နဝင်း'ဟူ၍ပင် ဖြစ်၏
၎င်းမောင်နဝင်းသည် အသက် (၁၆)နှစ်ကျော်၊ (၁၇) နှစ်ခန့် ရှိပြီဖြစ်၏
၎င်းတို့၏မြို့တွင်ရှိသော အင်္ဂလိပ်စာ ကောင်းစွာသင်ကြားပေးသည့် အအေ
အမ်ခေါ် ကရင်ကျောင်းတွင် တက်၏။ မောင်နဝင်းသည် (၁၀)တန်းသို့ပင်
ရောက်နေပြီဖြစ်၏။

မောင်နဝင်းအား အိမ်တွင် စာပြပေးသူမှာ 'ဒေါ်မလေး'ပင် ဖြစ်၏
ဒေါ်မလေးမှာလည်း အေဘီအမ်ကျောင်းမှ (၁၀)တန်းအောင်ပြီး ထိုကျောင်း
၌ပင် ကျောင်းဆရာမလုပ်နေသူဖြစ်၏။ နဝင်းအိမ်ကြီး၏ စီးပွားရေးဖြစ်သော
ဆန်စက်၊ သစ်စက်၊ သင်္ဘောတို့၏စာရင်းကို ဒေါ်မလေးဆိုသူက ကိုင်၏
ထို့ကြောင့် ထိုအိမ်၏စီးပွားရေးကို 'ဒေါ်မလေး'က ကကြီးမှ အ,အထိ သိ
၏။ ၎င်း၏အစ်မ မကြီးကြီးကလည်း ဒေါ်မလေးအား အဝတ်အစားသာမက
လက်ဝတ်ရတနာများကိုပင် ဆင်မြန်းပေးထားလေ၏။ အဝတ်အစား
ဝယ်လျှင်လည်း မကြီးကြီးသည် ဆင်တူနှစ်ထည် ဝယ်လေ့ရှိ၏။ အစဉ်သဖြင့်
ဆိုသလို ညီအစ်မနှစ်ဦးသည် ဆင်တူဝတ်ဆင်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နဝင်းဆရာကြီး ဦးမင်းလွင်သည် လူနာများအတွက် ဆေးပြတ်သောအခါ ဘယဆေးများ ဝယ်ယူရန်အတွက် မောင်နဝင်းအား ပုသိမ်မြို့သို့ စေလွှတ်လေ့ရှိ၏။ မောင်နဝင်းသည် ပုသိမ်သို့ ရောက်သောအခါ၌ ရွှေမုဓောဘုရားကို ရှေးဦးစွာဖူး၏။ ပြီးလျှင် ဈေးသို့သွားလေ၏။ ဈေးသို့ရောက်လျှင် အိန္ဒိယဖြစ် အထည်အဝတ်များနှင့် ဟာလဝါရောင်းသောဆိုင်သို့ သွားရောက်ကာ ဟာလဝါ တစ်ဝကြီး ဝယ်၍စားလေ၏။ ထိုဆိုင်မှာ ကုလားမမိန်းမချောကလေးတစ်ဦး ရောင်းသောဆိုင် ဖြစ်၏။ ထိုကုလားမလေး၏အမည်မှာ 'ကရုဏာ' ဟု ခေါ်၏။ မြန်မာစကားကို သွက်သွက်လက်လက်ပြောနိုင်၏။ သို့ရာတွင် စကားလုံးတိုင်း၌ ကုလားသံ ဝဲ၍နေ၏။ ဆိုင်နီးပါးချင်းများသည် မောင်နဝင်းရောက်လာလျှင် ကရုဏာအား နောက်ပြောင်ကြလေ၏။ မောင်နဝင်းကိုလည်း နောက်ကြလေ၏။ အထည်ရောင်းသည်အဒေါ်ကြီးတစ်ဦးကမူ –

"နဝင်းရယ် ...၊ ဒီလောက်တောင် ဟာလဝါကြိုက်ရင်လည်း ကရုဏာကို အိမ်မှာအပြီးခေါ်ထားပါလား ..."ဟု ပြောလေ၏။ ထိုအခါ မောင်နဝင်းက –

"ကရုဏာက လိုက်မယ်ဆိုရင်တော့ အခုကို ခေါ်သွားချင်တာပဲ" ဟု ပြောလိုက်ရာ ကရုဏာက –

"ကိုနဝင်း တကယ်ပြောတာလား ..." ဟု မေးလေ၏။ ထိုအခါ နဝင်းက လက်ညှိုးနှစ်ချောင်းထောင်၍ပြပြီးလျှင် –

"နှစ်ကယ် ..." ဟု ပြန်၍ဖြေလေ၏။ ကရုဏာသည် သဘောကျ၍ သွားကလေးများပေါ်သည်အထိ တခစ်ခစ် ရယ်လေတော့၏။ ကရုဏာသည် အသားဖြူ၏။ ဖြူသည်ဟုဆိုရမည်ထက် ဝါသည်ဟုဆိုလျှင် ပို၍



www.burmeseclassic.com

www.burmeseclassic.com



မှန်မည်ဖြစ်၏။ နှာတံပေါ်၏။ မျက်လုံးမျက်ခုံးလှ၏။ ကိုယ်လုံးကိုယ်ပေါက်မှာ သွယ်လျ၏။ ရင်ဖွံ့၍ တင်မှာကား စွင့်စွင့်ရှိ၏။ အသံမှာ ငွေဆည်းလည်းသံကဲ့သို့ လွန်စွာမှလည်း သနားတတ်သူဖြစ်၏။ ကရုဏာဆိုသော အမည်သည် သူမနှင့် လွန်စွာလိုက်ဖက်၏။

နဝင်းမှာမူ ရင်အုပ်ကျယ်၏။ အရပ်အမောင်းကောင်း၏။ မျက်လုံးမျက်ခုံး ညိုမှောင်၏။ အသံမှာ ဩဇာဓာတ်ပြည့်ဝ၏။ လွန်စွာမှ ယောကျ်ားပီသ၏။ ၎င်း၏မျက်နှာတွင် ဖော်ပြ၍မရနိုင်သော တစ်စုံတစ်ခုသော ညို့ဓာတ်သည်ရှိ၏။ ထို့ကြောင့် နဝင်းအား ရွယ်တူမိန်းကလေးများသည် စိတ်ဝင်စားကြကုန်၏။ ထိုအထဲတွင် ကရုဏာဆိုသောမိန်းကလေးမှာ အသည်းဆုံးဖြစ်၏။ ၎င်းတို့နှစ်ဦးသည် ဈေးဝယ်သူနှင့် ဈေးရောင်းသူဘဝမှ ချစ်သူများအဖြစ်သို့ ရောက်သွားပြီဖြစ်၏။ ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး သစ္စာမဖောက်ကြေး လက်ထပ်ကြမည်ဖြစ်ကြောင်း ရွှေမုဓောဘုရားတွင် သစ္စာပန်းများ လှူဒါန်း၍ သစ္စာပြုကြလေ၏။

အိန္ဒိယပြည် ကာလကတ္တားမြို့ ဟောင်ရာဆိပ်ကမ်းမှ ရွက်လှေများသည် ကုန်များအပြည့်တင်ကာ မြန်မာပြည် ပုသိမ်ဆိပ်ကမ်းသို့ လဆန်းတိုင်း ဆိုက်ရောက်လေ့ရှိ၏။ ပုသိမ်မှ ရွက်လှေများမှာ လဝက်လောက်တွင် ဟောင်ရာဆိပ်ကမ်းသို့ ပြန်လည်၍ ရွက်လွှင့်တတ်မြဲဖြစ်၏။ ကရုဏာသည် ကုန်ပစ္စည်းများတင်ကာ ရွက်လှေဖြင့် ရောက်လာပြီး ပုသိမ်ဈေးထဲတွင် အထည်နှင့် ဟာလဝါကို ဆိုင်ဖွင့်၍ ရောင်းချ၏။ ရောင်းစရာပစ္စည်းများ ကုန်လျှင် ရွက်လှေဖြင့်ပင်ကာလ ကတ္တားမြို့ ဟောင်ရာဆိပ်ကမ်းသို့ ပြန်လေ့ရှိ၏။ ကာလကတ္တားသို့ရောက်လျှင် ရထားဖြင့် ၎င်းနေထိုင်ရာ မြို့ကလေးသို့ စီးနင်းလိုက်ပါလေ့ရှိလေ၏။ ၎င်းတို့နှစ်ဦး လွတ်လပ်သော နေရာ

www.burmeseclassic.com

www.burmeseclassic.com



တွင်တွေ့လျှင် တင်းကြပ်စွာဖက်ထားတတ်လေ၏။ ထိုသို့ဖက်ထားရင်း ကရုဏာက –

"ကိုနဝင်းတို့မိဘတွေက ကရုဏာနဲ့ သဘောတူမှာမဟုတ်ပါဘူး၊ ဒါကြောင့် ကိုနဝင်းနဲ့ပေါင်းရဖို့တော့ ကရုဏာ သိပ်ပြီးအားမရှိဘူး …" ဟု ပြောဆိုကာ မျက်ရည်များ မျက်လုံးအိမ်မှ စိမ့်၍ကျလာ တတ်လေ၏။ ထို အခါ နဝင်းက –

"ဒီမှာ ကရုဏာရေ …၊ အချစ်ဆိုတာ သိပ်ပြီးအားရှိတယ်နော်၊ ဘယ်လောက်ကြီးတဲ့ အတားအဆီးပဲဖြစ်ဖြစ် သူက ဖောက်ထွက်နိုင်တယ် နော်၊ သူ့ကို မင်း နားလည်ထားဖို့ကတော့ သူဟာ မှိုပွင့်လေးနဲ့ တူတယ်၊ မှိုပွင့်လေးဟာ နူးညံ့တယ်၊ ဒါပေမဲ့ အလွန်မာကြောတဲ့ ကျောက်ချပ်တွေကို ဖောက်ပြီး အပေါ်ကိုတက်လာနိုင်တယ်၊ မေတ္တာဟာလည်း အဲဒီအတိုင်းပဲ၊ နူးညံ့သိမ်မွေ့ပေမဲ့ အရာအားလုံးကို ဖောက်နိုင်တယ်၊ ကိုနဝင်းရဲ့မေတ္တာကို ဘာနဲ့မှပိတ်ဆို့ထားလို့မရပါဘူး …၊ ဖောက်ထွက်လာခဲ့မှာပါ …၊ ယုံပါ အချစ်ရယ် …" ဟုဆိုကာ ကရုဏာ၏ပါးပြင်ပေါ်မှ မျက်ရည်များကို အသာအယာ သုတ်ပေးတတ်လေ၏။

ပြီးလျှင် ကရုဏာ၏နဖူးပေါ်တွင်ကျနေသော ဆံနွယ်၊ ဆံယဉ် ကလေးများကိုလည်း လက်ဖြင့် အသာအယာသပ်ပေးကာ ညီညာပြန့် ပြူးသော ကရုဏာ၏ နဖူးပြင်ကလေးကို အားရပါးရ နမ်းရှုံ့ပေးတတ်လေ ၏။

"ကိုနဝင်းက ဘာတွေပဲပြောပြောလေ …၊ ဒီက တပြည်သူ ရွှေ ထားကတော့ ရင်လေးတယ်ရှင့် …" ဟု ပြောလိုက်ရာ နဝင်းက –

"အလိုလေး … ကုလားမရယ်၊ ဗမာစကား အပြောက်ပြောတတ်



www.burmeseclassic.com

www.burmeseclassic.com

နေပြီပဲ၊ ကြာရင် ကမဝါပါဖတ်မယ်ထင်တယ်''ဟု ပြောကာ ရယ်မော နေတတ်လေ၏။

ထိုအချိန်မှစ၍ နဝင်းသည် ကရုဏာကိုတွေ့လျှင် နာမည်မ ခေါ်တော့ဘဲ 'တပြည်သူမရွှေထား' ဟု နောက်ပြောင်ကျီစယ်၍ ခေါ်တတ် လေ၏။

နဝင်းအား ဖခင်ဖြစ်သူက ပုသိမ်သို့ စေခိုင်းခြင်းမရှိသဖြင့် ချစ်ရ နှစ်ဦးသည် တွေ့ခွင့်မရရှာပေ။ ကရုဏာက စာထည့်သော်လည်း ထိုစာများ မှာ နဝင်း၏လက်ထဲသို့မရောက်ပဲ ၎င်း၏အဒေါ် ဒေါ်မလေး လက်၌သာ ပြီးဆုံးသွားလေတော့၏။ ဒေါ်မလေးသည် လူမျိုးမတူ၊ ဘာသာမတူသည့် မိန်းကလေးတစ်ဦးနှင့် ချစ်ကြိုးသွယ်နေ သည့်အကြောင်းကို ၎င်း၏အစ်မ ဖြစ်သူ မကြီးကြီးအား တိုင်တန်း လိုက်ရာ မကြီးကြီးလည်း ၎င်း၏ခင်ပွန်း ဖြစ်သူ နဝင်း၏ဖခင်ကို ဆက်၍တိုင်ကြားပြန်၏။ ဖခင်ဖြစ်သူသည် နဝင်း အား ဆူပူကြိမ်းမောင်းလေတော့၏။

"ဟေ့ နဝင်း ...၊ မင်းက ပုသိမ်က ဘာသာလည်းမတူ၊ လူ မျိုးလည်း မတူတဲ့ ကုလားမနဲ့ဖြစ်နေတယ်ဆို ...၊ ငါတို့က မင်းအနေနဲ့ ဆယ်တန်းအောင်တာနဲ့ အိမ်မည်းက စက်သူဌေးမလေးနဲ့ ပေးစားဖို့ လူကြီး ချင်းကတိပေးထားပြီးပြီကွ ...၊ အဲဒါကို လူကြီးတွေ မျက်နှာပျက်အောင် တော့မလုပ်နဲ့၊ တကယ်လို့ လုပ်ခဲ့လို့ရှိရင် သားသမီးအဖြစ်က စွန့်လွှတ်ပြီး ရှေ့နေနဲ့ သားဆိုးသားမိုက်စာရင်း ကြေညာပြီး အမွေဖြတ်ပစ်မယ်၊ အဲဒါ ဥပဒေမှာ ရှိတယ်ကွ ...၊ သွာနုသသတသားလို့ ခေါ်တယ်၊ အဲဒါ ဆွေမျိုး မျိုးပြုတ်ဖြစ်ရော ...၊ လောကအလယ်ထဲမှာ တစ်ကောင်ကြွက်အဖြစ်နဲ့ မျက်နှာငယ်ပြီး သေရမယ်၊ မိဘဆွေမျိုးရဲ့အကူအညီအထောက်အပံ့



www.burmeseclassic.com

www.burmeseclassic.com





ရတော့ဘူး၊ နားလည်လား ...၊ ဒီနေ့ကစပြီး မင်းကို ပုသိမ်ကို မခိုင်းတော့ဘူး၊ ဘယဆေးပစ္စည်းဝယ်ဖို့ရှိရင်လည်း မြင်းထိန်း'လှဖေ'ကိုပဲ ခိုင်းတော့မယ် ...'' ဟု ပြောလေတော့၏။

ထို့ကြောင့် နဝင်းသည် လွန်စွာချစ်သော ကရုဏာနှင့် အကွဲကြီးကွဲရလေတော့၏။ နဝင်းသည် ဆွေးမြေ့၍နေ၏။ ကရုဏာမှာ ငိုကြွေးနေ၏။ ချစ်သူနှင့် ကွဲရသောဆင်းရဲကို ကိုယ်တိုင်ကွဲဖူးသူများသာလျှင် ခံစားတတ်သည်ဖြစ်ရာ ထိုသို့ခံစားတတ်သောသူများသည် ကရုဏာ၏ ပတ်ဝန်းကျင်တွင်ရှိ၏။ ထို့အတူ နဝင်း၏ပတ်ဝန်းကျင်တွင်လည်း ရှိ၏။ ထို့ကြောင့် ...တို့က -

“ငါတို့ ဘာအကူအညီပေးရမလဲ ...'' ဟု မေးဖော်ရလေ၏။

မခံစားဖူးသူတို့သည် ကိုယ်တိုင်က မခံစားဖူးသည့်အလျောက် ချစ်ဝေဒနာခံစားနေရသူတို့အား -

“အဖြစ်သည်းတာပါ ...၊ ပိုတာပါ ...'' ဟု ပြောဆိုကာ ပြစ်တင်တတ်မြဲ၊ ကဲ့ရဲ့ပြုတတ်မြဲ ဖြစ်လေ၏။

နဝင်းသည် ချစ်သူနှင့် ကွေကွင်းရသောဝေဒနာကို အပိုအပြင် ခံစားနေရသည်ဖြစ်ရာ ချုံးပွဲချ၍ ငိုကြွေးနေချင်၏။ ထိုသို့ ငိုကြွေး၍မဖြစ်နိုင်ရကား ၎င်း၏ဖခင် နဝင်းဆရာကြီး တစ်ခါတရံတွင် ထိုးလေ့ရှိသော ...နှင်းတယောကြီးကိုဖြုတ်ယူကာ သစ်ပင်အောက်တွင်လည်းကောင်း၊ လသာဆောင်တွင်လည်းကောင်း ရှိသမျှအချိန်တွင် အလွမ်းသီချင်းများသာ ထိုး၍နေလေတော့၏။ နဝင်းသည် တယောထိုးနေ၏။ ထို့ကြောင့် နဝင်းသည် ...မမြင်အောင် ငိုကြွေးနေခြင်း ဖြစ်ပေတော့သတည်း ...။ ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

## ခရစ်စမတ်ညဉ့်၏ ချစ်ပုံပြင်

ခရစ်စမတ်လရောက်သောအခါ၌ ထိုမြို့ရှိ ခရစ်ယာန်ဘာသာဝင် ကရင်အမျိုးသား၊ အမျိုးသမီးကလေးတို့သည် ၎င်းတို့နှင့် သိကျွမ်းသော အိမ်ရှေ့များသို့ လှည့်လည်ကာ ဝိုင်းဖွဲ့၍ ခရစ်စမတ် သီချင်းကို ဆိုကြ၏။ ဂစ်တာတီးသူက တီး၏။ လက်ခုပ်တီးသူက တီး၏။ အားလုံးလိုလို ညီညီညာညာ သီဆိုတတ်ကြ၏။ ခရစ်တော်နှင့်ပတ်သက်သောသီချင်းများသာ ဖြစ်ကြကုန်၏။

နဝင်းတို့၏ နဝင်းခြံကြီးရှေ့သို့ သီချင်းဆိုမည့်အဖွဲ့ ရောက်လာ၏။ ထိုလူစုသည် နဝင်းနှင့် ကျောင်းနေဖက်သူငယ်ချင်းများသာ ဖြစ်ကြကုန်၏။ နဝင်းသည် သီချင်းဆိုသောအဖွဲ့အား ဧည့်ခံရန်အတွက် အိမ်ရှေ့တွင် ခုံများ



www.burmeseclassic.com

www.burmeseclassic.com



ချပေး၏။ လက်ဖက်ရည်များ ဖျော်၍တိုက်၏။ ၎င်းတို့သည် သံပြိုင်သီချင်းဆိုကြ၏။ နဝင်း ဤသို့အလုပ်ရှုပ်နေစဉ် နဝင်း၏လက်မောင်းကို ကရင်အမျိုးသမီးလေးတစ်ဦးက ဆတ်ခနဲ ဖမ်း၍ကိုင်လိုက်လေ၏။ ထို့နောက် ၎င်းမိန်းကလေးက –

"ဟဲ့ နဝင်း ...၊ တို့သွားရင် နောက်တစ်ဖွဲ့ဆိုဖို့ ရောက်လာဦးမယ်၊ အဲဒီအထဲမှာ ကရဏာပါလာမယ်၊ နင်နဲ့တွေ့ချင်လို့ ပုသိမ်ကနေ ငါနဲ့ဆက်သွယ်ပြီး ဒီကိုအရောက်လာခဲ့ရှာတာ ...၊ သနားဖို့ သိပ်ကောင်းတယ်၊ တို့ဆီရောက်နေတာ သုံးရက်ရှိပြီ ...၊ နင် တွေ့ဖြစ်အောင်တွေ့နော် ...၊ နင် အတွေ့မခံရင် ကရဏာဟာ မြစ်ထဲခုန်ချပြီး သတ်သေသွားလိမ့်မယ်၊ ကြားလား ..."ဟု ပြောလေ၏။

"အေးပါ နော်ရှီးလားရယ် ...၊ ငါလည်း သိပ်ပြီးတွေ့ချင်ပါတယ် ..." ဟု ခပ်တိုးတိုးနှင့် အားရဝမ်းသာပြန်၍ပြောလေ၏။ ထိုအခါ နော်ရှီးလားက –

"ဟဲ့ ... နဝင်း၊ နင် ငါ့ရဲ့ ကာဆင်အစ်ကို 'စောဟန်တာ'ကို သိတယ်မဟုတ်လား ...၊ မနှစ်က ဆယ်တန်းအောင်ပြီး ယူနီဗာစိတီ တက်နေပြီလေ ..." ဟု နော်ရှီးလားဆိုသော ကရင်မလေးက ပြောလေ၏။

"သိပါတယ် ...၊ လူချင်းမသိပေမဲ့ သူ့အကြောင်းကို စာသိပ်တော်တာလို့ ဆရာမက ခဏခဏပြောနေတာပဲ၊ ပြီးတော့ ပုသိမ်က ကျောင်းသားတွေနဲ့ 'ဘောက်ဆင်'ထိုးပွဲ လုပ်တဲ့အခါမှာလည်း သူပဲ နိုင်လာတာမဟုတ်လား ...၊ သူက ဘောက်ဆင်လည်း တော်တယ်လေ ..."ဟု နဝင်းက ပြောလိုက်လျှင် နော်ရှီးလားက –

"စောဟန်တာဟာ စာလည်းတော်တယ်၊ ရုပ်ကလည်း ချောတယ်

www.burmeseclassic.com

www.burmeseclassic.com





သီချင်းအဆိုလည်း ကောင်းတယ်၊ နင်ပြောသလို လက်ဝှေ့လည်း တော်တယ်၊ အမဲလိုက်လည်း သိပ်ပြီးတော်တာပဲ၊ တို့အိမ်မှာ ချိတ်ထားတဲ့ တောမှိုင်းတိရစ္ဆာန်ခေါင်းတွေဟာ ဟန်တာရလာတာတွေ၊ ဝက်ဝံကြီးနဲ့လည်း နှစ်ယောက်တည်း တစ်ယောက်ချင်းတိုက်ခိုက်ဖူးတယ်၊ သူကနိုင်လို့ ဝက်ဝံခေါင်းကို ဖြတ်ယူလာခဲ့တာ . . .'' ဟု နော်ရှီးလားက သူ၏အစ်ကိုဝမ်းကွဲဖြစ်သူ စောဟန်တာအကြောင်းကို ချီးမွမ်းပြောဆိုလေ၏။ ထိုအခါ နဝင်းက–

''ဟုတ်ပါပြီ . . .၊ အဲဒီစောဟန်တာက တို့ကိစ္စမှာ သူက ကူညီမယ်တဲ့လား . . .'' ဟု မေးလိုက်လေ၏။

''သူဟာ နင်တို့ကိစ္စမှမဟုတ်ဘူး . . .၊ ဘယ်သူ့ကိစ္စမဆို ကူညီတတ်တယ်၊ ပုသိမ်အထိ နင်တို့ကို လိုက်ပို့ဖို့ ညောင်ပင်ဆိပ်မှာ မော်တော်တစ်စီး ရှာထားတယ်၊ လမ်းမှာလည်း နင်တို့စားဖို့သောက်ဖို့ လမ်းတစ်လျှောက်ရှိတဲ့ ရွာတွေက သူ့ရဲ့အပေါင်းအသင်းတွေကို အကြောင်းကြားထားပြီးပြီ၊ နင်တို့စီးသွားမယ့် မော်တော်ကြီးမှာ အဖြူရောင်ကြယ်မီးပုံးကြီးတစ်လုံး ထွန်းသွားမှာ . . .၊ လမ်းမှာရှိတဲ့ သူ့လူတွေက အဲဒီမီးပုံးကြီးတွေ့တာနဲ့ အပြေးအလွှားရောက်လာပြီး နင်တို့ကို အကူအညီပေးမှာ . . .၊ နင်တို့က ဟန်တာရဲ့လူတွေဖြစ်ကြောင်း 'ဟတ်ပီးခရစ်စမတ်' လို့ အော်လိုက်ရုံပဲ . . .'' ဟု ပြောလိုက်လေ၏။

''နောက်လာမယ့် သီချင်းဆိုတဲ့အဖွဲ့မှာ ကရုဏာပါလာမှာ သေချာရဲ့လား . . .'' ဟု နဝင်းက မေးလိုက်လျှင် –

''သေချာပါတယ်ဟဲ့ . . .၊ အဲဒီအဖွဲ့မှာ ဆိုင်းလင့်နိုက်၊ ဟိုလီးနိုက် တိတ်ဆိတ်ည၊ သန့်ရှင်းညဆိုတဲ့ ခရစ်တော်မွေးတဲ့ညကို ချီးကျူးတဲ့သီချင်းလေ . . .၊ နင်သိပါတယ်၊ အဲဒီသီချင်းကို သူက ဆိုမှာ ကရုဏာက



www.burmeseclassic.com

www.burmeseclassic.com



အသံလည်းကောင်းတယ်၊ အဆိုလည်း တတ်တယ်ဟဲ့၊ တို့ ခရစ်ယာန် ဘာသာဝင်ယောက်ျားလေး၊ မိန်းကလေးတွေက ကရုဏာကို သိပ်ပြီးချစ်ကြတာ . . .၊

နောက်တစ်ခုပြောရဦးမယ်၊ နင့်အဖေ ဆရာကြီးဟာ သိပ်ပြီး ပေါက်ရောက်တာဟဲ့ . . .၊ နင် ပျောက်သွားတာနဲ့ ပုသိမ်က ဂါတ်ကို အကြောင်းကြားပြီး ရှာခိုင်းရင် ရှာခိုင်းမှာ . . .၊ အဲဒါကြောင့် ဟန်တာရဲ့ အစ်ကိုကြီးက ပုသိမ် ဒက,က စတေရှင်မှာ ရာဇဝတ်အုပ်ဟဲ့ . . .၊ သူ့ကို လည်း အကူအညီတောင်းထားတယ် . . .၊ သူ့နာမည်က စောမင်းမောင်တဲ့ သူက နင်တို့ကို ဂုက်ပေးထားဦးမှာ . . .၊

အဲဒီအတွက်လည်း မပူနဲ့တော့ . . .၊ နင် နားလည်အောင် ပြောမယ်ဟယ် . . .၊ နင်က မိဘကသဘောမတူတဲ့ မိန်းကလေးနဲ့ လိုက် ပြေးမယ့်ကိစ္စမှာ စောဟန်တာက စစ်တိုက်တဲ့ကိစ္စလို သဘောထားပြီး အကွက်စေ့အောင် စီမံထားတယ်ဟဲ့ . . .၊ ငါတို့အဖွဲ့ကလည်း နင်တို့နှစ် ယောက်ကို ဘုရားသခင်က စောင်မကြည့်ရှုဖို့ ဆုတောင်းပေးမှာပါဟယ် ဒီနေ့ဟာ (၂၄)ရက်ဟဲ့ . . .၊ ညသန်းခေါင်ကျော်တာနဲ့ ခရစ်စမတ်နေ့ကို ရောက်သွားပြီ . . .၊ ထူးခြားတဲ့ ခရစ်စမတ် ညလေးတစ်ညပေါ့ နဝင်းရယ်" ဟု နော်ရှီးလားက ပြောလိုက်လျှင် နဝင်းက –

"နော်ရှီးလားရယ် . . .၊ ကျေးဇူးတင်လိုက်တာဟယ်"ဟု ပြော လိုက်လေ၏။ ထိုအခါ နော်ရှီးလားက –

"ငါ့ကို သိပ်ပြီးကျေးဇူးတင်မနေနဲ့ . . .၊ ငါ့အစ်ကိုတပ်မင်းကြီး စောဟန်တာဆိုတဲ့ တက္ကသိုလ်ကျောင်းသား မုဆိုးကြီးကို ကျေးဇူးတင်ဟဲ့ ဒါမှမဟုတ်လည်း ဘုရားသခင်ကို ကျေးဇူးတင်ဟဲ့"ဟု ပြောလေ၏။ နော်



www.burmeseclassic.com

www.burmeseclassic.com





လားတို့အဖွဲ့သည် သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ဆိုကြလေ၏။ လက်ဖက်ရည်များ သောက်ကြလေ၏။ ပြီးလျှင် ဤအိမ်တွင် နေထိုင်ကြသူများအတွက် ဆုမွန်ကောင်းတောင်း၍ ထွက်သွားကြ လေ၏။

များမကြာမီ၌ သီချင်းဆိုမည့်အဖွဲ့တစ်ဖွဲ့ ထပ်မံရောက်ရှိလာပြန်၏။ နဝင်းသည် ခြံနောက်ဘက်မီးဖိုသို့ပြေးကာ လက်ဖက်ရည်ဖျော်လေ၏။ ထိုအချိန်၌ ကောင်းကင်တွင် လသည် ထိန်ထိန်သာလျက်ရှိ၏။ ရာသီဥတုမှာ ချမ်းအေးလှ၏။ တိတ်ဆိတ်ည၊ သန့်ရှင်းညဟူသော အသံကလေးထွက်ပေါ်လာလေ၏။ နဝင်းသည် ထိုအသံက လေးကို ကောင်းစွာမှတ်မိသ၏။

“ဒါ ... ကရုဏာအသံ ...” ဟု တိုးတိုးညင်ညင်ကလေး ရေရွတ်လိုက်လေ၏။ သို့ရာတွင် သူ၏နှလုံးအိမ်သည် သွက်သွက်ယမ်း၍ နေဖြစ်၏။ သူသည် ခရားကြီးဖြင့်ထည့်ထားသော လက်ဖက်ရည်နှင့် ပန်းကန်လုံးများကိုကိုင်ကာ ခြံရှေ့သို့ ပြေးထွက်လာလေ၏။ ခြံရှေ့သို့ရောက်လျှင် ကောင်းကင်ကိုမော့၍ သီချင်းဆိုနေသော ကရုဏာ၏မျက်နှာကို တွေ့ရသဖြင့် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွား၏။ သူ၏ဘေးတွင်ရပ်၍ ကရင်လူငယ်တစ်ဦး ဂစ်တာတီးပေးနေ၏။ ထိုလူငယ်၏ ဆံပင်သည် ပုခုံးထက်ထိ ဝဲကျနေ၏။ ထိုလူငယ်၏မျက်နှာကို လရောင်တွင် တွေ့ရလေ၏။ ထိုလူငယ်သည် ဘောင်းဘီရှည်ဝတ်ထား၏။ ခါးတွင် လွန်စွာကြီးမားသော ခါးပတ်ကြီးကို ပတ်ထား၏။ ထိုခါးပတ်တွင် အမဲလိုက်ဓားမြှောင်ရှည်ကြီးကို ချိတ်ထား၏။ ထိုလူငယ်သည် ဂစ်တာတီးရင်း နဝင်းအား –

“ဟန်တာပါ ...” ဟု ပြောလိုက်လေ၏။ ထို့ကြောင့် နဝင်းက–

“ကျေးဇူးတင်လိုက်တာ စောဟန်တာရယ် ...” ဟု ပြန်၍ ပြေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ ထိုအချိန်၌ ကရုဏာသီဆိုသော သီချင်းလည်း ပြီးဆုံးသွား ပြီဖြစ်၏။ ကရုဏာသည် နဝင်း၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီးလျှင်–

"မောင် . . ." ဟု ငိုသံကလေးဖြင့် ခေါ်လိုက်လေ၏။ နဝင်း ကလည်း –

"ကရုဏာ . . . ငါ့ရင်ကို ခွဲပြီး ငါ့ရဲ့နှလုံးသားကို ထုတ်ပြီးပြ လိုက်ချင်လိုက်တာ . . ." ဟု ပြန်၍ပြောလိုက်ချိန်၌ ဟန်တာက –

"အဲဒါတွေ နောက်မှပြော . . .၊ မင်းတို့နှစ်ယောက်စလုံး ငါ နဲ့ လိုက်ခဲ့ကြ . . ." ဟု ဆိုကာ လူအုပ်အတွင်းမှ ခေါ်ထုတ်သွားလေ၏။ မလှမ်းမကမ်းသို့ရောက်လျှင် အမိုးမပါသော မြင်းလှည်းကလေးတစ်စီးရပ် ထားသည်ကို တွေ့ရလေ၏။ ထိုနေရာသို့ရောက်လျှင် ဟန်တာက –

"မြင်းလှည်းပေါ်တက်ကြ . . ."ဟု ဆိုကာ မြင်းလှည်းကို တအား မောင်းချသွားလေ၏။ လမ်းတွင် ဟန်တာက –

"ဒီနေရာနဲ့ သင်္ဘောဆိပ်က ငါးမိုင်ရှိတယ်၊ ဒါကြောင့် မြင်း လှည်းယူလာရတာ . . ." ဟု ပြောလေ၏။

ကမ်းနားဆိပ်သို့ရောက်သောအခါ၌ အဖြူရောင်ကြယ် မီးပုံးကြီး ချိတ်ထားသော မော်တော်တစ်စီးကို တွေ့ရလေ၏။

"အဲဒီကြယ်နဲ့မော်တော်ပဲ၊ မင်းတို့နှစ်ယောက်ကို ပုသိမ်အထိ ပို့ပေးမှာ . . .၊ သိပ်ပြီးအေးတယ်နော် . . .၊ ဒါကြောင့် မင်းတို့နှစ်ယောက် ခြုံဖို့ စောင်တွေရော၊ ခေါင်းအုံးတွေရော ယူလာခဲ့တယ် . . .၊ ခြင်ထောင် တစ်လုံးတောင် ပါသေးတယ်၊ နွေးနွေးထွေးထွေး စီးသွားရုံပါပဲ၊ နေ့ခင်း ကိုလည်း ဆီအပြည့်ထည့်ထားပေးတယ်၊ ပုသိမ်ရောက်ရင်လည်း ငါ့အစ်ကို စောမင်းမောင်က လာပြီးကြိုဦးမှာ . . .၊ သူက ပူးလိစ်အော်ဖစ်ဆာ . . .



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မှာတော့ အကြာကြီးမနေနဲ့ ...၊ ကရုဏာနဲ့အတူ အိန္ဒိယပြည်ကို သိုက်သွားပေတော့ ...၊ ကာလကတ္တားကိုထွက်မယ့် လပ်ချ်မီးဆိုတဲ့ရွက်လှေကြီးတစ်စီးလည်း ရှိတယ်၊ အဲဒီရွက်လှေကြီးကိုလည်း ငါ ပြောထားပြီးပြီ၊ အဲဒီရွက်လှေက လူကြီးကလည်း ကရုဏာကို ကောင်းကောင်းသိတယ်၊ ဘာပဲဖြစ်ဖြစ် အခုအချိန်စီးသွားရင် မနက်နေထွက်မှပဲ ပုသိမ်ကိုရောက်မှာ ...၊ သွားဖို့လာဖို့တွေအားလုံး ငါ စီစဉ်ထားပြီးပြီ၊ နဝင်းက ကုလားစကားပြောတတ်တယ်မဟုတ်လား ...'' ဟု စောဟန်တာက မေးလိုက်လေ၏။

''နည်းနည်းပါးပါးတော့ ပြောတတ်ပါတယ်''ဟု နဝင်းက ပြန်၍ဖြေလျှင် စောဟန်တာက –

''မခက်ပါဘူးကွာ ...၊ မင်းလည်းပဲ အောဘီအမ်ကျောင်းသားပဲ၊ အင်္ဂလိပ်လိုပြောတတ်ပါတယ်၊ အိန္ဒိယမှာက အင်္ဂလိပ်လိုပြောလို့မရတဲ့နေရာ ဘယ်နေရာမှမရှိဘူးကွ ...'' ဟု ပြောလေ၏။

၎င်းတို့ မော်တော်ပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် အဖြူရောင်ကြယ်မီးပုံးတပ်ထားသော မော်တော်ကလေးသည် စတင်၍ ထွက်လေ၏။ မော်တော်ကလေးသည် မြစ်ရေပြင်ပေါ်တွင် တရိပ်ရိပ် ပြေးနေ၏။ ရွာကြီးတစ်ရွာ၏ ဆိပ်ကမ်းအနီးသို့ရောက်သောအခါ ဆိပ်ကမ်းပေါ်မှလူများက အဖြူရောင်ကြယ်မီးပုံးတစ်လုံးမြှောက်၍ ပြလေ၏။

''ဟိုမှာ ... ဟိုမှာ ...၊ တို့လူတွေ အချက်ပြနေပြီ၊ တို့ကို ကြိုနေတာ ...'' ဟု စောဟန်တာက ပြောလေ၏။ အနီးသို့ရောက်သောအခါ ဆိပ်ကမ်းပါးပေါ်က လူများက –

''ဟတ်ပီးခရစ်စမတ် ဒူးယူ .....'' ဟု ဝိုင်းဝန်း၍အော်ဟစ်ကြ



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ထိုအခါ၌ စောဟန်တာသည် မော်တော်၏ ပဲ့ပိုင်းသို့ထွက်ကာ ဟတ်ပီးခရစ်စမတ်ဒူးယူဆိုသော သီချင်းကို ဂစ်တာဖြင့် တီးခေါက်လေ၏။ ကမ်းပါးပေါ်မှ ယောက်ျားငယ်၊ မိန်းမငယ်ကလေးများက ဝိုင်း၍ ဆိုကြလေ၏။ ထို့နောက် မိန်းကလေးတစ်ဦးက ကရင်သံဝဲဝဲကလေးဖြင့် -

"ကရုဏာ သီချင်းတစ်ပုဒ်ဆိုပါ ...'' ဟု တောင်းဆိုလေ၏။ ထို့ကြောင့် ကရုဏာလည်း စောဟန်တာအနီးသို့ သွား၍ရပ်ကာ 'တိတ်ဆိတ်ည၊ သန့်ရှင်းည'သီချင်းကို သီဆိုလေတော့၏။ ကရုဏာသည် လရောင်အောက်တွင် ခါတိုင်းထက် လှနေ၏။ သီချင်းပြီးသွားသောအခါ၌ ကမ်းပါးပေါ်မှ ကရင်အမျိုးသမီးကလေးများသည် မော်တော်ပေါ်သို့ ပြေး၍တက်လာကာ ကရုဏာအား အငမ်းမရဖက်ရမ်း နမ်းရှုံ့ကြလေ၏။ ထို့နောက် ခရစ်စမတ်လက်ဆောင်များ ပေးကြလေ၏။ ကရင်လူငယ်လေး 'ဖိုးသာခွား'ကမူ -

"လမ်းမှာစားသွားဖို့ ငါ ချက်ထားတာ ...'' ဟု ဆိုကာ ထမင်းအိုးတစ်လုံးနှင့် ကြက်သားဟင်းအိုးတစ်လုံး၊ ငါးပိထောင်းနှင့် တို့စရာများပါ ပေးလိုက်လေ၏။ ထို့နောက်တွင်ကား မော်တော်ကလေးသည် ထိုနေရာမှ ထွက်လာခဲ့လေ၏။

မော်တော်ထွက်သောအခါ၌ မော်တော်သမားများနှင့်အတူ နဝင်းတို့သုံးဦးသည် ထမင်းစားကြလေ၏။ ဟင်းနှင့် ငါးပိထောင်းသည် လွန်စွာမှစပ်သော်လည်း လွန်စွာမှစား၍မြိန်လှ၏။ ကရုဏာ၏နဖူးတွင် ငရုတ်သီးစပ်လွန်းသဖြင့် ချွေးလေးများစို့နေ၏။ နဝင်းက လက်ကိုင်ပုဝါဖြင့် ချွေးများကို သုတ်၍ပေးလေ၏။ နံနက်မိုးထိန်ထိန်လင်းသောအခါ၌ ၎င်းတို့၏ မော်တော်သည် ပုသိမ်ဆိပ်ကမ်းသို့ ကောင်းစွာဆိုက်ကပ်သွားပြီဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com





ထိုဆိပ်ကမ်းသို့ရောက်လျှင် ပုလိပ်အရာရှိတစ်ဦးက ဆင်း၍ကြို၏။ ထိုပုလိပ်အရာရှိနှင့် စောဟန်တာတို့သည် ကရင်ဘာသာစကားဖြင့် ပြောလေ၏။ ထို့နောက် စောမင်းမောင်ဆို သော ပုလိပ်အရာရှိသည် နဝင်းနှင့် ကရုဏာတို့ကို လပ်ချ်မီးအမည်ရှိ ရွက်လှေကြီးတစ်စင်းပေါ်သို့ လိုက်၍တင်ပေးပြီးလျှင် ထိုရွက်လှေ၏ အကြီးအကဲ မာလိန်မှူးထံ၌လည်း စောင့်ရှောက်သွားရန် အပ်နှံလိုက်လေ၏။ စောဟန်တာကမူ သူ၏ဘောင်းဘီအိတ်အတွင်းမှ သားရေအိတ်ကိုထုတ်၍ ငွေ (၁၅၀၀)ကို နှိုက်ယူပြီးလျှင် –

"နဝင်းရေ ...၊ ဟိုတစ်နေ့က 'ဂွ'ရဲ့ အနောက်ဘက်တောထဲမှာ ကျားတစ်ကောင်နဲ့ ငါနဲ့သတ်ရတယ်၊ ငါက နိုင်ပြီး ကျားက သေသွားတယ်၊ အဲဒီကျားသေကို မြို့ပေါ်မှာရှိတဲ့ တရုတ်ကုန်စုံဆိုင်ကြီးကို သွားပြီးရောင်းလိုက်တာ ငွေ ၁၅၀၀ ရတယ်၊ အဲဒါကို မင်းတို့နှစ်ယောက် ခရီးစရိတ်အဖြစ် ငါပေးလိုက်မယ် ..." ဟု ဆိုကာ ပေးလိုက်လေ၏။

အဇရှ့ဘက်မှထွက်ပေါ်နေသောနေသည် အဝေးမှလှမ်း၍ မြင်နေရသော တောအုပ်ခင်တန်းကလေး၏အထက်နားဆီသို့ ရောက်သောအခါ နဝင်းတို့စုံတွဲလိုက်ပါမည့် လပ်ချ်မီးလှေကြီးသည်လည်း စတင်၍ ရွက်လွှင့်လေတော့၏။ နဝင်းနှင့် ကရုဏာသည် ကမ်းပါးပေါ်မှ လက်ပြနေသော ပုလိပ်အရာရှိ စောမင်းမောင်နှင့် တက္ကသိုလ်ကျောင်းသား စောဟန်တာအား အားရဝမ်းသာ ပြန်လည်၍နှုတ်ဆက်ရင်း လိုက်ပါသွားလေ၏။ နဝင်းနှင့် ကရုဏာတို့၏ အချစ်ဇာတ်လမ်းသည် ဤသို့လျှင် ပျော်ရွှင်စွာ အဆုံးသတ်ခဲ့လေတော့သတည်း။

* * * * *

www.burmeseclassic.com





www.burmeseclassic.com



## အခန်း (၁၉)

## နဝင်း ကာရုဏာတို့၏ ဇွေးရာဇာတော်ရှာတာလေးသို့ လိုက်ပါသွားခြင်း

နဝင်းနှင့် ကရုဏာတို့ စီးနင်းလိုက်ပါလာသော လပ်ချ်မီးအမည်ရှိ ရွက်သင်္ဘောကြီးမှာ အိန္ဒိယပြည် ကာလကတ္တားမြို့ရှိ ဖောင်ရာဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့လေ၏။ ၎င်းတို့နှစ်ဦးသည် ကာလကတ္တားမြို့တွင် (၂)ရက် ခန့်နေပြီးနောက် အိမ်ထောင်ဦးတွင် သုံးရမည့် ပစ္စည်းပစ္စယျာများကို ဝယ်ယူကြလေ၏။ အတော်အတန်ပြည့်စုံသောအခါကျမှပင် ဖောင်ရာဘူတာမှ မြောက်စူးစူး မိုင် (၂၀၀) ကျော်ခန့်တွင် တည်ရှိသော လွန်စွာစည်ကားဆိုက်မြိုက်သည့် ဂယာမြို့ကလေးဆီသို့ စီးနင်းလိုက်ပါလာခဲ့ကြလေ၏။ ဂယာဘူတာသို့ရောက်လျှင် ထိုဂယာဘူတာမှ အနောက်စူးစူးသို့သွားသော ရထားကိုပြောင်း၍စီးရာ နေရဉ္ဇရာမြစ်အပါအဝင် မြစ်ချောင်းအင်းအိုင်

www.burmeseclassic.com

အဆောက်အဦးကို ဖြတ်ကျော်ပြီးနောက် ခရီး (၁၅)မိုင်ခန့်ဝေးသော ဝဇာဂန် (WAJIRGAN) ဘူတာသို့ ဆိုက်ရောက်လေတော့၏။

ထိုဘူတာမှ ခရီး(၂)မိုင်ခန့်ဝေးသော ကူရကီးရား (Kurakee) ရွာသို့ မြင်းလှည်းဖြင့် လိုက်ပါခဲ့ရလေ၏။ ထိုရွာမှာ လွန်စွာကြီးမားသော တမာပင်ကြီးများ၊ ညောင်ပင်ကြီးများ အုပ်မိုးထားသော အေးချမ်းသာယာသည့် ဟိန္ဒူရွာကလေးတစ်ရွာ ဖြစ်၏။ ထိုရွာသို့ရောက်လျှင် ရွာ၏အစွန်တွင်ရှိသော နောက်ချေးနှင့် ရွှံ့ရောစွမ်းထားသော ကရုဏာတို့၏ တဲကလေးဆီသို့ရောက်ကြလေ၏။ ကရုဏာ၏မိခင်ဖြစ်သူ အဓိတီဆိုသည့် ကုလားကြီးက ဆီးကြိုလေ၏။ ကရုဏာသည် သူ၏ မိခင်ခြေထောက်အစုံအား လက်ဖျားနှစ်ဖက်ဖြင့် တို့ပြီးလျှင် နဖူးကိုကိုင်ရင်း –

"အမေ သမီး ယောက်ျားယူလာပြီ ..." ဟု ဟိန္ဒူဘာသာဖြင့် ပြောလေ၏။ ထိုအခါ ၎င်း၏မိခင် အဓိတီက –

"ဒီတစ်ခါ ယောက်ျားမယူခဲ့ရင်လည်း နောက်တစ်ခေါက်ကျရင် ယူလာမှာပါပဲ၊ အဲဒီလိုယူလာတာ တော်သေးတာပေါ့ ...၊ သမီးကို အမေ မြင်ခွင့်ရသေးတယ်၊ ဒီလိုမဟုတ်ဘဲ ယောက်ျားရပြီဆိုပြီး သူများတိုင်းပြည်မှာနေလိုက်ရင် အမေ့သမီးလေးကို အမေ မြင်ခွင့်ရတော့မှာမဟုတ်ဘူး" ဟု အဓိတီကလည်း ဟိန္ဒူဘာသာစကား ဖြင့်ပင် ပြောလေ၏။ ထို့နောက် အဓိတီက –

"နေစမ်းပါဦး သမီးကရုဏာရယ် ...၊ သမီးယောက်ျားက ဒီမှာ ဘယ်လိုဘာသာစကားနဲ့ ပြောမှာတုံး ..." ဟု မေးလိုက်ရာ ကရုဏာက –

"သူလည်းပဲ ဟိန္ဒူစကား ပြောတတ်ဆိုတတ်ပါတယ်၊ ရွာထိပ်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းကို ပို့ထားလိုက်ရင် အဲဒီကျောင်းက ကပ္ပိယကြီးက သူ့ကို ဆက်ပြီးသင်ပေးမှာပါ ...၊ အဲဒီအခါကျရင် သူဟာ ဘုရားကျောင်းက ဘုရားစာတွေကိုတောင် ဆိုနိုင်မှာပါ၊ သမီးယောက်ျားက ဉာဏ်ကောင်းပါတယ်၊ သူ့အတွက် မပူပါနဲ့၊ သူ့နာမည်က 'နဝင်း'လို့ ခေါ်တယ်၊ နဝင်းဆိုတာ သမီးတို့ဘာသာစကားနဲ့ဆိုရင် 'နောင်း'လို့ အဓိပ္ပာယ်ရတယ်၊ အဲဒီတော့ သူ့နာမည်ဟာ 'ကိုးဂဏန်း'လို့ အဓိပ္ပာယ် ရတယ် ...'' ဟု ရှင်းပြလိုက်လျှင် –

''ကိုးဂဏန်းဟာ ကောင်းကင်ကို ကိုယ်စားပြုတဲ့ဂဏန်းပဲ၊ သူ့ကို တို့အိမ်ကိုရောက်ဖို့ ကောင်းကင်ကလွှတ်လိုက်တာနဲ့တူတယ်၊ တစ်ခုတော့ရှိတယ် ...၊ ငါတို့ဟာ ဟိန္ဒူဇာတ်မြင့်တွေဖြစ်လို့ အသားဆိုလို့ လုံးဝစားတာမဟုတ်ဘူး၊ ညည်းယောက်ျားက အသားမစားဘဲ နေနိုင်ပါ့မလား ...'' ဟု အဓိပ္ပာယ်ရသော ဟိန္ဒူဘာသာစကားဖြင့်မေးရာ ကရုဏာက –

''မပူပါနဲ့ အမေရယ် ...၊ သူလည်းပဲ သမီးလို တပြည်သူ မရွှေထားကိုယူပြီဆိုကတည်းက သူ့မှာရှိတဲ့ အကျင့်တွေ စွန့်လွှတ်ရမယ်ဆိုတာ နားလည်မှာပါ ...၊ သူဟာ ဒီနေ့ ဒီအချိန်ကစပြီး ဟိန္ဒူမိသားစုအိမ်ကို ရောက်သွားပြီဆိုတော့ သူလည်း ဟိန္ဒူဖြစ်သွားပြီပေါ့'' ဟု ပြောကာ တခစ်ခစ် ရယ်မောလေ၏။

သားအမိနှစ်ယောက် အတော်အတန်စကားပြောပြီးနောက် ကရုဏာက နဝင်းအား ခေါ်၍ ရွာအပြင်သို့သွားလေ၏။ ရွာအပြင်တွင် ဂင်္ဂါမြစ်သို့ စီးဝင်နေသော မြစ်ငယ်တစ်ခုကို တွေ့ရလေ၏။ ထိုမြစ်ငယ်၏အမည်မှာ 'ဖာလ်ဂူ' ဟူ၍ ဖြစ်၏။ မြစ်၏ကမ်းစပ် သဲသောင်ပြင်ပေါ်တွင် ချစ်သူနှစ်ဦးသည် လက်ချင်းတွဲ၍ ပျော်ရွှင်စွာ ပြေးကြလေ၏။ အတော်အတန်



www.burmeseclassic.com

www.burmeseclassic.com



ပြေးပြီးသောအခါ၌ မြစ်အတွင်းသို့ဆင်းကာ ရေချိုးကြလေ၏။ ရေချိုးပြီးသောအခါ၌ တဲသို့ ပြန်လာခဲ့လေ၏။ ၎င်းတို့ ပြန်ရောက်ချိန်၌ ကရုဏာ၏မိခင်ကြီးသည် ကြေးပန်းကန်၊ ကြေးခွက်များဖြင့် ထမင်းပွဲပြင်ထားသည်ကို တွေ့ရလေ၏။

ထမင်းမှာ ထောပတ်ထမင်းဖြစ်၏။ အရည်သောက်ဟင်းမှာ ကုလားပဲဟင်းဖြစ်၏။ ခရမ်းသီးကို မြေပဲဖြင့် နှပ်ထား၏။ ရုံးပတီသီးများကို သံပုရာသီးသနပ်များ သိပ်၍ချက်ထား၏။ ဂေါ်ဖီပန်းပွင့်များကို ဒိန်ချဉ်ဖြင့် စိမ်ကာ အချဉ်လုပ်ထား၏။ ငရုတ်သီးခြောက်များကို ကြက်သွန်ဖြူ ကြက်သွန်နီတို့ဖြင့် ရော၍ကြော်ထား၏။ ထို့ပြင် ကြေးခွက်ကလေးနှစ်လုံးတွင် တစ်လုံး၌ မနုသသနီခေါ် အချဉ်ရည်တစ်လုံးနှင့် ကျန်တစ်လုံးတွင် ဒိန်ချဉ်ကို ထည့်ထားလေ၏။

နဝင်းသည် ကြေးလင်ဗန်းထဲတွင် ထည့်ပေးထားသော ထောပတ်ထမင်းကို ဒိန်ချဉ်ဆမ်း၍ နယ်ပြီးလျှင် မြိန်ယှက်စွာစားသောက်လေတော့၏။ သို့ရာတွင် ၎င်း၏လျှာ၌ ဟင်းများသည် ပေါ့၍နေသောကြောင့် ကရုဏာအား ဆားအနည်းငယ်ယူခိုင်းလေ၏။ ထို့ကြောင့် ကရုဏာ၏မိခင်ကြီးက—

"ကရုဏာ ငါချက်တဲ့ဟင်းတွေက ငန်ပါတယ်ဟဲ့ ...၊ အဲဒါကို ပေါ့တယ်ထင်ပြီး ညည်းယောကျ်ားက ဆားထပ်ပြီးတောင်းတယ်ဆိုတော့ တော်တော့်ကို အငန်စားတဲ့ သူပဲ၊ အသက်သိပ်မကြီးခင်မှာပဲ သွေးတိုးရောဂါဟာ သူ့ကို နှိပ်စက်လိမ့်မယ် ..."ဟု ပြောလေ၏။

ထမင်းစားပြီးသောအခါ၌ အမိတီက မီထိုင်းခေါ် မုန့်အချိုများနှင့် မလိုင်မုန့်များကို ကျွေးပြန်လေ၏။ နဝင်းနှင့် ကရုဏာတို့လည်း ၎င်းအချိုများကိုစားပြီးနောက် တဲ၏ထောင့်တွင် မြက်ဖျာကလေးကိုခင်းကာ



www.burmeseclassic.com

www.burmeseclassic.com





လဲလျောင်းအိပ်စက်ကြလေတော့၏။ ထိုအချိန်၌ ၎င်းတို့ လင်မယား နေရန်အတွက် အမိတီက ဝါးသုံးများ၊ မြက်ဖျာများဖြင့် အခန်းလေးတစ်ခန်း ပြုလုပ်ပေးလေ၏။

နဝင်းသည် ကရုဏာတို့အိမ်တွင် စိတ်ချမ်းသာစွာဖြင့် နေရလေ၏။ တစ်ရက် နှစ်ရက်ခန့်ကြာသောအခါ ရွာအလယ်တွင်ရှိသော မယ် တော်ဘုရားကျောင်းသို့ နဝင်းအား ၎င်း၏ယောက္ခမက ခေါ်သွားပြီးလျှင် ဘုရားကျောင်းဆောင် ကပ္ပိယကြီးထံ အပ်နှံလိုက်လေတော့၏။ ထိုကပ္ပိယ ကြီးက ရွာသူရွာသားများကို အသိအမှတ်ပြုစေသော သဘောဖြင့် ဖိတ် ကြားပြီးကျွေးမွေးရန် အကြံပြုရလေ၏။ ထို့ကြောင့် အမိတီက သက်သတ် လွတ်ဒံပေါက်ချက်ကာ မင်္ဂလာဆွမ်းကျွေးလေတော့၏။ ဘုရားကျောင်းမှ ကပ္ပိယကြီးက ကျွေးရသည့်အကြောင်းအရင်းကို ရွာသူရွာသားများအား ရှင်းပြလေ၏။ ထိုသို့ရှင်းပြလိုက်ရာတွင် ရွာသူရွာသားများက –

"ဒီရွာက မိန်းကလေးတွေ အခြားမြို့တွေ၊ တိုင်းပြည်တွေမှာသွား ပြီး ရောင်းဝယ်ဖောက်ကားကြတယ်၊ အဲဒီမှာပဲ အိမ်ထောင်ကျကြတယ်၊ ပြီးတော့ ရွာကို ပြန်မလာကြတော့ဘူး၊ ကရုဏာကတော့ ဒီလိုမဟုတ်ဘူး အိမ်ထောင်တော့ ပြုတယ်၊ ယောက်ျားရှိတဲ့နေရာမှာ မနေဘူး၊ ယောက်ျား ကို ရွာကိုပါအောင်ခေါ်ခဲ့တယ်၊ အဲဒါ သိပ်ကောင်းတာပဲ၊ ရွာက အပြီး ပျောက်သွားတဲ့ မိန်းကလေးတွေကတော့ မကောင်းဘူး၊ ကြာလာရင် ရွာ ပျောက်သွားလိမ့်မယ် . . ." ဟု ကရုဏာအား ချီးကျူးစကားပြောကြလေ၏။ နဝင်းကိုလည်း ဤရွာတွင် စိတ်အေး ချမ်းသာစွာနေရန်၊ ၎င်းတို့အနေ နှင့်လည်း အကူအညီပေးမည်ဖြစ်ကြောင်း ဝိုင်းဝန်းအားပေးစကားပြောကြ လေ၏။ ဤသို့နှင့်ပင် နဝင်းသည် ကရုဏာတို့၏ မွေးရပ်မြေတွင် ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ရေးရွာကလေးတွင် အံ့ဝင်ခွင်ကျဖြစ်သွားကာ ရွာသားတစ်ဦးပမာ အေးချမ်း
စွာနေထိုင်ခဲ့ လေတော့၏။

နဝင်းသည် နေ့စဉ်နေ့တိုင်း ဘုရားကျောင်းရှိ ကပ္ပိယကြီးထံသို့
သွား၍ ဟိန္ဒူစကားနှင့် ဟိန္ဒူစာကို သင်ယူရလေ၏။ ထိုကပ္ပိယကြီး၏အမည်
မှာ 'ကစယပ' ဟူ၍ ဖြစ်၏။ ရွာသူရွာသားများကမူ ၎င်းအား 'ဂုရု ကစယပ'
ဟူ၍ ခေါ်ကြလေ၏။ ဂုရုဆိုသော အဓိပ္ပာယ်မှာ ဆရာကြီးဟု အဓိပ္ပာယ်ရ၏။
ထိုပုဂ္ဂိုလ်သည် တရားဓမ္မပြည့်ဝသူ ဖြစ်၏။ ကရုဏာစိတ်ကြီးမား၏။ နဝင်း
အားလည်း လွန်စွာခင်မင်၏။ နံနက်ပိုင်းတွင် ဆရာဖြစ်သူက နဝင်းအား
စာသင်ပေးပြီးလျှင် မြစ်ဆိပ်သို့ခေါ်သွား၍ နှစ်ယောက်သား ရေချိုးကြလေ၏။
ထိုသို့ ရေချိုးရင်း တစ်နေ့တွင် ကစယပက နဝင်းအား –

"ဒီလိုရှိတယ် နဝင်းရေ ...၊ ဒီမြစ်ကြီးကို အခုအခါမှာတော့
ဖာလ်ဂူမြစ်လို့ ခေါ်တယ်ကွ ...၊ ရှေးအခါတုန်းက ဓမ္မယမြစ်လို့ ခေါ်တယ်။
လွန်ခဲ့တဲ့ ငါးကမ္ဘာတုန်းက မင်းတို့ရဲ့ ဘုရားသခင်ဟာ ရွှေကုန်သည်အဖြစ်နဲ့
ဒီရွာမှာရွှေတွေ လာရောင်းဖူးတယ်၊ အဲဒီမှာစပြီး ဒေဝဒတ်နဲ့ တွေ့တာကွ
ဒေဝဒတ်က ဒီနေရာမှာ ရန်ငြိုးဖွဲ့ခဲ့တာပဲ၊ ကပ်ကမ္ဘာတွေ အများကြီးအထိ
ရန်ငြိုးက မပြေဘူးကွ၊ အဲဒါကြောင့် ဓာတ်သက်ပါပြီး ငါတို့ တူရကီးရွာမှာ
မှာ မွေးတဲ့ကလေးတွေဟာ အငြိုးအတေးသိပ်ကြီးတာကွ ..." ဟု ပြောပြ
ကာ ရယ်မောကြလေ၏။

"နေပါဦး ဆရာကြီးရယ် ...၊ ခင်ဗျား အခုပြောတာ အထောက်
အထားရှိသလား ..." ဟု မေးလိုက်လေ၏။ ထိုအခါ ကစယပက –

"ဟိန္ဒူလိုရေးထားတဲ့ ရှေးကျမ်းစာဟောင်းတွေမှာ အဲဒီအကြောင်း
ဖော်ပြထားတာကို ငါဖတ်ဖူးတယ်၊ ပြီးတော့ ငါနဲ့သိတဲ့ ဗုဒ္ဓဘာသာရဟန်း

www.burmeseclassic.com



အစ်ပါးက အခု ငါပြောတဲ့အကြောင်းအရာကို ပါဠိလို ရေးထားတဲ့ ဂုဏတ္ထ ဓာတ်ကျမ်းမှာ ပါတယ်လို့ ငါ့ကို ရှင်းပြတာ ငါ မှတ်သားဖူးတယ်၊ မင်း အနေနဲ့ မယုံရင် အဲဒီကျမ်းကို ရှာပြီး ဖတ်ကြည့်ပေါ့ . . .'' ဟု ဆရာဖြစ်သူ ကစယပက ပြော၍ပြုံးနေလေ၏။

''ယုံပါတယ် ဆရာရယ် . . .၊ ရှာပြီးမဖတ်တော့ပါဘူး'' ဟု နဝင်း က ပြောလိုက်လျှင် ကစယပက –

''အလွန်တော်တဲ့ နံပါတ်ကိုးပဲကွာ . . .၊ ငါ့ကို ယုံတယ်ဆိုတာကို သိရလို့ ငါဖြင့်ဝမ်းသာလိုက်တာ . . .'' ဟု ဆိုကာ နဝင်း၏ ပုခုံးကို သိုင်း၍ ဖက်လိုက်လေတော့သတည်း . . .။ ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၀)

### နဝင်း၏ ကျောင်းကလေးဆီသို့ ခရစ်ရှနာမူရတီးဆိုသည့် ပုဂ္ဂိုလ်ကြီး ကြွရောက်လာခြင်း

နဝင်းသည် ဘုရားကျောင်းမှ ကပ္ပိယကြီးနှင့် လွန်စွာအဆင်ပြေနေလေ၏။ ကပ္ပိယကြီး၏ အကြံပေးမှုကြောင့် ၎င်းနေထိုင်သော ရွာထဲမှ ကလေးငယ်များအား ဘုရားကျောင်းသို့ခေါ်၍ အင်္ဂလိပ်စာနှင့် ဂဏန်းသင်္ချာကို အခမဲ့သင်ကြားပေးလေ၏။ ကလေးများလည်း လွန်စွာမှ ကြိုးစားကြလေ၏။

တစ်နေ့တွင် ဗြိတိသျှလူမျိုး ပညာရေးအရာရှိသည် ထိုနယ်တစ်ဝိုက်တွင်ရှိသော ကျောင်းများကို လှည့်လည်စစ်ဆေးခဲ့၏။ ထိုသို့ စစ်ဆေးရာတွင် နဝင်း၏ အခမဲ့စာသင်ကျောင်းကလေးသို့လည်း ရောက်လာပြီးလျှင် စစ်ဆေးလေ၏။ ကလေးများသည် ၎င်းဗြိတိသျှ ပညာရေးအရာရှိအား



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဘာသာဖြင့် နှုတ်ဆက်၏။ ၎င်းအရာရှိမေးသည်ကို အင်္ဂလိပ်ဘာသာဖြင့်ပင် ကောင်းစွာဖြေကြားနိုင်ကြ၏။ ထိုအရာရှိသည် များစွာ နှစ်သောင်းအားရဖြစ်လေ၏။ ထို့ကြောင့် ထိုအရာရှိပြန်သွားပြီးနောက် ဗြိတိသျှအစိုးရအား တွေ့မြင်ခဲ့ရသည်ကို အစီရင်ခံလိုက်ရာ ဗြိတိသျှအစိုး ပညာရေးဌာနမှ ဘုရားကျောင်းဘေးတွင် သီးသန့်စာသင်ကျောင်းလေးတစ် ကျောင်း ဆောက်လုပ်ပေးခဲ့လေ၏။ ထိုကျောင်းကိုလည်း နဝင်းအင်္ဂလိပ် စာသင်ကျောင်းအဖြစ် အသိအမှတ်ပြုလေ၏။ ထို့ကြောင့် နဝင်းသည် အလုပ်လက်မဲ့ဘဝမှ ဗြိတိသျှအစိုးရ အသိအမှတ်ပြုသော အင်္ဂလိပ်စာ သင်ကျောင်း၏ ကျောင်းအုပ်ဆရာကြီး ဖြစ်သွားလေတော့၏။

နဝင်း၏ကျောင်းတွင် ကျောင်းဆောင်သာမက ပညာရေးဌာန အိမ်သာများပင် အလုံအလောက် ဆောက်ပေးခဲ့၏။ နဝင်းသည် ကျောင်း သားမိဘများနှင့် တစ်လတစ်ကြိမ်တွေ့ကာ ကျောင်း၏ တိုးတက်ရာတိုးတက် ကြောင်းကို ဆွေးနွေးတိုင်ပင်လေ့ရှိလေ၏။ ထိုသို့ဆွေးနွေးတိုင်ပင်ရာတွင် ကျောင်းသားမိဘများက ကလေးများကို တစ်တန်း၊ နှစ်တန်း သတ်မှတ်၍ သင်ကြားပေးသင့်ကြောင်း အကြံပြုလေ၏။ ထို့ကြောင့် နဝင်းလည်း သူ၏ ကျောင်းကို အတန်းခွဲ၍သင်ရလေတော့၏။ ထို့ပြင် ဘုရားကျောင်း ကပ္ပိယကြီး၏အကြံပေးချက်အရ ကျောင်းသူကျောင်းသားများအား တူညီ ဝတ်စုံဝတ်ရန် ဆုံးဖြတ်ခဲ့ရလေ၏။ ယောက်ျားလေးဆိုလျှင် ရှပ်အင်္ကျီအဖြူ ဘောင်းဘီအပြာရောင်၊ ထို့ပြင် အပြာပေါ်တွင် အဖြူပြောက်ပါသော နက် ကတိုင်ခေါ် လည်စည်းကိုပါစည်းရန် ဆုံးဖြတ်ခဲ့လေ၏။ မိန်းကလေးများ အဖြူရောင်အင်္ကျီနှင့် နက်ပြာရောင်သင်တိုင်းဝတ်ရန် ဆုံးဖြတ်ခဲ့လေ၏။

ဖိနပ်မှာမူ ကင်းဘတ်ဖိနပ်ဖြစ်စေ၊ သားရေဖြင့်ပြုလုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com





ဖိနပ်ဖြစ်စေစီးရန် ဆုံးဖြတ်ခဲ့လေ၏။ ထို့ပြင် ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရေးနှင့် ကြိုးစားမှုအခြေအနေကို မိဘများအနေနှင့် မျက်ခြည်မပြတ်စေရန် ကျောင်းသားတိုင်းအတွက် စာအုပ်တစ်အုပ်စီ ပြုလုပ်ပြီးလျှင် မိဘအား အသိပေးသောစနစ်ကို ပြုလုပ်ခဲ့လေ၏။ ထိုစာအုပ်ကို မိဘများသို့ အသိပေးသောစာအုပ် အင်္ဂလိပ်ဘာသာဖြင့် **(REPORT BOOK)** ဟု ခေါ်၏။

ကျောင်းသားကျောင်းသူများသည် ထိုစာအုပ်ကို မိဘသို့ ပြရ၏။ မိဘ သို့မဟုတ် အုပ်ထိန်းသူက သိရှိကြောင်း လက်မှတ်ရေးထိုးပြီးမှ ကျောင်းအုပ်ထံသို့ ပြန်၍ယူလာရ၏။ နံနက် ၈ နာရီထိုးသည်နှင့် ဘုရားကျောင်းမှ ကပ္ပိယကြီးက ခေါင်းလောင်းထိုးလေ၏။ ထိုခေါင်းလောင်းသံသည် နဝင်းကျောင်း၏ ကျောင်းတက်ခေါင်းလောင်းလည်း ဖြစ်၏။ နံနက် (၁၀)နာရီတွင် ခေါင်းလောင်းတစ်ကြိမ် ထိုးပြန်၏။ ထိုခေါင်းလောင်းသံမှာ ကျောင်းသားကျောင်းသူများ ထမင်းစားရန် ကျောင်းဆင်းပေးသော ခေါင်းလောင်းသံဖြစ်၏။ တချို့ကလေးများသည် အိမ်သို့မပြန်ဘဲ ထမင်းချိုင့်များ ယူလာတတ်ကြ၏။ ထိုကလေးများ ထမင်းစားရန်အတွက်လည်း ရေပိုက်များ အပြည့်အစုံ တပ်ဆင်ပေးထား၏။ ကလေးများသည် တစ်နေ့ထက်တစ်နေ့ များပြားလာရကား ကလေးများစားရန် မုန့်ပဲသွားရေစာများရောင်းသော ဈေးသည်များလည်း ရောက်လာလေတော့၏။ ထို့ကြောင့် နဝင်းသည် ဝဇောဂန်းမြို့ရှိ မြူနီစီပယ်ဌာနမှ ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့အား တင်ပြ၍ ကလေးများအတွက်ရောင်းသော ဈေးသည်များကို ကျန်းမာရေးနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စစ်ဆေးခိုင်းလေ၏။ ဝဇောဂန်းမြို့မှ မြူနီစီပယ်လူကြီးသည် ဤသို့ပြုလုပ်ခိုင်းခြင်းအတွက် နဝင်းအား များစွာလေးစားသွားလေ



www.burmeseclassic.com

www.burmeseclassic.com

၏။ ထို့ကြောင့် -

"ဆရာကြီးရယ် . . .၊ ကျုပ်တို့ဌာနအနေနဲ့ ကူညီနိုင်တာ အကုန်လုံးကူညီပါ့မယ်၊ လိုတာရှိရင် အကြောင်းကြားပါ . . ." ဟု ပြောလေ၏။ ထိုအခါ နဝင်းက သူ၏ကလေးများအား တစ်လတစ်ကြိမ် ကျန်းမာရေး စစ်ဆေးပေးရန် အကူအညီတောင်းလေ၏။ ထိုအခါ မြူနီစီပယ်လူကြီးသည် အထက်သို့ အစီရင်ခံရလေ၏။ ထိုအစီရင်ခံစာကို တွေ့ရသောအခါ ဗြိတိသျှအစိုးရသည် ကျောင်းအုပ်ဆရာကြီး နဝင်းအပေါ်၌ များစွာလေးစား၍သွားလေတော့၏။ ထို့ကြောင့် ကလေးများ၏ကျန်းမာရေးကို စစ်ဆေးပေးရန်လိုအပ်ပါက ကုသပေးရန် တစ်လတစ်ကြိမ် ဆရာဝန်ကို လွှတ်လေ၏။ ကျောင်းတွင် ကလေးများကစားရင်း ထိမိခိုက်မိ၍ သွေးထွက်သံယိုဖြစ်သောအခါ အသုံးပြုရန်အတွက် ရှေးဦးသူနာပြုသေတ္တာကို လည်း လက်ဆောင်အဖြစ် ပေးအပ်ခဲ့လေ၏။

တစ်လတစ်ကြိမ်ကျင်းပသော ကျောင်းသားမိဘများနှင့် တွေ့ဆုံပွဲတွင် ကျောင်းသားမိဘတစ်ဦးက တစ်တန်းကျောင်းသားအတွက် တစ်နေ့လျှင် တစ်မတ်၊ နှစ်တန်းကျောင်းသားအတွက် တစ်နေ့လျှင် ငါးမူး၊ သုံးတန်းကျောင်းသားအတွက် တစ်နေ့လျှင် သုံးမတ်၊ လေးတန်း ကျောင်းသားအတွက် တစ်နေ့လျှင် တစ်ကျပ်နှုန်းထားဖြင့် ကျောင်းအုပ်ဆရာကြီးနဝင်းအား ပူဇော်လိုကြောင်း အနူးအညွတ်တောင်းပန်သည့်အပြင် အများကလည်း အားရဝမ်းသာထောက်ခံကြသဖြင့် နဝင်းသည် ထိုကျောင်းကြီးကို အုပ်ချုပ်ရသည့်အတွက်၊ စာသင်ပေးရသည့်အတွက် လခရလေတော့၏။

ထိုကျောင်းလခများမှာ နေ့စဉ်ပေးရသည်မဟုတ်။ လကုန်မှ ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်ရာ နဝင်းသည် ထိုလခများရယူခြင်းအတွက် ဘောက်ချာ၊ ပြေစာ စာအုပ်များ ရိုက်၍ထားရလေ၏။ စာရင်းအင်းများလည်း လုပ်၍ ထားရလေ၏။

နံနက်ကျောင်းတက်သည်နှင့်တစ်ပြိုင်နက် ကျောင်းသား ကျောင်းသူများအား ဟိန္ဒူဘာသာဝင်တို့ အလေးအမြတ်ထားသော ဂါယာကြီးမန္တန်ကို ညီညာဖျဖျ ရွတ်ဆိုခိုင်းလေ၏။ ထိုသို့ပြုလုပ်သည်ကို ကျောင်းသားမိဘများနှင့်တကွ တစ်ရွာလုံးက သဘောကျကြလေ၏။

တစ်နေ့တွင် ကာလကတ္တားမြို့မှ သတင်းထောက်တစ်ဦး ရောက်လာပြီး ကျောင်းကြီးကို ဓာတ်ပုံရိုက်၏။ ကျောင်းသားကျောင်းသူများကိုလည်း ဓာတ်ပုံရိုက်၏။ နဝင်းကိုလည်း ဓာတ်ပုံရိုက်၏။ ထို့နောက် နဝင်း၏ စာသင်ကျောင်းလေး တည်ရှိပုံ၊ တပည့်များကို သင်ကြားပြသပုံ၊ ဂရုစိုက်ပုံတို့ကို ကာလကတ္တားနေ့စဉ် သတင်းစာတွင် ရေးသားဖော်ပြလိုက်ရာ နဝင်း၏ စာသင်ကျောင်းကလေးကို အိန္ဒိယတစ်ပြည်လုံးက သိရှိကာ စိတ်ဝင်စားသွားကြလေတော့၏။

အခြားတစ်ပါးသောမြို့များမှလည်း ကလေးများကို နဝင်း၏ ကျောင်းတွင် အပ်နှံလိုကြောင်း လာ၍ပြောလေ၏။ ထို့ကြောင့် နဝင်းသည် ဘော်ဒါကျောင်းသားကျောင်းသူများ လက်ခံရန်အတွက် ၎င်း၏အိမ်ဘေးရှိ မြေကွက်လပ်တွင် ခမ်းနားသားနားသော ဘော်ဒါဆောင်ကြီးနှစ်ဆောင် ဆောက်လုပ်ရလေ၏။ ထိုဘော်ဒါဆောင်ကြီးတွင် ကျောင်းသားကျောင်းသူများ ညဘက်၌ စာကျက်နိုင်ရန်အတွက် စာကျက်ခန်းမကြီးတစ်ခုကိုလည်း ဆောက်လုပ်ပေးထားရလေ၏။ ထို့အတူ ထမင်းစားဆောင်ကြီးကိုလည်း ဆောက်လုပ်ပေးထားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဘော်ဒါဆောင်ကိုမူ ကရုဏာက ကြီးကြပ်အုပ်ချုပ်ပေးလေ၏။ ကလေးများစားသောက်ရန်အတွက်ကို ကရုဏာ၏မိခင်ကြီး အဓိတီက ချက်ပြုတ်ရလေ၏။ ထိုလုပ်ငန်းများ သွက်သွက်လက်လက် လုပ်နိုင်ရန် အတွက် ရွာထဲမှ မိန်းကလေးနှစ်ဦးနှင့် ယောကျ်ားလေးတစ်ဦးကိုလည်း ခေါ်ယူခန့်ထားရလေ၏။ ဤသို့နှင့်ပင် နဝင်း၏ စေတနာကျောင်းလေးသည် အိန္ဒိယပြည်တစ်ပြည်လုံးက အလေးအနက်ပြုရသော ခမ်းနားသည့် ကျောင်းကြီးတစ်ကျောင်း ဖြစ်သွားလေတော့၏။

ဘော်ဒါဆောင်တွင် နေထိုင်သော ကျောင်းသားကျောင်းသူများသည် ကရုဏာအား 'မာသာကရုဏာ' ဟု ခေါ်ဝေါ်လေ့ရှိကြ၏။ ကရုဏာသည် ဘော်ဒါဆောင်တွင် အပ်ချုပ်စက်တစ်လုံးလည်း ထား၏။ ကျောင်းသားကျောင်းသူများ၏ အင်္ကျီ၊ ဘောင်းဘီများ စုတ်ပြဲသွားသောအခါ ထိုစက်ဖြင့်ပင် ချုပ်လုပ်ပေးလေ၏။ ကရုဏာသည် စက်ချုပ်ခြင်းကို ဝါသနာပါသော ကျောင်းသူ(၅)ဦးအား စက်နင်းပုံ၊ စက်ချုပ်ပုံကို သင်ပြပေးလေ၏။ ၎င်းကျောင်းသူ (၅)ဦးလည်း နောင်တွင် ဘော်ဒါဆောင်တွင် ချုပ်လုပ်ရန်ကိစ္စများကို တာဝန်ယူရလေ၏။

ထိုခေတ်ထိုအချိန်က အိန္ဒိယပြည်ပေါက် 'ခရစ်ရှုနာမူရတီ' ဆိုသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးသည် လန်ဒန်မြို့တွင် နေထိုင်ပြီး ကမ္ဘာအရပ်ရပ်သို့ လှည့်လည်၍ တရားဓမ္မများ ဟောပြောနေခြင်းဖြစ်၏။ ထို ပုဂ္ဂိုလ်ကြီး အိန္ဒိယသို့ရောက်သောအခါ၌ နဝင်းက သွားရောက်တွေ့ဆုံ၍ ဂါရဝပြုပြီးလျှင် သူ၏ ကျောင်းကလေးသို့လည်း လာရောက်၍ ဟောပြောပေးရန် အနူးအညွတ် ဖိတ်ကြားခဲ့လေ၏။ ထို့ကြောင့် ဆရာကြီး ခရစ်ရှုနာမူရတီသည် တစ်နေ့တွင် ထိုကျောင်းသို့ရောက်လာပြီး တရားဓမ္မများ ဟောပြောလေ၏။ ထိုပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com





ကြီးက –

"ကလေးတို့ . . . ၊ ငါဟာ ဟိန္ဒူမိဘနှစ်ပါးက ဆင်းသက်လာတဲ့ ကလေးတစ်ယောက်ပါပဲ၊ ဒါပေမဲ့ မင်းတို့အရွယ်ကလေးဘဝကတည်းက ငါ့ကို ကြည့်ထားဖြူစင်တဲ့ အင်နီဗင်းဆင့်လို့ခေါ်တဲ့ အင်္ဂလိပ်မကြီးက မွေးစားပြီး လန်ဒန်မြို့ကို ခေါ်သွားလို့ ငါဟာ ဟိုမှာပဲကြီးပြင်းခဲ့ရတယ်၊ ဟိုမှာပဲ ကျောင်း နေခဲ့ရတယ်၊ တက္ကသိုလ်ပညာကိုလည်း ဟိုမှာပဲ သင်ခဲ့ရတယ်၊ ဒါကြောင့် ဗမာစကားကို လည်လည်ပတ်ပတ် မပြောတတ်တော့ဘူး၊ ဒါကြောင့် မင်း တို့ကို ငါပြောမယ့် ဇာတ်တွေကိုလည်း အင်္ဂလိပ်ဘာသာနဲ့ပဲ ပြောပါ့မယ်၊ ငါ ပြောပြီးတဲ့အခါမှာ မင်းတို့သိချင်တဲ့မေးခွန်းကို စာရွက်တစ်ရွက်စီပေါ်မှာ ရေးပြီး ငါ့ဆီလာပို့ပါ၊ ငါ ဖြေကြားပေးပါ့မယ်၊ မင်းတို့ကျောင်းက အင်္ဂလိပ် စကားပြောတဲ့ကျောင်းဆိုတော့ ငါ့အတွက် အခက်အခဲ သိပ်ပြီးမရှိလှပါဘူး" ဟု ပြောပြီးလျှင် ကလေးများကို သူ၏ဇာတ်များ ပြောပြလေ၏။

ထို့နောက် မိမိအတွက် မဖြေရှင်းနိုင်သော အတွေးများရှိပါက လည်း မေးခွန်းများရေးသား၍ မေးနိုင်ကြောင်း ဖိတ်ခေါ်လိုက်လေ၏။ ထိုအခါ ကလေးငယ်တစ်ဦး ထ,လာပြီးလျှင် –

"ဆရာကြီးခရစ်ရှနာမူရတီခင်ဗျာ . . . ၊ ကျွန်တော်က စာနဲ့ ရေး ပြီးမေးပါဘူးခင်ဗျာ . . . ၊ နှုတ်နဲ့ပဲ မေးပါ့မယ် . . ." ဟု ခွင့်တောင်း လိုက်လေ၏။ ထိုအခါ ခရစ်ရှနာမူရတီက –

"မေးနိုင်ပါတယ် . . ." ဟု ခွင့်ပြုလိုက်လေ၏။ ကလေးသည် အနည်းငယ်မှပျော်ရွှင်သွား၏။ ထို့နောက် မေးလေတော့၏။

"အသက်ကိုသတ်ရင် ငရဲကြီးပါသလား . . ." ဟု မေးလေ၏။ ထိုအခါ ခရစ်ရှနာမူရတီက –



www.burmeseclassic.com

www.burmeseclassic.com

"ကြီးပြီလား ကလေးရယ် ..." ဟု ပြန်၍ဖြေလိုက်လေ၏။ ကလေးကလည်း -

"သေသွားလို့ကြီးတာမဟုတ်လား ..." ဟု ထပ်၍မေးပြန်လေ၏။

"အဲဒါလည်းတစ်ကြောင်းပေါ့ ...၊ သတ်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုကလည်း ငရဲကြီးလောက်ပါတယ် ..." ဟု ခရစ်ရှနာ မူရတီက ပြန်၍ဖြေလေ၏။

"မနေ့ညနေက ကျွန်တော်ဟာ ဂေါ်ပြားလေးတစ်လက်နဲ့ ပန်းပင်စိုက်တယ် ...၊ ကျွန်တော့်ရဲ့ဂေါ်ပြားဟာ တီကောင်ရဲ့ ကျောအလယ်တည့်တည့်ကို ထိုးမိတယ်၊ တီကောင်ဟာ နှစ်ပိုင်းပြတ်သွားတယ်၊ ဒါပေမဲ့ မသေဘူးခင်ဗျ၊ နှစ်ပိုင်းလုံး အသက်ရှင်နေတယ်၊ နှစ်ပိုင်းလုံးဟာ ကျွန်တော့်မျက်စိအောက်ကနေ ရွေ့လျားသွားတယ်၊ ကျွန်တော် အသက်တစ်ခုကနေနှစ်ခုဖြစ်အောင် လုပ်လိုက်တယ်၊ ငရဲကြီးပါ့မလား ..." ဟု ပြန်၍မေးလေ၏။ ထိုအခါ ခရစ်ရှနာမူရတီက -

"မင်းပြောတဲ့အတိုင်း တကယ်ဖြစ်ခဲ့ရင်တော့ ငရဲကြီးဖို့ မရှိပါဘူး" ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ကလေးက -

"အဲဒါတော့ ထားလိုက်ပါတော့ ဆရာကြီးရယ် ...၊ တီကောင်ရဲ့ အသက်က ဘယ်မှာရှိတာလဲ ..." ဟု မေးလိုက်ရာ ကြားရသူအပေါင်းသည် ဝါးခနဲ ရယ်မောကြလေ၏။ ခရစ်ရှနာမူရတီကမူ -

"မင်းရဲ့ဂေါ်ပြားနဲ့ထိုးမိမှ တီကောင်က နှစ်ပိုင်းပြတ်ပြီး အသက်နှစ်ခုဖြစ်သွားတယ်ဆိုတော့ တီကောင်ရဲ့အသက်ဟာ မင်းရဲ့ ဂေါ်ပြားမှာ ရှိလိမ့်မယ်ထင်တယ် ..." ဟု ရယ်ရွှန်းပတ်ရွှန်းနှင့် ပြန်၍ဖြေလေ၏။

www.burmeseclassic.com



ဆရာကြီးခရစ်ရှနာမူရတီ၏အဖြေကို တစ်ကျောင်းလုံး သဘော
သွားပြီဖြစ်ရာ ကျောင်းသားကျောင်းသူများရော၊ ကျောင်းသားမိဘ
ပါ လက်ခုပ်လက်ဝါးတီး၍ အားရပါးရ ရယ်မောလိုက်ကြလေတော့
တည်း။ ။


✤ ✤ ✤ ✤ ✤





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၁)
### မိမ္မနိုက်ကို ဖွေ့မှားခြင်း

နဝင်းသည် သူ၏ကျောင်းသားကျောင်းသူများ ဘယ်ညာနင်း၍ သမ်းလျှောက်တတ်ရန် ရှေ့ကြည့်၊ သတိ၊ သက်သာ၊ အေးစေ လုပ်တတ်ရန်၊ တန်းစီတတ်ရန်၊ အမှတ်စဉ်မှတ်တတ်ရန်၊ တန်းဖြုတ်တတ်ရန်တို့ကို တတ်ကျွမ်းစေလိုသည့်အတွက် အနီးဆုံးဗြိတိသျှလက် အောက်ခံ အိန္ဒိယ ဘပ်သို့ အကူအညီတောင်းရာ ထိုတပ်မှ တပ်မှူးက ဂျမဒါအဆင့်ရှိ ဆရာ တစ်ယောက်နှင့် ဟာဗေတာအဆင့်ရှိ ဆရာတစ်ယောက်ကို စေလွှတ်၍ ကျောင်းသားကျောင်းသူများကို ညနေတိုင်း သင်ကြားပေးခဲ့လေ၏။

(မှတ်ချက်။ ။ ဂျမဒါဆိုသည်မှာ ယခုခေတ် အရာခံဗိုလ် နှင့် သဘောချင်းတူလိမ့်မည်ဖြစ်သည်။ ဟာဗေတာဆိုသည်မှာ ယခုခေတ်



www.burmeseclassic.com

www.burmeseclassic.com

တပ်ကြပ်နှင့် သဘောချင်း တူလိမ့်မည်ဟု ယူဆရပါသည်။

စာရေးသူ

နှစ်လခန့် လေ့ကျင့်ပြီးသောအခါ၌ နဝင်း၏ ကျောင်းသား ကျောင်းသူကလေးများသည် အခြေခံစစ်ဒလိန်းပြခြင်းများကို ညီညာကျွမ်း ကျင်စွာ တတ်မြောက်သွားကြလေ၏။ နဝင်းသည် ကျောင်းသားများအနက် မှ လုပ်ရည်ကိုင်ရည်ရှိသော ကျောင်းသားများကို တပ်စိတ်မှူး၊ တပ်စုမှူး တပ်ခွဲမှူးများ ခန့်အပ်ကာ အကျီပုခုံးထောက်ပေါ်တွင် အရောင်များ ခွဲခြား ၍တပ်ဆင်ပေးထားလေ၏။ ထို့နောက် နဝင်းသည် ဗြိတိသျှလက်အောက်ခံ အိန္ဒိယစစ်တီးဝိုင်းတပ်သို့ အကူအညီတောင်း၍ သူ၏ကျောင်းသားများကို ဘင်ခရာတီးတတ်စေရန် ဆောင်ရွက်ပြန်၏။ စစ်တီးဝိုင်းတပ်မှလည်း လိုလို ချင်ချင် လာရောက်သင်ကြားပေး လေ၏။

ဘင်ခရာပစ္စည်းများကိုမူ ကျောင်းသားမိဘများက စုပေါင်း၍ ဝယ် ပေးထားလေ၏။ သုံးလေးလအတွင်းမှာပင် နဝင်း၏ကျောင်းမှ ကျောင်းသား များသည် ခမ်းနားသော ဘင်ခရာတီးဝိုင်းကြီးတစ်ဝိုင်းကဲ့သို့ တီးမှုတ်တတ် ကြလေတော့၏။

တစ်ခါတွင် ဗြိတိသျှဘုရင်ခံသည် မီးရထားဖြင့် ခရီးသွားခဲ့ရာ ဝေဇာဂန်းဘူတာကို ဖြတ်သန်းလေ၏။ ထိုအခါ၌ နဝင်း၏ကျောင်း ဘင်ခရာတီးဝိုင်းသည် ဘုရင်ခံအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တီးမှုတ် လေတော့၏။ ကျောင်းသားများ၏ စနစ်ကျ၍ ခမ်းနားသော ဘင်ခရာ တီးဝိုင်းကြီးကို မြင်လျှင် ဘုရင်ခံသည် လွန်စွာမှနှစ်ထောင်းအားရ ဖြစ် လေ၏။ ထို့ကြောင့် ထိုနှစ်ကျင်းပသော ဘုရင်ခံ၏ ဒါဘာပွဲတွင် ကျောင်းအုပ်



www.burmeseclassic.com

www.burmeseclassic.com





ဆရာကြီးနဝင်းအား ဂုဏ်ထူးဆောင်လက်မှတ်တစ်စောင်နှင့် ရွှေလက်ပတ်နာရီတစ်လုံးကို ဆုချခဲ့လေ၏။ နဝင်း၏ကျောင်းသည် အိန္ဒိယပြည်၌ မသိသူမရှိလောက်အောင် ကျော်ကြား၍သွားလေတော့၏။

ထိုနှစ်တွင် နဝင်း၏မိန်းမ ကရုဏာသည် ကိုယ်ဝန်ရလေ၏။ နဝင်းမှာလည်း ချောင်းဆိုးသွေးပါ အဆုတ်ရောဂါစလေတော့၏။ တစ်ခုသော ခရစ်စမတ်ညတွင် နဝင်းသည် အသည်းအသန်ဖြစ်နေ၍ ဆရာဝန်တစ်ဦးက လာရောက်၍ ကြပ်မတ်ကုသပေးနေရလေ၏။ ထိုအချိန်၌ ၎င်း၏ဇနီးကရုဏာသည်လည်း ကလေးမွေးရန် ဝမ်းနာလာသဖြင့် မီးနေခန်းတွင် လက်သည်တစ်ဦးစောင့်၍နေရလေ၏။ ည(၈)နာရီလောက်တွင် ခရစ်ယာန်ဘာသာဝင် ဟိန္ဒူလူငယ်တစ်စုသည် နဝင်းတို့၏တဲရှေ့တွင် ခရစ်စမတ်သီချင်းများ လာ၍ဆိုလေ၏။

ထိုအစုအတွင်းမှ 'မေတ္တာ'ဆိုသော မိန်းကလေးက 'ဆိုင်းလင့်နိုက်၊ ဟိုးလီးနိုက်' ဟုဆိုသည့် 'တိတ်ဆိတ်ည၊ သန့်ရှင်းည'ဟု အဓိပ္ပာယ်ရသော ခရစ်စမတ်သီချင်းကို မေတ္တာသံအပြည့်အဝဖြင့် ဆိုလေ၏။ ကရုဏာသည် ဝမ်းနာနေလျက်ကပင် ထိုသီချင်းကိုလိုက်၍ ညည်းနေ၏။ ထိုသို့ ညည်းနေစဉ်၌ပင် ဗိုက်ထဲမှကလေးကို မွေးဖွားလေတော့၏။ ဝမ်းဆွဲသည်ကြီးက အားရဝမ်းသာ 'ဗေတာ' ဟု အော်လေ၏။ အဓိပ္ပာယ်မှာ 'သားလေး'ဟူ၍ အဓိပ္ပာယ်ရလေ၏။ ကရုဏာ၏အမေ အဓိ[illegible] ကလေးကိုပြေး၍ကြည့်ပြီးလျှင် အားရဝမ်းသာဖြင့် 'ဗေတာ ... [illegible] တာ...' ဟု အော်လေ၏။ ထိုအချိန်၌ပင် တပြည်လုံး[illegible] ကရုဏာကို အချစ်ကြီးချစ်ခဲ့သော နဝင်း သည် [illegible]

နဝင်း၏ အသုဘမှာ လွန်စွာမှည်[illegible]

www.burmeseclassic.com



အုပ်ဆရာကြီး၊ ဆရာမကြီးများမှလည်း ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပန်းခွေများ ပို့ကြ၏။ နဝင်းကျောင်းမှ ဘင်ခရာတီးဝိုင်းသည် ဝမ်းနည်းခြင်းအထိမ်းအမှတ်တီးလုံးကို တီး၍ နဝင်းအား သဂြိုဟ်လေ၏။ ကရုဏာသည် ချစ်စွာသောခင်ပွန်းသည် သေဆုံး၍ သည်းထန်စွာငိုကြွေး၏။ ထို့နောက် ရင်ခွင်ထဲမှသားလေး၏မျက်နှာကိုကြည့်ပြီးလျှင် ပီတိဖြာ၍ ပြုံးလေ၏။ သူ၏ အဖြစ်ကိုကြည့်ရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်လေတော့၏။ ကရုဏာသည် သူ၏သားလေးမျက်နှာကိုကြည့်ပြီးလျှင် –

"ဗေဒါ ...၊ ငါချစ်တဲ့ နင့်အဖေ နဝင်းတော့ သေခြင်းတရားနဲ့ ခေါ်သွားပြီ ...၊ လောကကြီးမှာ ငါတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ ကောင်းကင်ကနေ အချိန်မီ နင့်ကိုပို့လိုက်တာ ...၊ နင်ဟာ ကောင်းကင်က လာတဲ့လူပဲ၊ ဒါကြောင့် နင့်နာမည်ကို 'ဒိဗန်က'လို့ ပေးမယ် ..."ဟု ရေရွတ် ကာ တခစ်ခစ်ရလေ၏။ ဒိဗန်ကဆိုသည်မှာ ၎င်းတို့၏ ဘာသာစကားဖြင့် 'ကောင်းကင်မှလာသောသူ' ဟု အဓိပ္ပာယ်ရ၏။

နဝင်း၏ကျောင်းအတွက် ဗြိတိသျှအစိုးရပညာရေးဌာနမှ ဆရာများလွှတ်ပေးရန် ကရုဏာက တင်ပြလေ၏။ ထို့ကြောင့် ဗြိတိသျှအစိုးရ ပညာရေးဌာနမှ ဆရာများ လွှတ်ပေး၏။ ကျောင်းအုပ်ဆရာကြီးနေရာ မှ ရပ်ရွာ၏သဘောထားအရ ဘုရားကျောင်းမှ ကပ္ပိယကြီးကို ခန့်ထား လိုက်ရလေတော့၏။

ထိုကျောင်း၏ထူးခြားချက်မှာ နဝင်းအနေဖြင့် ကျောင်းကို စတင် ဖွင့်လှစ်သောနေ့သို့ရောက်တိုင်း 'ကျောင်းမွေးနေ့'ဟု ဆိုကာ ပျော်ပွဲများ ကျင်းပတတ်လေ၏။ ထိုသို့ကျင်းပခဲ့ရာ တစ်ခုသောနှစ်တွင် ကလေး များအား ဖျော်ဖြေရန်အတွက် ပတ္တနားဆိုသောမြို့မှ မျက်လှည့်ဆရာ



www.burmeseclassic.com

www.burmeseclassic.com





တစ်ဦးကို ငှားရမ်းခဲ့လေ၏။ ၎င်းပတ္တနားမြို့မှာ ရှေးယခင်က ပါတလိပုတ်ပင် ဖြစ်လေ၏။ ၎င်းတို့ ငှားရမ်းသော မျက်လှည့်ဆရာ၏အမည်မှာ 'မစ္စတာဘူတာဝါဟန' ဟူ၍ ဖြစ်၏။

(မှတ်ချက်။ ။ ဘူတာဝါဟန ဟူသော ပါဠိစာလုံး၏ အဓိပ္ပာယ်မှာ ရှေးယခင်က ခေတ်စားခဲ့သော စက္ကောမအတတ်ပညာပင် ဖြစ်၏။ ထို့ကြောင့် မစ္စတာ ဘူတာဝါဟနအား မစ္စတာ စက္ကောမဟူ၍လည်း နားလည်နိုင်၏။

စာရေးသူ)

မျက်လှည့်ဆရာ ဘူတာဝါဟနသည် ထိုကျောင်း၌ (၄)ရက်တိုင်တိုင် မျက်လှည့်ပြသလေ၏။ လူကို အရှင်လတ်လတ် တွင်းတူး၍ မြေမြှုပ်ပြ၏။ ဆရာဘူတာဝါဟနကိုယ်တိုင် ကြိုးမပါဘဲ ကောင်းကင် တွဲဝဲပြ၏။ ပန်းပွင့်မှ မီးတောက်လုပ်ပြ၏။ ပြွေမှုတ်လိုက်ရာ ကြိုးတစ်ချောင်းသည် ကောင်းကင်သို့ တက်သွား၏။

မျက်လှည့်မှာ ကောင်းလွန်းသဖြင့် ကျောင်းသားကျောင်းသူများ သာမက အနီးအပါးမြို့များမှ လူများပင် လာရောက်၍ကြည့်ရှု အားပေးကြ၏။ (၄)ရက်တိုင်တိုင်ပြသော မျက်လှည့်ကို ကရုဏာနှင့် သားကလေး ဒိဗ္ဗန်ကတို့သည် ရှေ့ဆုံးမှနေ၍ ကြည့်ရှုအားပေးခဲ့၏။ ထိုအချိန်၌ ဒိဗ္ဗန်ကလေးသည် (၄)နှစ်သားအရွယ်သို့ပင် ရောက်နေပြီဖြစ်၏။ မျက်လှည့်ဆရာ ဘူတာဝါဟနသည် မျက်လှည့်ပြပြီးသောအခါ၌ ကရုဏာထံမှ ကလေးကို တောင်းယူကာ ဂုတ်ပေါ်တွင် ခွစေပြီးလျှင် ဗာလ်ဂူမြစ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com

စပွဲယ်မြစ်၏ သဲသောင်ပေါ်တွင် ကလေးနှင့်အတူ ပြေးလွှားဆော့ကစား နေတတ်၏။ ထို့ကြောင့် ကရုဏာက –

"ဆရာဘူတာဝါဟနလည်း ဒီဗွန်ကို မြင်းလုပ်ပြီး ပြေးနေရတာနဲ့ အတော်မောတော့မယ်၊ အမောဖြေလိုက်ပါဦး၊ ထမင်းစားရအောင် ..." ဟု ပြောလေ၏။ ထိုအခါ ဆရာဘူတာဝါဟနက –

"မမောပါဘူး ကရုဏာ ...၊ ဒီကလေးနဲ့ အဲဒီလိုနေရမယ် ဆိုရင် တစ်သက်လုံးလည်း မောမှာမဟုတ်ပါဘူး ..." ဟု ပြောလိုက်ရာ ကရုဏာက –

"ဆရာက ကလေးကို အတော်ချစ်တတ်တာကိုး ..." ဟု ပြောလေ၏။ ထိုအခါ ဆရာဘူတာဝါဟနက –

"ကလေးကိုချစ်တာလည်း မှန်ပါတယ်၊ ကလေးအမေ မုဆိုး မလေးအပေါ်မှာ ကရုဏာထားမိတာက ပိုလိမ့်မယ်ထင်ပါတယ်" ဟု ပြောလိုက်ရာ ကရုဏာ၏မျက်နှာသည် ရှက်သွေးများဖြာ၍ ရဲခနဲ ဖြစ် သွားလေ၏။ ထိုအခါ ဆရာဘူတာဝါဟနက –

"တကယ်ပြောတာပါ ကရုဏာ ...၊ မင်းရဲ့ဘဝကို ကျုပ်က တာဝန်ယူချင်ပါတယ်၊ အဲဒါကို လေးလေးနက်နက်စဉ်းစားပြီး အဖြေပေး ပါ ...၊ ချက်ချင်းလည်း မဖြေပါနဲ့ ...၊ ခုနစ်ရက် အချိန်ပေးလိုက်မယ် ခုနစ်ရက်စေ့လို့ ကျုပ်အတွက် ကောင်းတဲ့အဖြေပေးမယ်ဆိုရင်တော့ ဟော ဟိုရေကန်ထဲက ကြာဖြူပွင့်လေးတစ်ပွင့်ခူးပြီး ကျုပ်ကို ပေးလိုက်ပါ ကျုပ်ရဲ့နှလုံးသားမှာ မိန်းမနဲ့ပတ်သက်လို့ ဘယ်လိုအမှတ်အသားမှ မရှိ ပါဘူး ...၊ ကရုဏာဆီက ကြာဖြူလေးတစ် ပွင့်ရတဲ့နေ့ကတော့ ကျုပ်ရဲ့ မနောအိမ်မှာ ကြာဖြူပန်းလေးတစ်ပွင့် ပွင့်ပြီပေါ့ကွယ် ..." ဟု ပြော



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ကရုဏာသည် အိမ်သို့ရောက်သောအခါ ထိုကိစ္စကို အလေးအနက်စဉ်းစားရလေ၏။ ထိုသို့စဉ်းစားရာတွင် လူမျိုးဓလေ့၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတို့ကိုပါ ထည့်၍စဉ်းစားရလေ၏။ အဖြေပေးမည့် နေ့သို့ရောက်သောအခါ၌ ကရုဏာသည် ရေမိုးချိုး၍ အတော်အတန် ဖြီးလိမ်းပြီးလျှင် အဖြူရောင်ဝတ်စုံကို ဝတ်၏။ ရေကန်တွင်ပေါက်နေသော ကြာဖြူပန်းတစ်ပွင့်ကို ချိုး၏။ ထို့နောက် ဆရာဘူတာဝါဟာနနှင့် ချိန်းဆိုခဲ့သော ဖာလ်ဂူမြစ်ဘေးမှ ကျောက်ဆောင်ဘေးသို့ သွားလေ၏။ ပြီးလျှင် ဆရာဘူတာဝါဟာနအား ကြာဖြူပန်းကလေးတစ်ပွင့် ပေးလိုက်လေ၏။ ထိုအခါ ဆရာဘူတာဝါဟာနက ကရုဏာအား –

"ကြာပန်းကလေး . . ." ဟု တိုးတိုးညင်ညင်လေး ခေါ်လိုက်လေ၏။ ၎င်းတို့၏ဘာသာစကားဖြင့် 'ကမလာ' ဟု အသံထွက်၏။

"မင်းဟာ ငါ့ရဲ့မနောအိမ်မှာ စပြီးပွင့်တဲ့ ကြာပန်းကလေးပါပဲ ကမလာ . . ."ဟု ပြောကာ ကရုဏာ၏ကိုယ်လုံးကလေးကို သိုင်း၍ ဖက်လိုက်လေ၏။ တစ်ခုတိုက်ဆိုင်သည်မှာ ထိုနေ့သည် ခရစ်စမတ်နေ့ ဖြစ်နေ၏။ ဆရာဘူတာဝါဟာနသည် ဒိဗန်ကကိုချီရင်း ကရုဏာနှင့်အတူ သောင်ပြင်ပေါ်တွင် လျှောက်လာ၏။ ထိုသို့ လျှောက်လာရင်း –

"ကမလာ . . . ဗေဒာ့ရဲ့နာမည်က 'ဒိဗန်က'ဆိုတာ ရှည်ပါတယ်၊ ဒိဗ္ဗန်လို့ခေါ်ရင် လုံလောက်ပါပြီ . . ." ဟု ပြောလိုက်ရာ ကရုဏာက –

"ဆရာ့သဘောပဲ . . ." ဟု ပြောလေ၏။

ထိုအချိန်မှစ၍ နဝင်းနှင့် ကရုဏာတို့၏သားကလေး ဒိဗန်ကသည် 'ဒိဗ္ဗန်'ဖြစ်၍သွားလေတော့၏။ ဒိဗ္ဗန်အတွက်လည်း ဖခင်ဖြစ်သူ နဝင်း



www.burmeseclassic.com

www.burmeseclassic.com



အစား ပထွေး ဘုတ္တာဝါဟာနကို ရရှိသွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

## ပထွေးဖြစ်သူက ဒီဗွန်အားအဌာရသပညာများ သင်ကြားပေးခြင်း

ဒီဗွန်သည် ၎င်း၏ပထွေးအား 'ဖာသာကြီး'ဟု ခေါ်လေ၏။ ဘူတာဝါဟာနကမူ ဒီဗွန်အား 'ဗေတာ(သား)'ဟုပင် ခေါ်လေ၏။ ဘူတာဝါဟာနသည် ဟိန္ဒူစကား၊ အင်္ဂလိပ်စကားသာမက မြန်မာစကားနှင့် မြန်မာစာကိုပင် တတ်လေ၏။ ၎င်းတို့မိသားစုသုံးဦး ဆုံသောအခါ မြန်မာစကားဖြင့်ပင် ပြောကြလေ၏။ ဘူတာဝါဟာနသည် ဒီဗွန်အား သင်္ချာကို ကျွမ်းကျင်စေရန် လေ့ကျင့်ပေး၏။ ကျောင်းတွင် သင်သော သင်္ချာကိုသာမက ဉာဏ်စမ်းပုစ္ဆာများရှာ၍ သင်္ချာကို စိတ်ဝင်စားစေရန် လေ့ကျင့်ပေးလေ၏။ တစ်နေ့တွင် ဘူတာဝါဟာနက ဒီဗွန်အား ငွေတစ်ဆယ်တန်တစ်ရွက်နှင့် ငါးကျပ်တန်တစ်ရွက်ကို ခေါက်စေ၏။ ထိုသို့ခေါက်စေပြီးလျှင် –



www.burmeseclassic.com

www.burmeseclassic.com

"ဗေတာ ... အဲဒီငါးကျပ်တန်နဲ့ ဆယ်တန်လေးကို မင်းရဲ့ ဘက်တစ်ဖက်စီမှာ ဆုပ်ထားလိုက် ကြိုက်သလိုဆုပ်ထားခွင့်ရှိတယ်၊ ငါးကျပ်တန်ကို မင်းရဲ့ ဘယ်ဘက်လက်မှာ ဆုပ်ချင်လည်း ဆုပ်၊ ညာဘက်လက်မှာ ဆုပ်ချင်လည်း ဆုပ်၊ ကြိုက်သလိုဆုပ်ထားခွင့်ရှိတယ်၊ ဆုပ်ပြီးရင်တော့ ဖာသာကြီးကို ပြော ..." ဟု ပြောလိုက်လေ၏။

ဒိဗ္ဗန်သည် ပိုက်ဆံကို ဆုပ်ပြီးနောက် ဆုပ်ထားပြီးကြောင်း ပြောလိုက်လေ၏။ ထိုအခါ ဖာသာကြီးက –

"မင်းရဲ့ညာဘက်မှာ ဆုပ်ထားတဲ့ငွေကို ၄ နဲ့မြှောက်လိုက်" ဟု ဆိုသဖြင့် ဒိဗ္ဗန်သည် မြှောက်လိုက်လေ၏။ ဒိဗ္ဗန်သည် ညာဘက် လက်တွင် ငွေ (၁၀) ဆုပ်ထားသောကြောင့် (၄)နှင့် မြှောက်ရာ (၄၀) ရလေ၏။ ထို့နောက် ဖာသာကြီးက –

"ဘယ်ဘက်လက်မှာ ဆုပ်ထားတဲ့ငွေကို (၃)နဲ့ မြှောက်ကွာ" ဟု ဆိုသဖြင့် ဒိဗ္ဗန်သည် မြှောက်လိုက်ရလေ၏။ ဘယ်ဘက်လက်တွင် ငွေငါးကျပ်ဆုပ်ထားသဖြင့် (၃)နှင့်မြှောက်ရာ (၁၅) ရလေ၏၊ ထိုအခါ ဒိဗ္ဗန်က–

"မြှောက်ပြီးပြီ ..." ဟု ပြောလေ၏။

"မြှောက်ပြီးရင် မြှောက်ရတဲ့အဖြေနှစ်ခုကို ပေါင်းကွာ ..." ဟု ဆိုသဖြင့် ဒိဗ္ဗန်သည် ပေါင်းလိုက်ရာ (၅၅) ရလေ၏။ ထိုအခါ ဖာသာကြီးက –

"ဘယ်လောက်ရသလဲ ..." ဟု မေးလျှင် ဒိဗ္ဗန်က (၅၅) ရကြောင်း ဖြေလေ၏။ ထိုအခါ ဖာသာကြီးက –

"ဒီလိုဆိုရင် မင်းဟာ ငါးကျပ်တန်ကို ဘယ်ဘက်မှာ ဆုပ်ထားတယ်ကွ ..." ဟု ဖြေလိုက်ရာ ဒိဗ္ဗန်က –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖာသာကြီး ..." ဟု ဖြေရုံသာမက လွန်စွာမှလည်း အံ့သြသွားလေ၏။ ထို့နောက် –

"ဘယ်လိုလုပ်သလဲ ..." ဟု မေးလေ၏။ ထိုအခါ ဖာသာကြီးက –

"ရတဲ့အဖြေဟာ စုံဂဏန်းဆိုရင် မင်းဟာ ငါးကျပ်တန်ကို ညာဘက်မှာ ဆုပ်ထားတယ်၊ မ,ဂဏန်းဆိုရင်တော့ ဘယ်ဘက်မှာ ဆုပ်ထားတယ်ကွ ...၊ မင်းရဲ့အမေကို လုပ်ပြလိုက်ဦး ..." ဟု ဖာသာကြီးက ပြောလေ၏။ ဒိဗ္ဗန်လည်း မိခင်ဖြစ်သူအား ထိုပြကွက်ကို လုပ်ပြလေ၏။ ဒိဗ္ဗန်သည် မိခင်အား 'မား ...' ဟု ခေါ်လေ၏။ ထို့နောက် ဒိဗ္ဗန်သည် ကျောင်းသို့ရောက်သောအခါ သူငယ်ချင်းများ ကို ထိုပြကွက်ကို ပြလေ၏။

တစ်နေ့တွင်လည်း ဖာသာကြီးက ဒိဗ္ဗန်အား –

"မင်းကြိုက်တဲ့ဂဏန်းနှစ်လုံးကို မှတ်ထားလိုက်" ဟု ပြောလေ၏။ ဒိဗ္ဗန်လည်း (၇၀)ဆိုသော ဂဏန်းကို မှတ်ထားလိုက်လေ၏။ ထိုအခါ ဖာသာကြီးက –

"မင်းမှတ်ထားတဲ့ ဂဏန်းကို တစ်ခုတိုးလိုက် ..." ဟု ဆိုသဖြင့် ဒိဗ္ဗန်သည် တစ်ခုတိုးလိုက်ရာ (၇၁) ဖြစ်သွား၏။ ထိုအခါ ဖာသာကြီးက –

"မင်း အခုမှတ်ထားတဲ့ ဂဏန်းနဲ့ ပထမဦးဆုံးမှတ်ထားတဲ့ ဂဏန်းနဲ့ပေါင်းလိုက် ..." ဟု ဆိုသဖြင့် ပေါင်းလိုက်ရာ (၁၄၁) ရသွားလေ၏။ ထိုအခါ ဖာသာကြီးက –

"အဖြေရရင် အဲဒီအဖြေကို နောက်ထပ် (၉) နဲ့ ပေါင်းလိုက်" ဟု ဆိုသဖြင့် ပေါင်းလိုက်ရာ (၁၅၀) ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အဖြေရရင် အဲဒါကို (၂)နဲ့ စားလိုက် ..." ဟု ဖာသာကြီး က ဆိုသဖြင့် (၂) နှင့် စားလိုက်ရာ (၇၅) ရသွားလေ၏။

"စားပြီးရင် ပထမဦးဆုံး မင်းမှတ်ထားတဲ့ ဂဏန်း (၂) လုံးကို နှုတ်လိုက် ..." ဟု ဆိုသဖြင့် ဒိဗ္ဗန်လည်း နှုတ်လိုက်ရာ (၅) ရလေ၏။ ထိုအခါ ဖာသာကြီးက –

"မင်း အခုရတဲ့အဖြေဟာ (၅) ဖြစ်လိမ့်မယ် ..." ဟု ပြောလိုက်ရာ ဒိဗ္ဗန်သည် လွန်စွာသဘောကျသွားလေ၏။ ထို့ကြောင့် ဒိဗ္ဗန်က–

"ဘယ်လိုဖြစ်တာလဲ ..." ဟု မေးလေ၏။

"ဘယ်လိုဖြစ်တာမှမဟုတ်ဘူး ...၊ အဲဒီအဆင့်အတိုင်း လုပ်လိုက်ရင် ဘယ်တော့ဖြစ်ဖြစ် ငါးပဲ ရတယ်ကွ ...၊ မင်းရဲ့အမေကို သွားပြီး ပြလိုက်ပါဦး ..." ဟု ဆိုသဖြင့် ဒိဗ္ဗန်လည်း မိခင်အား သွား၍လုပ်ပြရာ မိခင်လည်း လွန်စွာသဘောကျသွားလေ၏။ ကျောင်းသို့ရောက်သောအခါ၌လည်း ဒိဗ္ဗန်သည် သူငယ်ချင်းများကို ထိုပြကွက်ကို ပြလေ၏။ ကျောင်းမှ သူငယ်ချင်းများလည်း လွန်စွာသဘောကျကြလေ၏။

ဖာသာကြီးသည် ဒိဗ္ဗန်အား လူလူချင်း ထိုးခုတ်သတ်ပုတ်သော အတတ်ပညာများကို သင်ပေးပြန်၏။ ထိုအတတ်ပညာများထဲတွင် ကြိုးသိုင်းပညာလည်း ပါ၏။ ဖာသာကြီးသည် ဒိဗ္ဗန်အား ကောင်းစွာလေ့ကျင့်ပေးနေလေ၏။ ရေကူးခြင်း၊ ရေငုပ်ခြင်းအတတ်များကိုလည်း လေ့ကျင့်ပေး၏။ ချောတိုင်တက်ခြင်း၊ သစ်ပင်တက်ခြင်း အတတ်များကိုလည်း ကောင်းစွာလေ့ကျင့်ပေးလေ၏။ အဝေးမှနေ၍ ရန်သူအား ဓားဖြင့်ပေါက်ခြင်း၊ လင်းလေး၊ ဒူးလေး၊ လောက်လေး စသည်တို့ဖြင့် ပစ်ခတ်ခြင်းအတတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သင်ကြားလေ့ကျင့်ပေး လေ၏။

ထို့ပြင် မကျန်းမာသူအား ဆေးကုသောအတတ်ကိုလည်း သင်ပေးပြန်၏။ ထိုဆေးကုသောအတတ်တွင် ရှိန်းခိုကျွေး၍ကုသော အတတ်လည်း ပါ၏။ မြွေဆိပ်၊ ကင်းဆိပ်၊ ခွေးရူးဆိပ်ဖြေသော အတတ်ကိုလည်း ကောင်းစွာသင်ကြားပေးလေ၏။ ထို့ပြင် တောထဲတွင် လှည့်လည်နည်း၊ ပုန်းအောင်းနည်း၊ ရေရှာနည်း၊ ရေသန့်နည်း အတတ်ပညာများကိုလည်း သင်ကြားပေး၏။ အမဲလိုက်ခြင်း၊ သားကောင်ကို ထောင်ချောက်ဖြင့် ဖမ်းခြင်း၊ ငြှောင့်ဆင်ခြင်း၊ သုတ်ကိုင်း ဆင်ခြင်း၊ ကြိုးဖြည်၊ ကြိုးဖြုတ်၊ ကြိုးခလုတ်အတတ်များကိုပါ သင်ကြားပေးလေ၏။ ထိုသို့ သင်ကြားပေးသော်လည်း ဒိဗ္ဗနှန်အနေဖြင့် ကျောင်းစာမပျက်ရအောင်လည်း ဖာသာကြီးက ဂရုစိုက်လေ၏။

ထို့ကြောင့် ဒိဗ္ဗနှန်သည် (၄)တန်းတွင် စကော်လားရှစ်ဖြင့် အောင်လေ၏။ (၇)တန်းရောက်သောအခါ၌လည်း စကော်လားရှစ်ဖြင့်ပင် အောင်လေ၏။ (၇)တန်းသို့ ရောက်သောအခါ ဖာသာကြီးက ဒိဗ္ဗနှန်အား စိတ်ညှို့ခြင်းအတတ်၊ အိပ်မွေ့ချခြင်းအတတ်တို့ကိုပါ သင်ပြလေ့ကျင့်ပေးလေ၏။ တန်းကျောင်းသားဘဝတွင် ဒိဗ္ဗနှန်သည် လူလူချင်း ကောင်းစွာညှို့တတ်ပြီဖြစ်၏။ လူကိုသာမက ခွေးများ၊ ကြောင်များကိုပင် ညှို့ခြင်း၊ အိပ်ချခြင်းများကိုပင် လုပ်နိုင်နေပြီ ဖြစ်၏။

ထိုအချိန်၌ ဒိဗ္ဗနှန်အား ဖာသာကြီးက မျက်လှည့်ပညာကို အခြေခံ၍ သင်ကြားပေးလေ၏။ မြေမြှုပ်ခံခြင်း စသည်တို့ကိုလည်း ပြုလုပ်နိုင်အောင် လေ့ကျင့်ပေးလေ၏။ ထိုအတတ်များ၏ လျှို့ဝှက်ချက်ကိုလည်း ပြောပြလေ၏။ ဒိဗ္ဗနှန် (၁၀)တန်းသို့ရောက်သောအခါ၌ အတော့်ကို ပညာစုံနေပြီ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ မိခင်ဖြစ်သူသည် ယောက်ျားပီသ၍ ချောမောလှပသော သားဖြစ်သူ ဒီဗွန်အားကြည့်ကာ လွန်စွာမှ အားရကျေနပ်လျက် ရှိလေ၏။ အဘွားဖြစ်သူ အစီတီကာမှူ ဒီဗွန် (၁၀) တန်းအောင်သောနေ့တွင် ၎င်းအမွေရထားသော ကြောင်မျက်ဖြင့် ကွင်းထားသည့် လက်စွပ်ကို အမွေအဖြစ်ဖြင့် ဒီဗွန်၏ ညာဘက်လက်တွင် ဝတ်ဆင်ပေးလိုက်လေတော့သတည်း . . .။ ။

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၃)

### ဖာသာကြီးက ဒီဗွန်ကိုတာဝန်ပေးပြီ

ဒီဗွန်သည် ဖာသာကြီး၏လေ့ကျင့်မှုဖြင့် ပညာသင်ကြားခဲ့ရာ တက္ကသိုလ်ကျောင်းသားကြီးပင် ဖြစ်နေပြီဖြစ်၏။ ဗာရာဏသီတက္ကသိုလ်တွင် တက်ရောက်သင်ကြားနေပြီဖြစ်၏။ ၎င်းသည် တက္ကသိုလ်၌ သမိုင်းဘာသာရပ်နှင့် ဖီလိုဆိုဖီဘာသာရပ်ကို အဓိကသင်ယူခဲ့လေ၏။ တစ်ခုသော ကျောင်းပိတ်ရက် အိမ်သို့ပြန်လာသောအခါ၌ ၎င်း၏ ဖာသာဘူတာဝါဟာနက –

“ဖေတာ . . . ! ကျောင်းပိတ်လို့ ပြန်လာပြီ၊ မားက ကောင်းကောင်းဟင်းကောင်းချက်ပါကွယ် . . .”ဟု ဆိုသဖြင့် ဖေတာ၏မိခင်ကလည်း ရုံးပတီသီးကို အစာသွပ်၍ နှပ်လေ၏။ ပဲစင်းငုံကို ပေါ်ပတ်ခတ်၍



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကာလေ၏။ ပဲပြားကိုကြော်၍ ဆီပြန်ချက်လေ၏။ သံပုရာသီးသနပ်ကို အမွှေးအကြိုင်များဖြင့် စီမံလေ၏။ သုံးယောက်သား ထမင်းစားကြလေ၏။ ထမင်းစားပြီးသောအခါ၌ အိမ်ရှေ့မြက်ခင်းပြင်တွင်ထိုင်ကာ ဖာသာကြီးက ဒီဗွန်အား စကားပြောလေ၏။

"ဒီဗွန်ရေ ...၊ အခုပြောမယ့်စကားကို လေးလေးနက်နက် နားထောင်နော် ...၊ အလွန်ပဲအရေးကြီးပါတယ်၊ ရှေးနှစ်ပေါင်း (၃၀၀၀) ကျော်က ငါတို့အိန္ဒိယပြည်မှာ လောကီပညာရှင်တွေ စုပေါင်းဖွဲ့စည်းထားတဲ့ ပညာရပ်ဂိုဏ်းကြီးတွေ အမြောက်အမြား ပေါ်ပေါက်ခဲ့တယ်ကွဲ့ ...၊ အဲဒီဂိုဏ်းတွေထဲမှာ 'မြေလျှိုးမိုးပျံ'ဆိုတဲ့ ဂိုဏ်းဟာ အတော့်ကို လူသိများပြီး အောင်မြင်ခဲ့တယ်၊

အဲဒီဂိုဏ်းကြီးမှာ ပါဝင်တဲ့ ဂိုဏ်းသားတွေဟာ လောကီပညာကို နှိုက်နှိုက်ချွတ်ချွတ်တတ်ကြတယ်၊ ဆေးကုတဲ့အတတ်ကိုလည်း တတ်ကြတယ်၊ မျက်လှည့်တွေလည်း တတ်ကြတယ်၊ ဂိုဏ်းသားတွေဟာ သစ္စာလည်း ရှိကြတယ်၊

အဲဒီဂိုဏ်းသားတွေဟာ နှစ်စဉ်မှန်မှန် အိန္ဒိယပြည်မြောက်ပိုင်း ဟိမဝန္တာတောစပ်မှာ တွေ့ဆုံပြီး ပညာတွေ၊ အတွေ့အကြုံတွေ ဖလှယ်ကြတယ်၊ စုပေါင်းပြီး ဥပုသ်ဆောက်ကြတယ်၊ သူတို့ဟာ တန်ဆောင်မုန်းလပြည့်နေ့မှာ စုပေါင်းပွဲတော်ကိုစပြီး ပြာသိုလပြည့်နေ့မှာ လူစုခွဲကြတယ်၊ ကမ္ဘာ့အရပ်ရပ်ကိုလှည့်လည်ပြီး မိမိကြိုက်နှစ်သက်ရာ အသက်မွေးဝမ်းကျောင်းကိုလုပ်ကြတယ်၊ ဂိုဏ်းမှာ အုပ်ချုပ်ဖို့ လူကြီးတစ်ယောက်အမြဲ တမ်းရွေးထားတယ်၊

အဲဒီလူကြီးရွေးပွဲမှာ လျှို့ဝှက်မဲစနစ်နဲ့ လုပ်လေ့ရှိတယ်၊ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့လူဟာ အဲဒီဂိုဏ်းကို အုပ်ချုပ်ရတယ်၊ အဲဒီလိုနဲ့ ဂိုဏ်းဟာ အဆင့်ဆင့် လူကြီးပြောင်းပြီး နှစ်တွေရှည်ကြာခဲ့တယ်၊ အဲဒီဂိုဏ်းမှာ အရေးကြီးတဲ့ ကျမ်းစာအုပ်နှစ်အုပ် ရှိတယ်၊ တစ်ခုသော ကျမ်းစာအုပ်ကတော့ သူတို့ဂိုဏ်းမှာ အသုံးပြုတဲ့ လောကီပညာတွေကို မှတ်တမ်းတင်ရေးမှတ်ထားတဲ့ ပညာကျမ်းပဲ၊ တစ်ခုသောကျမ်းကတော့ ရိုးရိုးအဖိုးမတန်တဲ့ သတ္တုကနေ ရွှေဖြစ်အောင် မီးနဲ့ကစားတဲ့ အတတ်ပညာပါတယ်၊ ဂိုဏ်းကပိုင်တဲ့ ရတနာပစ္စည်းတွေ လျှို့ဝှက်ထားတဲ့ မြေပုံတွေပါတယ် ...၊

ပညာကျမ်းကြီးကိုတော့ လက်ယာလို့ ခေါ်လေ့ရှိတယ် ...၊ ရတနာတွေဝှက်ထားတဲ့ မြေပုံတွေပါတဲ့၊ ရွှေလုပ်တဲ့နည်းတွေပါတဲ့ ကျမ်းကြီးကိုတော့ လက်ဝဲလို့ သူတို့က ခေါ်ကြတယ်၊ လူတွေစုံတဲ့ မြေလျှိုးမိုးပျံပွဲတော်စခါနီးပြီ၊ အသင်းရဲ့လူကြီးဟာ အဲဒီကျမ်းကြီးနှစ်စောင်ကို အသင်းသားတွေကိုထုတ်ပြီး ပြရတယ် ...၊ ပြီးမှ အဲဒီကျမ်းကြီးနှစ်စောင်ကို မိမိဝှက်လိုရာမှာ ပြန်ပြီးဝှက်ထားရတယ်၊

အဲဒီအဖွဲ့အစည်းရဲ့ နောက်ဆုံးခေါင်းဆောင်ဟာ ဖာသာကြီးပဲ၊ ဖာသာကြီးမတိုင်မီ လုပ်သွားတဲ့ခေါင်းဆောင်ကြီးအလှည့်မှာ အဲဒီကျမ်းကြီးနှစ်စောင်ဟာ ပျောက်ချင်းမလှ ပျောက်သွားတယ်၊ အဲဒီ ကျမ်းကြီးနှစ်စောင် ပျောက်သွားတဲ့အတွက် ခေါင်းဆောင်လုပ်တဲ့လူဟာ သူ့ရဲ့နေရာကနေ နှုတ်ထွက်ပေးရတယ်၊ အဲဒီလို နှုတ်ထွက်တဲ့အခါမှာ ဖာသာကြီးကိုဝိုင်းပြီးတော့ အဖွဲ့ဝင်တွေက ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်လိုက်တယ်၊

ခေါင်းဆောင်ဟောင်းအဘိုးကြီးကတော့ သူ့မှာတာဝန်ရှိတယ်၊ ကျမ်းကြီးနှစ်စောင်ပျောက်သွားတာ သူ့တာဝန်ဆိုပြီး အဲဒီနေ့မှာပဲ သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သူ သတ်သေလိုက်တယ် ...၊ သူ့ရဲ့အလောင်းကို အဖွဲ့သားတွေ နှစ်ဆောင်
ဆုံတဲ့နေရာမှာ ဂူသွင်းထားတယ်၊ အဲဒီခေါင်းဆောင်ကြီးရဲ့နာမည်က 'ဝိဘ်
ကာ' တဲ့ ...၊ အဖွဲ့ဝင်တွေဟာ အဲဒီနေရာကို ရောက်တိုင်း ဝိတ်ကာရဲ့
အုတ်ဂူကို အရိုအသေပေးကြတယ်၊ ကျမ်းကြီးကို ခိုးသွားတဲ့ မသမာသူ
တွေကိုလည်း ကမ္ဘာအနှံ့ရှာကြတယ်၊

အဲဒီလိုရှာတဲ့အထဲမှာ ဖာသာကြီးလည်း ပါတယ်၊ ဒါပေမဲ့ နှစ်တွေ
ကြာလာခဲ့ပြီ၊ ကြတော့လည်း အဖွဲ့ဝင်တွေဟာ အဖွဲ့အပေါ်မှာ အယုံအကြည်
နည်းလာပြီး စုစည်းလို့မရတော့ဘူး၊ နှစ်စဉ်ကျင်းပတဲ့ အဖွဲ့ဝင်တွေ ဆုံပွဲ
လည်း ပျက်သွားတယ်၊ အဖွဲ့သားတွေလည်း စုစည်းလို့မရတော့ဘူး၊ ဖာသာ
ကြီးဟာ ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပါတယ်၊ ဒါပေမဲ့
အဖွဲ့ကို ပြန်လည်မစုစည်းနိုင်တော့ဘူး၊ ပြည်လည်စုစည်းဖို့ဆိုတာက
လည်း ကျမ်းစာအုပ်ကြီးကို ခိုးသွားတဲ့ သစ္စာဖောက်ကို မိမှ၊ ကျမ်းစာအုပ်ကို
ပြန်ရမှ အဖွဲ့သားတွေကို ပြန်ပြီးစုစည်းလို့ရမှာ ...၊

ဖာသာကြီး အဲဒါကို မဆောင်ရွက်နိုင်ခဲ့ဘူး၊ ဒါကြောင့် ဖာသာကြီး
နဲ့ မင်းအမေ အိမ်ထောင်ပြုတဲ့နေ့မှာပဲ မင်းကို အားကိုးပြီး ဒီသစ္စာဖောက်ကို
ရှာမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒီကျမ်းစာအုပ်ကြီးတွေ ပြန်ရအောင်ရှာပြီး
အဖွဲ့သားတွေ ပြန်လည်စုစည်းမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဖာသာကြီးပြောချင်
တဲ့ စကားဟာ ဒါပါပဲ ...၊ ဖာသာကြီး မအောင်မြင်ခဲ့တာကို ငါ့သားကြီး
ဗေတာက မရမက ကြိုးစားပေးမယ် မဟုတ်လား ...''ဟု မေး၍ ဖာသာ
ကြီးက ဒီဗွန်၏မျက်နှာကို အကဲခတ်သလို ကြည့်လိုက်လေ၏။ ဒီဗွန်သည်
အောက်နှုတ်ခမ်းကို သွားဖြင့် ကိုက်ပြီးနောက် –

''ကျွန်တော် အခု ဗာရာဏသီက တက္ကသိုလ်မှာ ကျောင်းတက်


www.burmeseclassic.com

www.burmeseclassic.com



နေတယ်လေ၊ နောက်နှစ်ဆိုရင် ဘွဲ့ရပါပြီ၊ အဲဒီတာဝန်တွေအားလုံး ကျွန်တော့်ပုခုံးပေါ်မှာ တင်လိုက်ပါ ...၊ ကျွန်တော် လုပ်ပေးပါ့မယ်၊ သစ္စာဖောက်ကို မိတဲ့အခါ ဖာသာကြီးတို့က ဘယ်လောက်အထိ အပြစ်ပေးကြမှာလဲ ...'' ဟု မေးလိုက်လေ၏။ ထိုအခါ ဖာသာကြီးက –

''သူ့ကြောင့် ငါတို့ရဲ့အဖွဲ့ခေါင်းဆောင်ဝိတ်ကာ သေသွားပြီပဲကွာ...၊ အဲဒီတော့ သူ့ကိုလည်း သေဒဏ်ပေးရမှာပေါ့ ...''ဟု အောင်မြင်ပြတ်သားသောအသံဖြင့် ပြန်၍ဖြေလိုက်လေ၏။

''ဒီလိုဆိုရင် သစ္စာဖောက်ကို ရှာရုံနဲ့ မပြီးသေးဘူး ဖာသာကြီး၊ ကျွန်တော်ဟာ လူသတ်မှုကို ကျူးလွန်ရတော့မယ် ...'' ဟု ပြောလိုက်ရာ ဖာသာကြီးက –

''သေချာတာပေါ့ ဗေတာရယ် ...၊ လူသတ်မှုကို ကျူးလွန်ပြီဆိုကတည်းက မင်းလည်း ဘယ်သက်သာလိမ့်မလဲ၊ ဥပဒေဆိုတာရှိတယ်လေကွာ ...၊ စက်တိုင်တက်ရမှာပေါ့ ...၊ ဒီကစားပွဲက လောင်းကြေးကြမ်းတယ်ကွ ...၊ အသက်ချင်းထပ်ပြီးလောင်းရမှာ၊ ဒါပေမဲ့ ဗေတာ့ကို တစ်ခုပြောလိုက်မယ်၊ ဥပဒေဆိုတာ လူ့အဖွဲ့အစည်းအတွက် ထားရတာကွ ...၊ ချစ်ခြင်းမေတ္တာတို့၊ ရက်စက်မှုတို့ဆိုတာက တစ်ဦးတစ်ယောက်ချင်းရဲ့ ခံစားမှုနဲ့ဆိုင်တာကွ ...၊ မင်းဟာ လူတစ်ယောက်ကို ချစ်ခွင့်ရှိတယ်၊ ထို့အတူ မုန်းခွင့်ရှိတယ်၊ မုန်းခွင့်ရှိတယ်ဆိုပေမဲ့ သတ်ခွင့်တော့မရှိဘူးကွ ...၊ ဥပဒေက လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး။ မင်းကျူးလွန်နဲ့ပြစ်မှုအလိုက် မင်းကို အပြစ်ပေးလိုက်မှာပဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



> Law is for the Society.
>
> Love and hate is for the individual.

ဟု ပြောလိုက်လေ၏။ ဒိဗ္ဗန်၏ နှလုံးသားတွင် ဖာသာကြီး၏ စကားများသည် နစ်၍နစ်၍ ဝင်သွားပြီဖြစ်၏။ ထို့ကြောင့် မြေကြီးကို ညာလက်ဖြင့် ဆုပ်၍ –

"ဖာသာကြီးတို့အတွက် သစ္စာဖောက်ကို ဖမ်းပေးမယ်၊ ဇီဝိန် ခြွေပေးမယ်လို့ ကမ္ဘာမြေကြီးကို သစ္စာပြုပါတယ် ..." ဟု ပြောလိုက်ရာ ဖာသာကြီးဖြစ်သူ ဆရာဘူတာဝါဟနသည် အားရလွန်းသဖြင့် ဒိဗ္ဗန်အား –

"ဒါမှ ငါ့သား ..." ဟု ဆိုကာ သိုင်းဖက်၍ နမ်းရှုံ့လိုက်လေ၏။ ထိုသို့ပြုလုပ်ရင်း ပီတိဖြစ်လွန်းသောကြောင့် မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာလေ၏။

ထိုအချိန်၌ ဒိဗ္ဗန်၏မိခင် ကရုဏာသည် အနီးသို့ရောက်လာပြီးလျှင် –

"သားအဖနှစ်ယောက် ဘာတွေပြောပြီး သဘောကျနေကြတာလဲ ..." ဟု မေး၍ အနီးသို့ ဝင်ထိုင်လေ၏။ ထိုအခါ ဒိဗ္ဗန်က ၎င်းမိခင်၏ ပုခုံးကို ကိုင်ကာ –

"မားရဲ့ချစ်သူကို ဖေတာက အကောင်းဆုံးလက်ဆောင်ပေးနေတာပါ၊ မားလည်းပျော်တော့ ...၊ ဖာသာကြီး အတော်ပျော်သွားပြီ ..." ဟု ပြောလိုက်လေ၏။ ထိုအခါ ကရုဏာက –



www.burmeseclassic.com

www.burmeseclassic.com




“ဗေတာကလည်းကွယ် ...၊ ဖာသာကြီးကိုပဲ လက်ဆောင်ပေးသလား ...၊ မားကိုရော လက်ဆောင်မပေးတော့ဘူးလား” ဟု မေးလိုက်ရာ ဒီဗွန်က –

“ကောင်းကင်ကနေ မားကို ကျွန်တော့်လိုသားမျိုးတစ်ယောက် မွေးလိုက်တာဟာ အကောင်းဆုံးလက်ဆောင်မဟုတ်ဘူးလား မားရယ် ...” ဟု ပြောလိုက်လေတော့သတည်း ...။ ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၄)

### ဓိဖွန်ရှန်တူနိုဝ်ဖိုးရောက်ပြီ

ဖာသာကြီးက ဒိဗ္ဗန်အား –

"ဗေတာ ... လူကလေး၊ မင်း သေသေချာချာနားထောင်၊ ရတနာသိုက်မြေပုံတို့၊ ရှေးဟောင်းပညာရပ်တွေ၊ ကျမ်းစာအုပ်တွေကို စိတ်ဝင်စားတဲ့လူတစ်ယောက်ရှိတယ်ကွ ...၊ အဲဒါတွေရမယ်ဆိုရင် အသက်ကိုတောင် စွန့်မယ်ဆိုတဲ့လူပေါ့ကွာ ...၊ အဲဒီလူက လူတော်ကွ၊ သူ့နာမည်က စနေမောင်မောင်လို့ ခေါ်တယ်၊ အလွန်ကျစ်လျစ်သိပ်သည်းတဲ့ စနေဂိုဏ်းကြီးက ကျမ်းစာအုပ်ကို ရအောင်ခိုးသွားတာ သူပေါ့ကွ ...၊

ငါတို့ရဲ့ မြေလျှိုးမိုးပျံအဖွဲ့က လက်ယာကျမ်းနဲ့ လက်ဝဲကျမ်းကို ခိုးသွားတာလည်း သူ့လက်ချက်ပဲဖြစ်မှာပဲ၊ ဒါပေမဲ့ သူက ကိုယ်တိုင် မလုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးကွ၊ သူ အကျအန လေ့ကျင့်ပေးထားတဲ့ အင်္ဂါမောင်မောင်ဆိုတဲ့ ကောင်ကို ခိုင်းတာကွ ...၊ သူတို့လက်ထဲမှာပဲ ဒီကျမ်းစာအုပ်ကြီး နှစ် အုပ်ရောက်သွားတာ သေချာတယ်၊ စနေမောင်မောင်ကို တစ်ဖက် သတ် ကြိုက်နေတဲ့ ဘီဘီဆိုတဲ့ မဂိုမလေးလည်း ပါတယ်ကွ၊ အဲဒီကောင်မလေးက စနေဂိုဏ်းသားကွ ...၊

သူတို့လူစုဟာ ရန်ကုန်မှာ ချိန်းပြီးတွေ့ကြလိမ့်မယ်၊ ပြီးတော့ လက်ဝဲစာအုပ်မှာပါတဲ့ ရတနာတွေရှိတဲ့ မြေပုံအတိုင်း ရှာကြလိမ့်မယ်၊ အဲဒါ ကို ဗေတာက လက်ဦးမှုရအောင် လုပ်ဖို့လိုတယ်၊ စနေမောင် မောင်ရဲ့ တပည့် အင်္ဂါမောင်မောင်ဆိုတာက မြစ်ဝကျွန်းပေါ်သားကွ၊ သူဟာ သူဌေး သားတစ်ယောက်ဖြစ်တယ်၊ သူ့အမေက ဆန်စက်တွေ၊ ဆီစက်တွေ ပိုင် တယ်၊ ပြီးတော့ သူက အဲဒီလျှို့ဝှက်ပညာရပ်တွေ၊ လျှို့ဝှက်ရတနာမြေပုံ တွေကို အလွန်ပဲ စိတ်ဝင်စားတဲ့အတွက် ဘွန်ဟောင်းဆိုတဲ့ ဘိန်းစား တစ်ယောက်နဲ့ပတ်သက်ပြီး စနေမောင်မောင်ဆီကို ရောက်သွားတာကွ ...၊

စနေမောင်မောင်က သူ့ကို တို့ရဲ့ဂိုဏ်းသားအဖြစ် ယုတ္တိရှိရှိ သွတ်သွင်းပြီး ငါတို့အတွက် အင်မတန်အရေးကြီးတဲ့ ကျမ်းစာအုပ်နှစ်အုပ် ကို ခိုးသွားတာ ...၊ သူ့နာမည်ရင်းက မောင်မောင်လေးတဲ့၊ သူ့အမေ ပိုင်တဲ့ ဆန်စက်နဲ့ ဆီစက်နာမည်က 'နဝင်း'တဲ့ ..၊ မဟုတ်မှ လွဲရော ..၊ မင်းနဲ့ဆွေမျိုးစပ်ရင် ညီအစ်ကိုတစ်ဝမ်းကွဲလောက်တောင် တော်ချင်တော် နေမယ်၊ ပိုပြီးသေချာအောင် မင်းရဲ့မားမားကို မေးကြည့် ...'' ဟု ဆိုလေ ၏။ ထို့ကြောင့် ဒိဗ္ဗန်လည်း ၎င်း၏မိခင် ကြီးထံမှ ဆွေစဉ်မျိုးဆက်ယား ကိုမေးရာ ၎င်းအဘိုး ဦးမင်းလွင် ဆောက်လုပ်ထားသော အိမ်ကြီးနှင့် ဆန် စက်၊ ဆီစက်၊ သစ်စက်၊ ကူးတို့သင်္ဘောတို့ကို ပိုင်ဆိုင်ကြောင်း သိရလေ



www.burmeseclassic.com

www.burmeseclassic.com



## ဘုလင်းနှင်းမောင်နှင့် မြွေလျှိုးမိုးပျံဒိပ္ပန်

၏၊ ၎င်းအဘိုး၏ ခယ်မဖြစ်သူ 'မလေး'မှာလည်း အသက်ကြီးကာမှ အုန်းကြီးလူထွက်တစ်ဦးနှင့် အိမ်ထောင်ကျလေ၏။

ထိုအိမ်ထောင်နှင့်ပင် သားတစ်ယောက် မွေးဖွားလေ၏။ ထိုသား ၏အမည်မှာ 'မောင်မောင်လေး'ဟူ၍ ဖြစ်၏။ စနေမောင်မောင်၏တပည့် အင်္ဂါမောင်မောင်ဆိုသည်မှာ ၎င်းပင် ဖြစ်၏။ ခရစ်ယာန် သာသနာပြု ကျောင်းတွင် (၁၀)တန်းအထိ တက်ရောက်ပြီးနောက် ကျောင်းဆက်၍ မတက်တော့ဘဲ အင်္ဂလိပ်အတတ်၊ ဆေးအတတ်၊ ဂါထာမန္တယားအတတ် တို့ကို လိုက်စားသွား၏။ ၎င်းမောင်မောင်လေးသည် အင်္ဂါသားဖြစ်၏။ အင်္ဂါနေ့နံနက် (၆)နာရီကျော်ကျော်တွင် မွေးဖွားသောကြောင့် အင်္ဂါအခါ၌ပင် မွေးခြင်းဖြစ်၏။ ၎င်းသည် မည်သည့် အလုပ်ကိုလုပ်သည်ဖြစ်စေ အင်္ဂါအခါကို ရွေး၍လုပ်တတ်၏။ ဤသည်ကိုအကြောင်းပြု၍ လောကီ ပညာလိုက်စားသောနယ်ပယ်တွင် အင်္ဂါမောင်မောင်ဟု အမည်တွင်သွား ခြင်းဖြစ်၏။

ဒိပ္ပန်သည် ဖာသာကြီးထံမှ သဲလွန်စရသွားသောအခါ ရှက် သဘော်ဖြင့် ကာလကတ္တာမှနေ၍ မြန်မာပြည် ပုသိမ်ဆိပ်ကမ်းသို့ ကူး လာခဲ့လေ၏။ ပုသိမ်သို့ရောက်လျှင် ထိုမှတစ်ဖန် မြို့ရွာအသီးသီးသို့ စုံစမ်း ရာ နဝင်းဆန်စက်၊ နဝင်းသစ်စက်တို့ကို ပိုင်ဆိုင်သော နဝင်းအိမ်ကြီးရှိ ရာသို့ ရောက်သွားလေ၏။ ဒိပ္ပန်သည် ထိုအရပ်ဒေသသို့ ရောက်သွားသော အခါ၌ မြန်မာစကားတတ်သော အိန္ဒိယလူမျိုး လက္ခဏာဆရာအဖြစ် ဟန်ဆောင်ကာ နဝင်းအိမ်ကြီးကို ချဉ်းကပ်လေ၏။

ထိုအိမ်ကြီးတွင် ယခုအခါ ဒေါ်မလေးက အကြီးအကဲဖြစ်နေ ပြီဖြစ်ရာ များမကြာမီ၌ပင် ဒိပ္ပန်သည် ဒေါ်မလေးနှင့် ရင်းနှီးသွားလေတော့

www.burmeseclassic.com

www.burmeseclassic.com

ဝေ၏။ ထိုသို့ရှင်းနိုးသည်ဆိုသည်နှင့်တစ်ပြိုင်နက် အင်္ဂါမောင်မောင်အကြောင်း ကို စုံစမ်းလေ၏။ ထိုသို့စုံစမ်းရာ ဒေါ်မလေးက –

"ဆရာဒိဗ္ဗန်ရေ …၊ အန်တီတို့အမျိုးက အဆန်းပဲ၊ ဒီနဝင်း အိမ်ကြီးရဲ့ မူလပိုင်ရှင်ဟာ ဦးမင်းလွင်တဲ့ …၊ ဆေးဆရာကြီး၊ အဲဒါ အန်တီအစ်မ မကြီးကြီးရဲ့ယောက်ျား၊ သားကလေးတစ်ယောက်တည်း ထွန်းကားတယ်၊ နဝင်းတဲ့ …၊ နဝင်းဟာ အိန္ဒိယပြည်ကနေ အထည်လာရောင်းတဲ့ ကရုဏာဆိုတဲ့ ကုလားမလေးတစ်ယောက်နဲ့ မေတ္တာရှိကြတယ် မိဘက သဘောမတူတဲ့ကြားထဲက အဲဒီကုလားမလေးနဲ့ အိန္ဒိယပြည်ကို လိုက်သွားတယ်၊ ဆွေပြတ်မျိုးပြတ်ပေါ့ …၊ လောကကြီးမှာ နဝင်းရှိနေသလား၊ သေပြီလားဆိုတာလည်း အန်တီ တို့ မသိပါဘူး …၊ တစ်ခါတည်း အဆက်အသွယ်ပြတ်သွားပြီကိုး။

အဲဒီလိုပဲ …၊ နဝင်းအနေနဲ့လည်း သူ့အဖေ ဆေးဆရာကြီး ဦးမင်းလွင်နဲ့ ဒေါ်မကြီးကြီးတို့ ကွယ်လွန်အနိစ္စရောက်တာကိုလည်း မသိပါဘူး။ ဦးမင်းလွင်နဲ့ အစ်မကြီး မကြီးကြီးတို့ ကွယ်လွန်တဲ့အခါမှာ သူတို့လင်မယားရဲ့ အမွေအနှစ်တွေကို အန်တီပဲ ယူလိုက်ရတာပေါ့ …၊ အန်တီကလည်း အပျိုကြီးအဖြစ်နေလာပြီးမှ အိမ်ထောင်ပြုလိုက်တယ်၊ သားကလေးတစ်ယောက် ထွန်းကားတယ်၊ အဲဒီသားကလေးကလည်း နဝင်းထက်တောင် ဆိုးသေးတယ်၊

(၁၀)တန်းထိ အင်္ဂလိပ်ကျောင်းမှာနေတယ်၊ (၁၀)တန်းရောက်တဲ့နှစ်မှာပဲ အဂ္ဂိရတ်တွေ လိုက်စားလိုလိုက်စား …၊ ပြီးတော့ ဘွန်ဟောင်းဆိုတဲ့ တရုတ်ဘိန်းစားတစ်ယောက်နဲ့ ပေါင်းမိပြီး အင်းအိုင် ခလည်း၊ လက်ဖွဲ့ မန္တာန်တွေ လိုက်စားလိုလိုက်စားနဲ့ အဲဒီပညာရပ်တွေကို ဘိန်းစွဲသလို စွဲ



www.burmeseclassic.com

www.burmeseclassic.com





သွားပြီး (၁၀)တန်းတောင် မဖြေတော့ဘူး၊ နောက်ဆုံးမှာ ဘွန်ဟောင်းရဲ့ဆရာ စနေမောင်မောင်နဲ့တွေ့ပြီး အပြီးပျောက်သွားတော့တာပဲ ...၊

အဲဒီစနေမောင်မောင်ဆိုတာကလည်း ခေတ်ပညာတတ်၊ ခေတ်သစ်သိုက်ဆရာတစ်ယောက်ဆိုပဲ၊ သူတို့လောကမှာတော့ အဒေါ့်သား မောင်မောင်လေးဟာ စနေမောင်မောင်ရဲ့ ညာလက်ရုံး အဂ်ါမောင်မောင်ဆိုပြီး နာမည်ကြီးနေပြီတဲ့ ...၊ ဟောဟိုမှာချိတ်ထားတဲ့ဓာတ်ပုံဟာ သူ့ဓာတ်ပုံပါပဲ ...'' ဟု ဆိုသဖြင့် ဒိဗ္ဗန်လည်း မောင်မောင်လေးခေါ် အဂ်ါမောင်မောင်၏ဓာတ်ပုံကို မျက်စိထဲတွင် မှတ်မိစေရန် ကြည့်ရှု၍ မှတ်သားလေ၏။ ထို့နောက် ဒိဗ္ဗန်က –

''ဟုတ်ပါပြီ အန်တီရယ် ...၊ အန်တီ့သား အဂ်ါမောင်မောင် ဘာတွေလုပ်နေသတဲ့တုံး ...'' ဟု မေးလိုက်ရာ ဒေါ်မလေးက –

''အန်တီလည်း အတိအကျတော့ မသိပါဘူး၊ အဒေါ့်သားဟာ သူ့ဆရာ စနေမောင်မောင်ရဲ့ ခိုင်းစေချက်ကြောင့် မြေလျှိုးမိုးပျံဆိုတဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းရဲ့ ရတနာပစ္စည်းတွေထားတဲ့ မြေပုံစာအုပ်ကြီးကို သွားပြီးခိုးယူခဲ့တယ်ဆိုပဲ၊ ပြီးတော့ သူတို့ဟာ အဲဒီစာအုပ်ကြီး အားကိုးနဲ့ ရတနာပစ္စည်းတွေကို ရှာကြမယ်တဲ့ ...၊ တွေ့ခဲ့ရင်တော့ ကမ္ဘာပေါ်မှာ သူတို့လောက်ချမ်းသာတဲ့လူ မရှိနိုင်တော့ဘူးလို့လည်း ပြောတယ်

အဲဒါတွေကလည်း အန်တီ့အနေနဲ့သိတာမဟုတ်ဘူး၊ ဘိန်းစား ဘွန်ဟောင်းဟာ ဘိန်းပြတ်ပြီး ရောဂါတွေနဲ့ ဒီကိုရောက်လာတယ်၊ အဒေါ်က သူ့ကို ဘိန်းနည်းနည်းပြန်ကျွေးပြီး ဆေးကုပေးတယ်၊ အဒေါ်တို့ အဒေါ့်အစ်မယောက်ျား ဦးမင်းလွင်ဆီက နဝင်းဆေးကုနည်းကို နည်းနည်း ပါးပါး ရထားတယ်၊ အန်တီပြောတာတွေဟာ ဘွန်ဟောင်းဆီက ကြားရ

www.burmeseclassic.com

တာတွေပါ ...၊ သူတို့ဆရာတပည့်နှစ်ယောက်ကို စနေဂိုဏ်းဆိုတာ ရော၊ မြေလျှိုးမိုးပျံဂိုဏ်းဆိုတာကရော မြေလှန်ပြီး ရှာနေကြတယ်၊ တွေ့ ရင်တော့ သူတို့အသက်ကို ဖက်နဲ့ထုပ်ထားဖို့ပဲ ရှိတော့တယ် ...'' ဟု ပြောပြလေ၏။

ဒိဗ္ဗန်သည် ဒေါ်မလေးထံမှ သဲလွန်စရပြီးနောက် မောင်မောင်လေး ခေါ် အဂ္ဂါမောင်မောင်အားရှာရန်အတွက် ရန်ကုန်မြို့သို့ တက်လာခဲ့လေ ၏။ ရန်ကုန်သို့ရောက်လျှင် ရထားလုံးမောင်းသော နာတာရမ်းဆိုသည့် ကုလားတစ်ဦးအား မိတ်ဖွဲ့စည်းရုံးကာ နာတာရမ်းနှင့် အတူနေလေ၏။ နာတာရမ်း၏ရထားလုံးကို ၎င်းက ယူ၍မောင်း၏။ နာတာရမ်းက အိမ်တွင်နေကာ ထမင်းဟင်းချက်ပြုတ်၏။ နာတာရမ်းနေထိုင်မကောင်းသော အခါ၌ ဒိဗ္ဗန်က ကိုယ်ဖိရင်ဖိ ပြုစုလေ၏။ ရှိန်းခိုများကျွေးကာ ဆေးကုလေ ၏။

ထို့ကြောင့် နာတာရမ်းသည် ဒိဗ္ဗန်အား များစွာခင်မင်အားကိုး လေတော့သတည်း ...။ ။

※ ※ ※ ※ ※



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၅)
## ဒိဗ္ဗာနံ အင်္ဂါဓာတ်ဓာတ်နှင့်တွေ့ပြီ

နာတာရှမ်းနှင့် ဒိဗ္ဗနံသည် ရထားလုံးကို တစ်လှည့်စီ မောင်းကြရလေ၏။ နာတာရှမ်းမောင်းသောနေ့တွင် ဒိဗ္ဗနံက ထမင်းဟင်း ချက်ရ၏။ ဒိဗ္ဗနံမောင်းသော နေ့တွင် နာတာရှမ်းက ထမင်းဟင်း ချက်ရလေ၏။ နာတာရှမ်း၏ နေအိမ်သည် ဒိုဘီလိုင်းရှိ အိမ်စုကလေးများတွင် ဖြစ်၏။ အိမ်၏နံရံကို နောက်ချေး၊ ရွှံ့တို့ဖြင့် မံထားလေ၏။ အိမ်တွင်းရှိမြေကြီးကိုလည်း ထို အတိုင်းပင် မံထားလေ၏။

ဒိဗ္ဗနံ ရထားလုံးမောင်းသောအလှည့်တွင် ဟိုတယ်များအနီး၌ ရထားလုံးကို ရပ်ထားတတ်၏။ တစ်နေ့တွင် ဟိုတယ်မှထွက်လာသော လူတစ်ယောက်သည် ဒိဗ္ဗနံ၏ရထားလုံးကို ငှားရမ်း၍ စီးလေ၏။ ဒိဗ္ဗနံသည်



www.burmeseclassic.com

www.burmeseclassic.com

ထိုသူကို ကောင်းစွာသိ၏။ ထိုသူမှာ ၎င်းရှာနေသော မောင်မောင်လေး ခေါ် အင်္ဂါမောင်မောင်ပင် ဖြစ်၏။ ဒီဗွန်သည် ထိုသူ သွားလိုသောနေရာ များကို တစ်ခုပြီးတစ်ခု လိုက်၍ပို့ရ၏။ ထိုသူသည် ဟိုတယ်များကို လိုက် ၍ပို့ခိုင်းခြင်းဖြစ်၏။ နောက်ဆုံးပို့ခဲ့ရသော ဟိုတယ်မှာ ပင်လယ်သူရဲကောင်း ဆိုသော ဟိုတယ်ဖြစ်၏။

အင်္ဂါမောင်မောင်သည် သောက်လက်စအရက်ပုလင်းကိုကိုင်၍ ရထားလုံးအနီးသို့ ကပ်လာ၏။ ထို့နောက် ဒီဗွန်အား ကုလားစကားဖြင့် အောက်ပါအဓိပ္ပာယ်ရသောစကားကို ပြောလေ၏။

"ဟေ့ ဂါရီဝါလား ...၊ မင်းကတော့ ဒီနေ့အဖို့ ပိုက်ဆံတွေ အများကြီးရပြီမှတ် ...၊ ငါ စပြီးစီးခဲ့တဲ့ မိုးပြာရောင်ဟိုတယ်ကို ပြန်ပို့ ပေး ..." ဟု ဆိုကာ ရထားလုံးတံခါးကို ဖွင့်လေ၏။ ထိုအခါ၌ ဒီဗွန်သည် ထိုသူ၏ နံကြားသို့ လူချင်းကပ်ခါ ဓားမြှောင်ဖြင့် ထောက်လိုက်ပြီးနောက်–

"ဒီမှာ ကိုမောင်လေး ...၊ ရထားလုံးထဲမှာ ခင်ဗျားတစ်ယောက် တည်းစီးရတာ ပျင်းဖို့ကောင်းလိုက်တာဗျာ ...၊ ကျုပ်နဲ့အတူ အမိုးပေါ် မှာ လိုက်ပြီးစီးပါဗျာ ...၊ လေလေး တဖြူးဖြူးနဲ့ အရသာ ရှိပါတယ်" ဟု ပြောကာ ဓားမြှောင်ဦးချွန်ကို နံကြားအတွင်းသို့ စူးအောင်လုပ်လိုက်လေ ၏။ ထိုအခါ မောင်မောင်လေးခေါ် အင်္ဂါမောင်မောင်က –

"ဟေ့ ဂါရီဝါလား ...၊ မင်း ငါ့ကို ဘယ်ကိုခေါ်သွားမလို့လဲ" ဟု မေးလေ၏။

"ဘယ်ကိုပဲခေါ်သွားခေါ်သွား ခင်ဗျားလိုက်ရမယ်၊ မလိုက်ရင်တော့ နံကြားထဲကို ဓားမြှောင်က အဆုံးဝင်သွားမယ်၊ ခင်ဗျား ခုခံဖို့လည်း မကြိုး စားနဲ့၊ ခင်ဗျား ကျုပ်ကို မနိုင်နိုင်ဘူး၊ ကျုပ်က အများကြီး လေ့ကျင့်ထား



www.burmeseclassic.com

www.burmeseclassic.com





တာ ...၊ အော်ဖို့လည်း မကြိုးစားနဲ့၊ အော်လိုက်တာနဲ့ ခင်ဗျားအသံနဲ့ အတူ ကျုပ်ရဲ့ဓားမြှောင်ဟာ ခင်ဗျားနံကြားထဲကို တဆုံးတစ ဝင်သွားလိမ့်မယ်၊ ကျုပ် အကောင်းဆုံးပြောချင်တာက ခင်ဗျား ငြိမ်ငြိမ်ကလေး လိုက်ခဲ့ပါ ...၊ ရထားလုံးအမိုးပေါ်ကနေ ခုန်ချပြီး ထွက်ပြေးဖို့လည်း မကြိုးစားနဲ့ ...၊ ခင်ဗျား ကျုပ်ကို လွတ်အောင် မပြေးနိုင်ဘူး၊ ခင်ဗျားအကြောင်းကို ကျုပ် အားလုံးသိပြီးပြီ ...၊

ဘွန်ဟောင်းနဲ့လည်း ကျုပ် တွေ့ပြီးပြီ၊ ဘွန်ဟောင်းဟာ ခင်ဗျား အမေ ဒေါ်မလေးဆီမှာ ဆေးကုခံနေတယ်၊ ရောဂါတွေကလည်း မွနေတာပဲ ...၊ ဒီကြားထဲ ဘိန်းပြတ်သွားတဲ့ ရောဂါကလည်း ပါသေးတယ်၊ ခင်ဗျား အမေ ဒေါ်မလေးက သူ့ကို ဘိန်းနည်းနည်းချင်းကျွေးပြီး ခင်ဗျားဘကြီး ဦးမင်းလွင်ဆေးကုတဲ့နည်းနဲ့ ကုပေးနေရတယ်၊ ခင်ဗျား သိပ်ပြီးမအံ့ဩပါနဲ့ ...၊ ကျုပ်ပြောစရာ ရှိသေးတယ်၊ ခင်ဗျားတို့အမျိုးထဲက ပျောက်ချင်းမလှ ပျောက်သွားတဲ့ ဦးနဝင်းဆိုတာ ခင်ဗျား ကြားဖူးမှာပေါ့ ...၊ အဲဒီ ဦးနဝင်းဟာ ကျုပ်ရဲ့ အဖေပဲ၊

အဲဒီတော့ ခင်ဗျားနဲ့ကျုပ်နဲ့ ဆွေမျိုးစပ်လိုက်ရင် ညီအစ်ကိုတောင် တော်တယ်၊ ခင်ဗျားအမေ ဒေါ်မလေးဟာ ကျုပ်ရဲ့အဒေါ်ပဲ၊ အရေးကြီးတော့ သွေးနီးရာတဲ့ ...၊ ခင်ဗျားကို ခင်ဗျားဆရာ စနေမောင်မောင်က ဒီရက်အတွင်းမှာ အပြတ်ရှင်းလိမ့်မယ်၊ ရတနာပစ္စည်းတွေကို သူနဲ့ မဂိုမဘီဘီတို့ ယူကြလိမ့်မယ်၊ ဒါကြောင့် ခင်ဗျားအသက်ကို ကယ်ဖို့ခေါ်လာရတာ ...'' ဟု ပြောလိုက်ရာ အင်္ဂါမောင်မောင်က –

''ဒီလိုဆိုတော့လည်း ကျေးဇူးတင်ရမှာပေါ့လေ ...၊ ပြီးတော့ ကျုပ်နဲ့ ခင်ဗျားနဲ့ဟာ ဆွေမျိုးအရင်းကြီးပဲ၊ ကျုပ်အမေဟာ ခင်ဗျားရဲ့



www.burmeseclassic.com

www.burmeseclassic.com

အခေါ်မဟုတ်ဘူး၊ အဘွားလေးတော်တယ် ...၊ ခင်ဗျား အဘွားရဲ့ ညီမလေးဗျာ ...၊ တကယ်ဆွေမျိုးစပ်ရင် ခင်ဗျားဟာ ကျုပ်ရဲ့တူတော်တယ် ...၊ အသက်ချင်း မတိမ်းမယိမ်းပေမဲ့ ဝါအားဖြင့် ကျုပ်က ကြီးတယ် ...'' ဟု ပြောလေ၏။ ထိုအခါ ဒိဗ္ဗနိက –

''ဟုတ်မှာပါလေ ...၊ ကျုပ်က ဆွေမျိုးကောင်းကောင်းမစပ်တတ်ဘူးဗျ ...၊ ခင်ဗျားကို သယ်န်းကျွန်းဘက်ကို ခေါ်သွားမယ်၊ ပြီးတော့ ဘူတာအနားမှာရှိတဲ့ လူမနေနဲ့ မလဝါရီကုလားအိမ်ပေါ်ကို ခေါ်သွားမယ်၊ အဲဒီကျတော့မှ ဖယောင်းတိုင်ထွန်းပြီး တူအရီးနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ဝအောင်ကြည့်ကြတာပေါ့၊ ပြီးတော့မှ ဆွေအကြောင်း မျိုးအကြောင်း စကားတွေပြောကြတာပေါ့၊ ပြီးရင် ခင်ဗျားတည်းတဲ့ ဟိုတယ်ကို ပြန်ပို့ပေးမယ် ...'' ဟု ပြောလိုက်ရာ အဂ်ါမောင်မောင်သည် ကျေနပ်ယုံကြည်သွားလေ၏။ ထို့ကြောင့် –

''ကောင်းပါပြီ ငါ့တူရယ် ...'' ဟု ပြောလိုက်လေ၏။ ဒိဗ္ဗနိသည် သယ်န်းကျွန်းဘူတာအနီး အိမ်မည်းကြီးဆီသို့ ချည်းကပ်သောအခါ၌ ရထားလုံးကို လူရှင်းသောလမ်းဘက်မှ မောင်းခဲ့၏။ အိမ်မည်း ကြီးအနီးသို့ရောက်သောအခါ နှစ်ယောက်သား အမိုးပေါ်မှဆင်းကြ လေ၏။ အောက်သို့ရောက်သောအခါ ဒိဗ္ဗနိက အင်္ဂါမောင်မောင်၏ လည်ပင်းကို သိုင်းဖက်ထား၏။ အခြားသောလက်တစ်ဖက်ဖြင့်လည်း ထိုသူ၏နံကြားကို ဓားမြှောင်ဖြင့် ထောက်ထားလေ၏။ ထို့နောက် လမ်းထိပ်အစွန်ဆုံး၌ တိုက်တစ်လုံး၏ တံခါးဝတွင် ကုလားဒရဝမ်တစ်ဦး ထိုင်၍ ကင်းစောင့်နေသည်ကို တွေ့သဖြင့် ဒိဗ္ဗနိက ထိုသူ့ဆီသို့ တန်းတန်းမတ်မတ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူနှင့် တွေ့သောအခါ အဂ္ဂါမောင်မောင်၌ ပါလာသော သောက်လက်စ အရက်ပုလင်းကို ထိုသူအား ပေးလိုက်လေ၏။ ထိုသူလည်း ထိုအရက်ကိုသောက်ပြီးနောက် ၎င်းထိုင်နေသောအုတ်ခုံပေါ်၌ပင် မှူးယစ်၍ အိပ်မောကျသွားလေတော့၏။ ထိုအခါ၌ ဒီဗွန်သည် အဂ္ဂါမောင်မောင်အား အိမ်မည်းကြီး၏အနောက်ဘက်သို့ ခေါ်သွားပြီးလျှင် နောက်ဖေး လှေကားမှနေ၍ အပေါ်ထပ်သို့ တက်ခိုင်းလေ၏။ အပေါ်ထပ်သို့ ရောက်သောအခါ၌ ၎င်းတွင်ပါလာသော ဖယောင်းတိုင်ကို စားပွဲပေါ်တင်၍ ထွန်းလိုက်လေ၏။

ထိုသို့ထွန်းပြီးနောက် ၎င်း၏အိတ်အတွင်း ပါလာသော မအေး မေးတံဆိပ် ဆေးပေါ့လိပ်ကို မီးညှိရှိုက်ဖွာရင်း –

"ဦးလေးလည်း စီးကရက်ဗူးပါတယ်မဟုတ်လား ...၊ သောက်ပါ ...၊ ကျွန်တော် သိချင်တာတစ်ခုပဲမေးမယ် ...၊ ဦးလေး ခိုးယူလာတဲ့ မြေလျှိုးမိုးပျံဂိုဏ်းက လက်ယာစာအုပ်နဲ့ လက်ဝဲစာအုပ်ကို လိုချင်တယ်၊ အဲဒါ မရရင်တော့ အသက်ကို ရန်ရှာရမှာပဲ" ဟု ပြောလေ၏။ ထိုအခါ အဂ္ဂါမောင်မောင်က –

"အဲဒီအကြောင်းကို စောစောက မင်းပြောပါလားကွာ ...၊ ငါတည်းတဲ့ ဟိုတယ်အခန်းက ဗီရိုထဲမှာ ရှိတယ်ကွ ..." ဟု ပြောပြီးလျှင် အိတ်အတွင်းမှ ဗီရိုသော့ကိုထုတ်၍ –

"ဟောဒီမှာ သော့ ..." ဟု ဆိုကာ ဒီဗွန်၏မျက်နှာကို ပေါက်လိုက်လေ၏။ ဒီဗွန်လည်း ကျွမ်းကျင်စွာဖမ်းယူလိုက်ပြီးလျှင် –

"နောက်တစ်ခုမေးဦးမယ်၊ ဦးလေးရဲ့ဆရာ စနေမောင်မောင်နဲ့ ဦးလေးနဲ့ ရန်ကုန်မှာ ချိန်းပြီးတွေ့ကြတာမဟုတ်လား။ ပြီးရင် ခင်ဗျားတို့လူ



www.burmeseclassic.com

www.burmeseclassic.com



ခုတ လက်ဝဲကျွမ်းမှာပါတဲ့ မြေပုံအတိုင်း ရတနာပစ္စည်းတွေကို သွားပြီး ယူကြမယ်ပေါ့ ...၊ ဒါပေမဲ့ ဦးလေး မရပါဘူး၊ စနေမောင်မောင်တစ်ယောက်တည်း ယူသွားမှာပါ ...၊ ဦးလေးကိုတော့ သူက အပြီးရှင်းပစ်လိုက်မှာပါ ...၊ ကျုပ် သိချင်တာက စနေမောင်မောင် ဘယ်မှာရှိသလဲ၊ အဲဒါပြောပါ ...'' ဟု တည့်တိုးပင် မေးလိုက်လေတော့သတည်း...။ ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၆)

### သစ္စာနှင့်အသက်

"ဒီလိုရှိတယ် ငါ့တူရေ ...၊ ဦးလေးတို့လို လောကီပညာရှင်တွေဟာ အသက်သေရမှာကို မကြောက်ပါဘူး၊ ဒါပေမဲ့ သစ္စာပျက်မှာကိုတော့ ကြောက်တယ်၊ မင်းပြောတဲ့ စနေမောင်မောင်ဆိုတာ ငါ့ဆရာကွ..၊ သူ့ဆီမှာ တပည့်ခံတဲ့နေ့ကစပြီး ငါ့ကြောင့် သူ့အသက် မသေစေရဘူးလို့ သစ္စာရေသောက်ထားတယ်၊ ဒါ့ကြောင့် မင်း ကြိုက်သလိုလုပ် ..." ဟု ခပ်မာမာပင် ပြောလိုက်လေ၏။ ဒီဗွန်သည် ဆေးပေါ့လိပ်သုံးလိပ်ကုန်သည်အထိ အထက်ပါအတိုင်း ချော့တစ်လှည့်၊ ခြောက်တစ်ခါ မေးလေ၏။ မောင်မောင်လေးခေါ် အင်္ဂါမောင်မောင်ကလည်း အထက်ပါအတိုင်းပင် မပြောနိုင်ကြောင်း ငြင်းဆိုလေ၏။ ထိုအခါ ဒီဗွန်က –



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားက သစ္စာစောင့်သိသလို ကျုပ်မှာလည်း သစ္စာရှိတယ်ဗျ…၊ ကျုပ်ရဲ့ပထွေး ကျုပ်ရဲ့ဆရာ ဘူတာဝါဟာနကို မြေလှျိုး မိုးပျံဂိုဏ်းရဲ့ ရန်သူတွေကို လက်စားချေသုတ်သင်ရှင်းလင်းပါ့မယ်လို့ မြေကြီးကိုကိုင်ပြီး သစ္စာဆိုထားတယ်ဗျ …၊ ကျုပ်ကလည်း အဲဒီ သစ္စာအပျက်မခံနိုင်ဘူး။ အဲဒီအတွက်မပြောရင်တော့ ခင်ဗျားရဲ့အသက်ကို ယူရမှာပဲ" ဟု ပြောလိုက်လျှင် အင်္ဂါမောင်မောင်က အံကိုကြိတ်၍ –

"ယူကွာ …" ဟု တစ်လုံးတည်းဖြေလိုက်လေ၏။ ထိုအခါ ဒိဗ္ဗန်လည်း အင်္ဂါမောင်မောင်၏အရှိက်ကို လက်သီးဖြင့် အားထည့်၍ ထိုးလိုက်ရာ အင်္ဂါမောင်မောင်သည် 'အင့်'ကနဲ တစ်ချက်အော်၍ အသက်မရှုနိုင်တော့ဘဲ သေဆုံးသွားလေတော့သတည်း။ ထိုအခါ၌ ဒိဗ္ဗန်သည် ရထားလုံးရှိရာသို့ ပြန်လျှောက်လာပြီးလျှင် အင်္ဂါမောင်မောင်တည်းခိုသော ဟိုတယ်သို့သွားကာ နောက်ဖေးသံလှေကားမှနေ၍ အင်္ဂါမောင်မောင်တည်းသော အခန်းသို့ ရောက်အောင်တက်သွားလေ၏။

ထိုအခန်းသို့ရောက်သောအခါ အင်္ဂါမောင်မောင်ထံမှ ရခဲ့သော သော့တွဲဖြင့် ဘီရိုတံခါးကို ဖွင့်ပြီးလျှင် သားရေဖုံးဖြင့် ချုပ်လုပ်ထားသော စာအုပ်ထူထူကြီးနှစ်အုပ်ကို နှိုက်ယူလိုက်လေ၏။ ထို့နောက် စာအုပ်ဖုံးများကိုကြည့်လိုက်ရာ တစ်ခုသော စာအုပ်အဖုံးမှာ ညာလှည့်စကြာပုံကို ရွှေရောင်ဖြင့် ရိုက်ထားပြီး တစ်ခုသော စာအုပ်ဖုံးမှာ ဘယ်လှည့်စကြာပုံကို ငွေရောင်ဖြင့် ရိုက်ထားသည်ကို တွေ့ရလေ၏။

အတွင်းမှစာရွက်များကို လှန်လှောကြည့်ရှုရာ ပညာရပ်များကို ဟိန္ဒူစာဖြင့် ရေးထားပြီး တစ်ခုသောစာအုပ်ကို လှန်လှောကြည့်ရှုရာ ရတနာမြေပုံအညွှန်းများကို ဟိန္ဒူစာဖြင့် ရေးထားကြောင်း တွေ့ရလေ၏။ ဒိဗ္ဗန်သည်



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်နှစ်အုပ်ကို ရသောအခါ၌ တက်ခဲ့သော သံလှေကားမှ ပြန်၍ဆင်း လာပြီးလျှင် ရထားလုံးဖြင့်ပင် နာတာရမ်း၏ တဲသို့ ပြန်ခဲ့လေ၏။

ထို့နောက် နာတာရမ်းအား နှုတ်ပြီးလျှင် ထိုစာအုပ် နှစ်အုပ်အား အိန္ဒိယပြည်၊ ဝေဇာဂမ်းဘူတာအနီး တူရကီးရားရွာသို့ သွားရောက်ကာ ၎င်း၏ပထွေးဖြစ်သူ ဘူတာဝါဟာနလက်တွင်းသို့အပ်ရန် အသေးစိတ် ညွှန်ကြားလေ၏။ နာတာရမ်းလည်း ဒိဗ္ဗန်မှာသည့်အတိုင်း ပုသိမ်သင်္ဘော ဆိပ်သို့သွားကာ ရွက်သင်္ဘောကြီးဖြင့် ကာလကတ္တားမြို့ ဖောင်ရာဆိပ်ကမ်း သို့ လိုက်ပါသွားလေ၏။

ကာလကတ္တားဘူတာမှတစ်ဖန် ဂရာဘူတာသို့ ဆက်လက်လိုက် ပါလေ၏။ ဂရာဘူတာရောက်လျှင် ဝေဇာဂမ်းဘူတာသို့ ရထားဖြင့်ပင် ခရီး နှင်ခဲ့လေ၏။ ဝေဇာဂမ်းဘူတာသို့ရောက်လျှင် မြင်းလှည်း ငှား၍ တူရကီး ရားရွာသို့ ခရီးဆက်ခဲ့ပြန်၏။ တူရကီးရားရွာသို့ရောက်လျှင် ဒိဗ္ဗန်၏ပထွေး သို့မဟုတ် ဆရာဖြစ်သူ ဘူတာဝါဟာနနှင့်တွေ့ဆုံကာ ထိုကျမ်းစာအုပ်ကြီး နှစ်အုပ်ကို အပ်နှံလိုက်လေတော့၏။

ဘူတာဝါဟာနလည်း ထိုကျမ်းစာအုပ်ကြီးကိုမြင်လျှင် ဝမ်းသာလွန်း ၍ ထ၍ပင်ခုန်လေ၏။ ပြိုကွဲလွင့်စင်သွားသော အဖွဲ့ဝင်များအား ယခုသော မည့် တန်ဆောင်မုန်းလတွင် တွေ့ဆုံနေကျနေရာတွင် တွေ့ဆုံရန် ဆက် သွယ်လေတော့၏။ အဖွဲ့ဝင်များလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြလေ၏။ ဘူတာဝါဟာနက နာတာရမ်းအား –

"ဒိဗ္ဗန်ကော ..." ဟု မေးရာ နာတာရမ်းက –

"အင်္ဂါမောင်မောင်ကိုတော့ ရှင်းပြီးပြီ၊ သူ့ဆရာ နေမောင် မောင်ကိုရှင်းဖို့ ဟိုမှာပဲကျန်ခဲ့သေးတယ် ..." ဟု နာတာရမ်းက ဖြေလိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဘုတာဝါဟာနက –

"စနေမောင်မောင်ကို မရှင်းရဘဲ အဖမ်းခံသွားရရင်တော့ ငါ့သား လေးဒိဗ္ဗန်ဟာ စက်တိုင်တက်ရတော့မယ်၊ အဲဒီလိုဆိုရင်တော့ သူ့အမေ ကရုဏာဟာ နှလုံးကွဲပြီးသေသွားလိမ့်မယ်၊ အတော့်ကို ယောက်ျားပီသတဲ့ သားလေးတစ်ယောက်ပဲ၊ သူ့ရဲ့ကြိုးပမ်းမှုကြောင့် တို့အဖွဲ့ကြီး ပြန်ပြီး ရပ်တည်နိုင်ပြီ ...၊ သူ့ကျေးဇူးကို တို့က မေ့လို့မဖြစ်ဘူး ..." ဟု တိုး တိုးညင်ညင်လေး ရေရွတ်လေ၏။

ထို့နောက် နာတာရမ်းပြန်နိုင်ရန်အတွက် ခရီးစရိတ် လုံလောက် အောင် ထုတ်ပေးပြီးလျှင် အန္တရာယ်ကြီးကြောင်း၊ သတိဝီရိယ ရှိရန်ဖြစ် ကြောင်း နာတာရမ်းမှတစ်ဆင့် ပြောပေးရန် မှာကြားလိုက်လေ၏။

နာတာရမ်းလည်း လာလမ်းအတိုင်းပြန်ခဲ့ရာ ရန်ကုန်မြို့ ၎င်း၏ နေအိမ်တဲရှိရာ ဒိုဘီလိုင်းသို့ ရောက်ခဲ့လေတော့၏။ စာအုပ်ကြီးနှစ်အုပ်ကို ဘူတာဝါဟာနအား ပေးအပ်ပြီးကြောင်း ပြောပြလေ၏။ ဘူတာဝါဟာနမှ သတိဝီရိယနှင့်နေရန် မှာကြားပုံကိုလည်း ဒိဗ္ဗန်အား ပြောပြလေ၏။ ထို့ နောက် နာတာရမ်းက ဒိဗ္ဗန်အား –

"ဒီမှာ မိတ်ဆွေဒိဗ္ဗန် ...၊ မြန်မာပြည်မှာ ပုလိပ်တွေ အများကြီး ရှိပါတယ်၊ ဒါပေမဲ့ စိုးရိမ်စရာ မလိုပါဘူး၊ အဲဒီအထဲမှာတော့ ဆာပု လင်းနှင်းမောင်ဆိုတဲ့ ပုလိပ်စုံထောက်တစ်ယောက်ကို အထူးသတိထား ရမယ်နော် ..." ဟု အစချီကာ ဆာပုလင်းနှင်းမောင်၏ တော်ပုံတတ်ပုံ အကင်းပါးပုံတို့ကို ၎င်းကြားဖူးသမျှ ပြောပြလေ၏။ ထိုအခါ ဒိဗ္ဗန်က –

"နာတာရမ်း ...၊ မင်းပြောသလို တော်တယ်ဆိုရင်တော့ ဒီလူ ကို ငါချစ်တယ်ကွာ ...၊ ပြီးတော့ စိတ်သဘောထားလည်း မြင့်မြတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကြားရပြန်တော့ မချစ်ဘဲနေလို့ကိုမရဘူး ...'' ဟု ပြောလေ၏။

တစ်နေ့တွင် ဒိဗ္ဗန်သည် နာတာရှမ်း၏တဲအတွင်း၌ အိပ်နေ၏။ နာတာရှမ်းက –

"ဒိဗ္ဗန် ထ ... ထ ...၊ ဟောဟိုမှာ မော်တော်ကားတစ်စီး လာ ရပ်ပြီ၊ အဲဒါ ခင်ဗျားကို ဖမ်းမယ့်လူတွေပဲ၊ ဆင်းလာကြပြီ ...၊ ဆင်းလာ ကြပြီ ..." ဟု ဆိုသဖြင့် ဒိဗ္ဗန်လည်း တဲအတွင်းမှနေ၍ တဲဆီသို့ ဆိုက် ဆိုက်မြိုက်မြိုက်လာနေသော စုံထောက်များကို ချောင်းကြည့်ပြီးလျှင် –

"နာတာရှမ်းရေ ...၊ ဟိုနှစ်ယောက် သေနတ်တွေတောင် ထုတ် ကိုင်လာတယ်၊ တွေ့တာနဲ့ ပစ်မယ့်သဘောပဲ ...၊ ကျုပ်မှာက သေနတ် တစ်လက်ရှိတယ် ..."ဟု ဆိုကာ ဖွက်ထားသော သေနတ်ကို ထုတ်၍ ကိုင်လေ၏။ နာတာရှမ်းသည် ၎င်းတို့တဲဆီသို့လာနေသော လူများကို ကြည့်ကာ –

"အဲဒီသေနတ်ထုတ်ပြီးကိုင်လာတဲ့လူတွေက အရေးမကြီးပါဘူး၊ သေနတ်မကိုင်ဘဲ ပါးစပ်မှာ ဆေးလိပ်ခဲပြီးလျှောက်လာတဲ့ လူက အရေး ကြီးတယ် ...၊ ကျုပ်ပြောတဲ့ ဆားပုလင်းနှင်းမောင်ဆိုတာ သူပဲ ..." ဟု ပြောလိုက်လျှင် ဒိဗ္ဗန်သည် သူ၏သေနတ်အတွင်းမှ ကျည်ဆန်များကို စစ်ဆေးလိုက်လေ၏။ ထိုအခါ နာတာရှမ်းက –

"ခင်ဗျား သူ့ကို ပစ်သတ်မလို့လား ..." ဟု မေးလိုက်ရာ ဒိဗ္ဗန်က –

"ဆားပုလင်းနှင်းမောင်ကိုလား ...၊ ကျုပ် ပစ်မသတ်ပါဘူး ဒီ လောက်တော်တဲ့လူကို ကျုပ်ချစ်တယ် ...၊ ဘယ်တော့မှ သူ့ကိုမသတ် ဘူး၊ သူက ကျုပ်ထက်လျင်လို့ ကျုပ်ကိုဖမ်းပြီး စက်တိုင်ကိုပို့ချင်ပို့ပါစေ



www.burmeseclassic.com

www.burmeseclassic.com



... ကျွန်ုပ်ကတော့ သူ့ကို မသတ်ဘူး၊ အဲဒါ ကျုပ်ရဲ့ သစ္စာတရားပဲ ...”
ဟု ဆိုကာ ဒေသနက်တွင်းမှ ကျည်ဆန်များကို သွန်ချလိုက်လေ၏။ ပြီးလျှင် [illegible]အား တဲအနောက်ဘက်မှ ထွက်သွားရန် ညွှန်ပြပြီးလျှင် ၎င်းက မှ မြေဖြူခဲတစ်ခဲကိုယူ၍ ပြောင်ထင်းနေသော မြေကြီးပေါ်တွင် အောက်ပါစာ ကို ရေးသားလိုက်လေတော့၏။

ထိုသို့ရေးသားပြီးလျှင် တဲအနောက်မှနေ၍ ကြောင်တစ်ကောင်၏ လျင်မြန်ခြင်း၊ ခြေလုံခြင်းတို့ဖြင့် ထွက်ခွာပျောက်ကွယ်သွားလေတော့သတည်း ...။

To

Dear Nhin Maung,

Law is for the Society.

Love and hate is for the individual.

I Love You.

Date Ban

ထိုနှစ်တန်ဆောင်မုန်းလပြည့်နေ့တွင် ဟိမဝန္တာတောစပ်၌ မြေလျှိုးမိုးပျံအဖွဲ့သားများသည် ပြန်လည်ဆုံဆည်းမိကြလေ၏။ နံနက်အရုဏ်တက်သောအခါ ဖယောင်းတိုင်များ ထွန်းညှိကာ ဘုရားမီးပူဇော်ကြလေ၏။ အဖွဲ့ပြန်လည်ရှင်သန်ခြင်း အထိမ်းအမှတ်ကို ဘူတာဝါဟန္ဒ စကားပြောလေ၏။ အဖွဲ့သားများသည် တံပိုးခရာများ မှုတ်ကြလေ၏။ ထိုအချိန်

www.burmeseclassic.com






၌ မြန်မာပြည်ရန်ကုန်မြို့ရှိ အကျဉ်းထောင်ကြီးတစ်ခု၏ ကြိုးစင်ပေါ်တွင် ဒိဗ္ဗန်သည် ကြိုးပေးခံရ၍ အသက်ပျောက်သွားပြီဖြစ်လေတော့သတည်း။ မသေမီ၌ ဒိဗ္ဗန်၏ပါးစပ်မှ –

''ငါဟာ ငါတာဝန်ယူထားတဲ့အလုပ်ကို တာဝန်ကျေအောင် လုပ်နိုင်တယ်၊ တာဝန်ကျေတဲ့ယောကျ်ား ...''ဟု အသံနက်ကြီးဖြင့် ကြွေးကြော်သွားလေတော့သတည်း။

ရင်း၏မိခင်ကရုဏာမှာမူ သားကလေးဒိဗ္ဗန်အတွက် မြေကြီးပေါ်တွင် ပဋ္ဌာမြေလူးဖြစ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေသည်ဖြစ်ရာ ဆရာဘုတာဝါဟာနနှင့် အဖွဲ့သားများက ဝိုင်းဝန်းဖေးမကာ ချော့မော့နေရလေတော့သတည်း ...။ ။





www.burmeseclassic.com